ဒေါင်းပျိုစာပေ

# နေပြည်တော်ကြီး သိပါလေစ

ခွန်းဆင့်သူသူ

# နေပြည်တော်ကြီး သိပါလေစ

## ခွန်းဆင့်သူသူ



သူ့စာတွေက ကဏ္ဍစုံလင်သည်။ စာဖတ်ခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာ၊ ပညာရေးစနစ်နှင့် ပတ်သက်သည့် သူ့အမြင်၊ ဆင်းရဲနွမ်းပါးခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာ၊ သူ့အမြင် သူ့ခံစားချက်များကို စုံနေအောင် ဖတ်ရသည်။ နိုင်ငံရေး အတွေးအခေါ်လည်းပါ၊ ဘာသာရေး ခံယူချက်နှင့် ယုံကြည်မှုလည်းပါ၊ ကိုယ်ရေးကိုယ်တာ အတွေ့အကြုံတွေကို အများနှင့်သက်ဆိုင်သည့် ဆင်ခြင်စရာတွေအဖြစ် ပြောင်းလဲပုံဖော်ပြီး ရေးသွားသည်ကို တွေ့ရသည်။ မထင်မှတ်သည့် ရှုထောင့်မျိုးကနေ မြင်တတ်၊ ရေးတတ်သည်ကို တွေ့ရသည်။

*ဂျူး ၏ အမှာစာ...မှ။*

# နေပြည်တော်ကြီးသိပါစေသော

## ခွန်းဆင့်သူသူ

**ဒေါင်းပျံ့စာပေတိုက်**
အမှတ်(၄၄၃)၊ အောင်သစ္စာလမ်း၊ ကြီးပွားရေးတောင်ပိုင်း၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၁၁၆၂၆၀၃

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသည့်ခုနှစ်၊ လ** - ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ

**ထုတ်ဝေသည့်အကြိမ်** - ပထမအကြိမ်

**အုပ်ရေ** - ၁၀၀၀

**ထုတ်ဝေသူ** - ရွှေပေစာအုပ်တိုက်၊ ဦးနိုင်မိုး (၀၀၁၇၅)
ကျောက်ကုန်းလမ်း၊ ၁၄-ရပ်ကွက်၊ ရန်ကင်း။
ဖုန်း-၀၉ ၄၀၂၅၀၅၀၂၉၊ ၀၉ ၇၉၈၄၄၃၅၃၈

**ပုံနှိပ်သူ** - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)
ဦးအောင်ဇော်၊ အမှတ် (၈)၊ အိမ်ကြီးလမ်း၊
ရေကျော်၊ ပုဇွန်တောင်။

**မျက်နှာဖုံးဒီဇိုင်း** - ဇဂျီလင်းဝဏ္ဏ

**မျက်နှာဖုံးဖလင်** - Eagle

**အတွင်းအပြင်အဆင်** - ပုံရိပ်ရှင်

**တန်ဖိုး** - ၁၅၀၀ ကျပ်

၈၀၈.၈၄

ခွန်းဆင့်သူသူ

နေပြည်တော်ကြီး သိပါလေစ၊ ခွန်းဆင့်သူသူ၊ - ရန်ကုန်။
ရွှေပေစာအုပ်တိုက်၊ ၂၀၁၅။

စာ-၁၄၀၊ ၁၂.၅ × ၁၈.၅ စင်တီ

(၁) နေပြည်တော်ကြီး သိပါလေစ

## မာတိကာ


❐ ဂျူး၏ အမှာစာ ၇
❐ အားမာန်၏ အမှာစာ ၁၁
၁။ အကောင်းဆုံးလမ်း ၁၃
၂။ စာကြည့်တိုက်နှင့်ပြည်သူ ၁၅
၃။ ငရဲဆိုတာကြောက်စရာပါ ၁၇
၄။ သေမင်းကိုဈေးဆစ်ခြင်းမဟုတ်ပါ ၂၀
၅။ အသက်ရှင်ဖို့ထက် ကောင်းတာလုပ်ဖို့အရေးကြီးတယ် ၂၃
၆။ လူများ၊ စာအုပ်များ ၂၇
၇။ ဥယျာဉ်မှူး ၃၁
၈။ ဖေးကူမည့်လက် ၃၃
၉။ သူရဲကောင်း ၃၆
၁၀။ ကြွပ်ကြွပ်အိတ်တော်လှန်ရေး ၃၉
၁၁။ ၇၉ ထစ် ၄၂
၁၂။ ရွက်ကျပင် ၄၅
၁၃။ မိုးမျှော်ပန်း ၄၉
၁၄။ သရက်ကင်းကလေးတွေ ၅၂
၁၅။ ကာဗွန်ခြေရာ ၅၅
၁၆။ မုန်တိုင်းဆိုတိုင်းကြောက်စရာလား ၅၈
၁၇။ အသိုက်ပျက်တဲ့ငှက်ကလေး ၆၂
၁၈။ ရပ်ကွက်ထဲကပိုး ၆၅

၁၉။ အိမ်ပြန်ငှက် ၆၈
၂၀။ အဖျား ၁၀၈ ၇၁
၂၁။ မေတ္တာနှင့်ပေါင်းသင်းခြင်း ၇၄
၂၂။ ကျွန်မရေးသည် ၇၈
၂၃။ ဤခရီးနီးသလား ၈၁
၂၄။ အမေနေကောင်းသားဆုတောင်း ၈၄
၂၅။ နှုတ်ဆက်ခြင်း ၈၇
၂၆။ ကိုယ်ပိုင်ကမ္ဘာလေးတည်ဆောက်ကြမယ် ၉၁
၂၇။ အချိန်တွေပြန်ပေးပါ ၉၄
၂၈။ ညောင်ရေအိုးရေလဲကြသူများ ၉၇
၂၉။ ဘာတွေကိုယုံကြည်ရမလဲ ၁၀၀
၃၀။ နေပြည်တော်ကြီးသိပါလေစ ၁၀၂
၃၁။ သဘာဝရဲ့လက်ဆောင် ၁၀၆
၃၂။ ထေရဝါဒဗုဒ္ဓဘာသာ ၁၀၉
၃၃။ သူ့ရဲကောင်းတွေအလိုရှိတယ် ၁၁၃
၃၄။ ဆင်းရဲခြင်းပြဿနာ ၁၁၆
၃၅။ သတိ အညာကိုင်တတ်သည် ၁၁၉
၃၆။ ခြင်တစ်ကောင်အတွက် သေဒဏ် ၁၂၂
၃၇။ ဖခင်ဗိုလ်ချုပ် ၎င်မယ့်ဓာတ် ၁၂၅
၃၈။ ဆံပင်ဖြူတော်လှန်ရေး ၁၂၉
၃၉။ ယုန်ထောင်ကြောင်မိနဲ့ ကြံ့ခိုင်လို့ကောင်းတုန်း ၁၃၂
၄၀။ တံမြက်စည်းလှည်းခြင်း ၁၃၆

# အမှာစာ

ခွန်းဆင့်သူသူ၏ ဆောင်းပါးများကို လွန်ခဲ့သည့် လေးငါးဆယ်နှစ် လောက်ကတည်းက ဆဲဗင်းဒေးဂျာနယ်တွင် တစ်ပုဒ်စ နှစ်ပုဒ်စ ဖတ်ခဲ့ရ သည်ကို ကျွန်မ မှတ်မိနေသည်။ စာအုပ်အဖြစ် ထုတ်ဝေမည်ဆိုလျှင် စာဖတ်သူ အတွက် စာအုပ်ကောင်းလေးတစ်အုပ်ရမှာပဲဟု တွေးမိသည်ကိုလည်း ကျွန်မ မှတ်မိနေပါသည်။ အခု စာအုပ်အဖြစ် စုစည်းလိုက်သည့်အတွက် ကျွန်မ လှိုက်လှဲစွာ ကြိုဆိုမိပါသည်။

တိုတိုရှင်းရှင်းနှင့် လိုအပ်သလောက်သာ ဖွဲ့နွဲ့ပုံဖော်သဖြင့် ကျစ်လစ် နေသည့် သူ့အရေးအသားက အချိန်ရှားပါးလှသော ယနေ့ခေတ် စာဖတ်သူ များနှင့် လိုက်လျောညီထွေ အဆင်ပြေမည်ဟု ထင်ပါသည်။ အခြေခံပညာ အထက်တန်း မြန်မာစာသင်ရိုးတွင် လိုရင်းတိုရှင်းဖြတ်တောက်ပေးဖို့ သံခိပ် မေးခွန်းတွေကြုံတိုင်း အချို့သော နာမဝိသေသနတွေ ကြိယာဝိသေသနတွေကို ဖြုတ်ပစ်ရမှာ တွန့်ဆုတ်တတ်သဖြင့် အမှတ်ပြည့်မရတတ်သူ ကျွန်မအတွက် တော့ ခွန်းဆင့်သူသူ၏ အချို့သော ဆောင်းပါးတို့ကို သည့်ထက်ပိုပြီး သီကုံး ဖွဲ့နွဲ့စေချင်သည်။ သိုင်းသိုင်းဝိုင်းဝိုင်းလေး အရသာခံ ဖတ်ချင်မိသည်။

သူ့စာတွေက ကဏ္ဍစုံလင်သည်။ စာဖတ်ခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာ၊ ပညာရေးစနစ်နှင့် ပတ်သက်သည့် သူ့အမြင်၊ ဆင်းရဲနွမ်း ပါးခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာ၊ သူ့အမြင်သူ့ခံစားချက်များကို စုံနေအောင်ဖတ်ရသည်။ နိုင်ငံရေးအတွေးအခေါ်လည်းပါ၊ ဘာသာရေး ခံယူ ချက်နှင့် ယုံကြည်မှုလည်းပါ၊ ကိုယ်ရေးကိုယ်တာ အတွေ့အကြုံတွေကို အများနှင့်သက်ဆိုင်သည့် ဆင်ခြင်စရာတွေအဖြစ် ပြောင်းလဲပုံဖော်ပြီး ရေး

သွားသည်ကိုတွေ့ရသည်။ မထင်မှတ်သည့် ရှုထောင့်မျိုးကနေ မြင်တတ်၊ ရေးတတ်သည်ကို တွေ့ရသည်။ ဥပမာ 'သရက်ကင်းကလေးတွေ' ဆိုသည့် ဆောင်းပါး။ ကျွန်မလည်း သရက်သီးငယ်ငယ်လေးတွေကို တို့စရာအဖြစ် စားရတာ အလွန်နှစ်သက်ပါသည်။ အခုလက်ရှိ ကျွန်မနေနေသည့် ခြံထဲတွင် သရက်သီးလေးတွေ လေတိုက်ခတ်သဖြင့် အချိန်မတိုင်မီ အကင်းဘဝဖြင့် ကြွေကျနေတာကို ကောက်စားဖြစ်တာလည်း အမြဲတမ်းပါပဲ။ သို့သော် သရက်ကင်းလေးတွေကို ခွန်းဆင့်သူသူ မြင်သည့် အမြင်မျိုးဖြင့် လူ့ဘဝနှင့် ထင်ဟပ်မကြည့်မိခဲ့ဘူးလားမသိ။ တော်တော်တော့ အတွေးကြွယ်သည့် စာရေးဆရာမပဲဟု ကျွန်မမှတ်ချက်ချမိသည်။

လူတစ်ယောက်၏ စာကိုဖတ်လျှင် သူ့ဘဝအမြင်ကို ယေဘုယျအကဲခတ်လို့ရသည်ဆိုပါက ခွန်းဆင့်သူသူ၏ ဘဝအဓိပ္ပာယ်နှင့် ဘဝအမြင်ကို ဤစာအုပ်ဖြင့် ကျွန်မခန့်မှန်းကြည့်နိုင်မည် ထင်ပါသည်။

စာကြည့်တိုက်နှင့် ပြည်သူဆောင်းပါး၊ လူများစာအုပ်များ ဆောင်းပါး တို့အရ ခွန်းဆင့်သူသူသည် စာအုပ်စာပေကို သာမန်ထက်ပိုပြီး သံယောဇဉ်ကြီးသူဖြစ်မည်ဟု ကျွန်မခန့်မှန်းသည်။ စာမဖတ်ကြတော့ဘူးလားဟု ညည်းညူကြသည်ကို နေရာတကာတွင် ကြားနေရသည့်အချိန်မှာ သူ့ ဆောင်းပါးသည် စာဖတ်ခြင်းနှင့်ပတ်သက်သည့် အခက်အခဲများကို ကျွန်မတို့ ခွဲခြမ်းစိတ်ဖြာတွေးမိအောင် လှုံ့ဆော်ပေးပါသည်။ ဘယ်လိုအကြောင်းရင်းတွေကြောင့် ယနေ့ခေတ် မြန်မာပြည်သူလူထု စာဖတ်နည်းရသလဲ၊ ထိုအတွေးကို သူ့ထံမှာ ကျွန်မမြင်တွေ့ရသည်။ စာဖတ်ဖြစ်အောင် ဘယ်လို အခြေအနေတွေနှင့် ပြည့်စုံရမလဲဟု ကျွန်မတို့ကို တွေးကြည့်စေသည်။ ခမ်းနားသည့် စာကြည့်တိုက်ကြီးတွေမှာ စာအုပ်တွေများပြားစုံလင်စေဦးတော့ စာဖတ်မည့်သူ နည်းပါးလျှင် စာကြည့်တိုက်အောင်မြင်မှုမရှိ၊ စာကြည့်တိုက်၏ အဓိပ္ပာယ်မပြည့်စုံသည်ကို သူလည်း ခဏခဏ တွေးမိပုံရသည်။

စာဖတ်ဖို့ဘယ်လို ဆွဲဆောင်ကြမလဲဆိုသည့်အချက်ကို သူပါဝင်ဆွေးနွေးရာတွင် စာထိုင်ဖတ်ဖို့မဆိုထားနှင့် ထိုင်ခုံနေရာမရ၊ မတ်တတ်ရပ်ဖို့တောင် ခက်ခဲအောင်ကြပ်နေသည့် ရန်ကုန်မြို့၏ ခရီးသည်တင် ဘတ်စ်ကားများအကြောင်းကိုပါထည့်ပြီး ရေးသားထားသည်မို့ စိတ်ဝင်စားဖွယ်ကောင်းလေသည်။ အိမ်ကနေထွက်လာရာမှ ဦးတည်ရာ ကျောင်း၊ ရုံး၊ အလုပ်သို့ ရောက်သည်အထိ ကြာမြင့်သည့်အချိန်တွေ၊ အပြန်မှာကြာသည့်အချိန်တွေ

စုစုပေါင်း နှစ်နာရီသုံးနာရီ။ ထိုအချိန်သည် လူတစ်ယောက်စာအုပ်တစ်အုပ်နှင့် မွေ့လျော်ဖို့လုံလောက်သည့် ကြာမြင့်ချိန်ဖြစ်သည်။ ဘယ်လောက်များနှမြောဖို့ကောင်းသည့် အချိန်တွေလဲ။ နေ့စဉ်လှုပ်ရှားနေရသည့် သာမန်ပြည်သူလူထု၏ အခက်အခဲများကိုဝင်ခံစားပြီး ရေးထားသည်မို့ ကျွန်မတို့ကိုသူနှင့်အတူ တွေးမိအောင် ဆွဲဆောင်နိုင်သည့် ဆောင်းပါးဖြစ်ပါသည်။

ကျွန်မ သိပ်သဘောမတွေ့သည် ဆောင်းပါးတစ်ပုဒ်တော့ ပါလေရဲ့။ ငရဲဆိုတာ ကြောက်စရာပါဆိုသည့် ဆောင်းပါးမှာတော့ ကျွန်မနှင့်စာရေးသူစိတ်သဘောချင်း မတိုက်ဆိုင်ပေ။ သူ့အိပ်မက်ကို သူ အဓိပ္ပာယ်ဖော်သည့်အတွေးသည် ကွယ်လွန်ပြီးသွားသော သူ့အဘွား၏အခွင့်အရေးကို ထိခိုက်မိသွားလေမလားဟု ကျွန်မ စိုးရိမ်မိသည်။ သူ့အဘွား၏ လားရာဂတိကို သူအဲဒီလို ကောက်ချက်ချခွင့်ရှိသလာ။ အိပ်မက်အဓိပ္ပာယ်ဖော်မှု၏ အမှန်အမှားကို ဘယ်သူက ဆုံးဖြတ်မှာလဲ။ စိတ်ပညာ သဘောအရ အိပ်မက်တို့ကိုကောက်ချက် ချကြသလို ကျွန်မတို့ လူသာမန်တွေ မသိ မမြင်နိုင်သည့်သဘာဝလွန် ဖြစ်ရပ်တွေအဖြစ် ကောက်ချက်ချကြတာလည်း ကျွန်မ သိထားပါသည်။ စာရေးသူ မှန်ချင်လည်းမှန်မည်။ မှားချင်လည်း မှားမည်။ သို့သော် မဟုတ်ဘူး ဟုတ်တယ်ဟု ဖြေရှင်းခွင့် မရှိတော့သော အဘွားအတွက်ကျွန်မ စိတ်မကောင်း ဖြစ်ရသည်။ ကျွန်မ အတွေးခေါင်တာလည်း ဖြစ်နိုင်ပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာဟူသည့် ဆောင်းပါးကို ဖတ်လိုက်ရသည့်အခါ စာရေးဆရာမသည် စိတ်ထဲရှိသည့်အတွေးကို ဖွင့်လှစ်ပြောပြဖို့ စိတ်ဓာတ်ခိုင် မာသူ၊ သတ္တိရှိသူဖြစ်သည်ဟု ကျွန်မချီးကျူးမိသည်။ အခုတလော ကျွန်မတို့နိုင်ငံမှာ လူတိုင်းတွေတောဆွေးနွေးနေရသည့် မျိုးစောင့်ဥပဒေဆိုသည့်အကြောင်းအရာကို သူလည်းတွေးမိသည်ဟု သိသာစေသည့် ဆောင်းပါးပါ။ ထေရဝါဒဗုဒ္ဓဘာသာကို အလေးအနက် သိသွားသည့်အကြောင်းပြောပြနေသည့် သူ့ဆောင်းပါးတွင် သူ့ထုံးစံအတိုင်း ကောက်ချက်တစ်ခုကို ထိထိမိမိတိုတိုရှင်းရှင်းလေး ထည့်သွားခြင်းဖြစ်သည်။

ညောင်ရေအိုးလဲကြသူများဆိုသည့် ဆောင်းပါးကိုလည်း ကျွန်မနှစ်သက်သည်။ တော်လှန်ရေးအကြောင်းကို ကျွန်မလည်း မကြာခဏတွေးမိ၊ ရေးမိတတ်ပါရဲ့။ အိမ်ကဘုရားစင်ရှိ ညောင်ရေအိုးကို ပန်းအသစ်မလဲလျှင်တောင် ညောင်ရေအိုးထဲမှရေကို နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ လဲနေခဲ့ပါရဲ့။

ထိုနှစ်ခုကိုဆက်စပ်ပြီး မတွေးဖြစ်ခဲ့ပေ။ ခွန်းဆင့်သူသူက တွေးတောဆင်ခြင်ဖို့ အလွန်ပါရမီရှိသူဟုသာ ကျွန်မ ကောက်ချက်ချချင်သည်။

သဘာဝပတ်ဝန်းကျင်အကြောင်း၊ လူ့သဘာဝအကြောင်း၊ ကျန်းမာရေးအကြောင်း အကြောင်းအရာပေါင်းစုံကို ဟိုတစ်ကွက် ဒီတစ်ကွက် ပါဝင်ဆွေးနွေးသည်မှာ ခပ်ဖွဖွ၊ ခပ်သာသာ ထိတို့ရေးခြယ်သွားသည့် ကျွမ်းကျင်ပိုင်နိုင်သည့် ပန်းချီဆရာတစ်ယောက်လိုပဲဟု ပြောနိုင်မလားမသိပါ။

၇၉ ထစ်ဆိုသည့်ဆောင်းပါးမှာတော့ ကျွန်မနှင့် ခံစားချက် ဆင်တူနေလို့လားမသိ ကျွန်မ မျက်ရည်ရစ်ဝဲမိပါတော့သည်။ ဖေဖေ သက်တော်ရာကျော် ရှည်ပါစေသတည်း။

ဂျူး
(၂၀-၅-၂၀၁၄)

●●●

# အမှာစာ

စာဖတ်သူအဖြစ်မှ စာရေးဆရာမအဖြစ်သို့ ခြေတစ်လှမ်းချင်း လှမ်းခဲ့သူတစ်ဦး၏ ကြိုးပမ်းမှုနှင့် စေတနာတို့ ယခုစာအုပ်တွင် သင်တွေ့ရပါလိမ့်မည်။

7 Day News ဂျာနယ်သက်တမ်းတစ်လျှောက် ဆောင်းပါးစာမူများ ရေးသားကာ ကူညီခဲ့သော ဆောင်းပါးရှင်များတွင် စာရေးဆရာမ ခွန်းဆင့်သူသူလည်း ပါဝင်သည်။ ထို့အတူ 7 Day News ဂျာနယ်မှ မွေးထုတ်ပေးခဲ့သော ဆောင်းပါးရှင်များတွင်လည်း စာရေးဆရာမခွန်းဆင့်သူသူ ပါဝင်သည်ဟု ဆိုကလည်းဆိုနိုင်သည်။

7 Day News ဂျာနယ်နှင့် 7 Day Daily သတင်းစာတွင် ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း ရေးသားခဲ့သော ဆောင်းပါး ၃၉ ပုဒ်ကို ယခုစာအုပ်တွင် စုစည်းဖော်ပြထားသည်။ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် ရေးသမျှစာမူအားလုံးကို စာပေကင်ပေတိုင်ရုံးက စိစစ်ဖြတ်တောက်ခဲ့သောကာလနှင့် မိမိတာဝန်ယူနိုင်လျှင် ရေးလိုသမျှရေးသားနိုင်သောကာလ နှစ်ခုအောက်တွင် ရေးသားဖန်တီးထားသော ထုတ်ကုန်များဖြစ်၏။

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ၊ ဘက်ပေါင်းစုံမှ နိမ့်ကျနေသော တိုင်းပြည်တွင် အတိတ်မှအမှားများကို သင်ခန်းစာယူရန်၊ အလိမ်မခံရရန်၊ လူမျိုးမြှင့်တင်နိုင်ရန်အတွက် ပြည်သူများစာဖတ်ကြရန် စာရေးသူ၏ တိုက်တွန်းချက်များကို ဆောင်းပါးအများစုတွင် တွေ့ရပါလိမ့်မည်။

စိတ်ကူးယဉ် ဝတ္ထုများမဟုတ်သော်လည်း အခြေခံပြည်သူများ၏ ဘဝကို သတင်းစာဆရာရှုထောင့်မှ တင်ပြထားသော ဆောင်းပါးများက

ရသဆောင်းပါးကဲ့သို့ သင်၏ရင်ကို ရိုက်ခတ်စေပါလိမ့်မည်။ စာဖတ်သူကို ဆရာလုပ်၊ ဩဝါဒပေးခြင်းမျိုးမလုပ်ဘဲ ပြည်သူများ၏ဘဝ၊ ပြည်သူတို့၏ အခက်အခဲ၊ အသံမဲ့လူထု၏ စကားလုံးများကို ၎င်းတို့ကိုယ်စား ဖွင့်ဟထားသော၊ ရင်ဖွင့်ထားသော ဆောင်းပါးများက စာဖတ်သူအား ရင်ပေါ့သွားစေနိုင်သလို၊ ဦးနှောက်မှန်တိုင်းဆင်ရန် အချက်အလက်များကိုလည်း ချန်ထားခဲ့ပါလိမ့်မည်။

အားမာန်

● ● ●

# အကောင်းဆုံးလမ်း

'ဘဝမှာ ဘယ်လိုနေထိုင်နည်းဟာ အကောင်းဆုံးဖြစ်မလဲ၊ ဘယ်လိုနေရင်အကောင်းဆုံးလို့ မင်း ထင်သလဲ' တဲ့။ ကျွန်မချစ်ခင်လေးစားရတဲ့ ဆရာတစ်ယောက်ကမေးတယ်။ ဆရာ့ရဲ့အမေးကို ကျွန်မချက်ချင်းမဖြေနိုင်ခဲ့ဘူး။ ကျွန်မ တစ်ခါမှမတွေးဖူးတဲ့အတွေးပဲလေ။ ဘဝကိုနေတတ်သလို နေခဲ့မိတာ နှစ် ၄၀ ပြည့်တော့မယ်။ တစ်ခါမှ ဒီလို အလေးအနက် မစဉ်းစားမိခဲ့ဘူး။ ကျွန်မ တော်တော်နမော်နမဲ့နိုင်ခဲ့တာပဲ။ ကျွန်မက လမ်းတွေအများကြီးသာ လျှောက်နေတာ၊ ဘယ်လမ်းကောင်းမှန်း မသိသေးဘူး။

ကျွန်မတို့ဟာ လမ်းတွေ အများကြီး လျှောက်ခဲ့ကြတယ်၊ လျှောက်နေကြတယ်။ အချိန်တွေ အများကြီးကုန်ခဲ့ကြတယ်။ ဘယ်လမ်းက ခရီးပေါက်မလဲ။ ဘယ်လမ်းကြောင်းဟာ ကျွန်မတို့အတွက် အဆင်ပြေဆုံးလဲ၊ အကောင်းဆုံးလဲဆိုတာ၊ လမ်းလျှောက်နေတဲ့ကျွန်မတို့က သိထားရမှာပေါ့။ ရွေးချယ်တတ်ရမှာပေါ့။ ဒီလိုမှ ရွေးချယ်မထားဘူးဆိုရင် ကျွန်မတို့က လိုရာခရီးမပေါက်ဘဲ အချိန်ကြာ လူပင်ပန်းနဲ့ လမ်းကြောတွေ ရှည်နေဦးမှာပဲ၊ သံသရာတွေ ရှည်နေဦးမှာပဲ၊ မောပြီးရင်း မောနေဦးမှာပဲ။

ကျွန်မတို့ လူဖြစ်လာတဲ့တစ်ဘဝလေးမှာ ဘယ်လို နေထိုင်သွားကြမလဲ ဘယ်လိုနေထိုင်နည်းက ဘဝကို ငြိမ်းချမ်းစေမလဲ။ ကျွန်မတို့ဟာ ပါးစပ်ကသာ သံသရာရှည်မှာ ကြောက်တာ၊ လက်တွေ့မှာတော့ သံသရာကို ရှည်သထက်ရှည်အောင် ဆွဲဆန့်နေမိကြတယ်။ ကိုယ့်သားသမီး၊ ကိုယ့်ဆွေမျိုး၊ အသိုင်းအဝိုင်းနဲ့ချစ်ခင်တွယ်တာလို့ မဆုံးနိုင်အောင် ခံစားကြတယ်။ ကိုယ့်ခန္ဓာကိုယ်တောင် ထားခဲ့ရမယ့် ကျွန်မတို့ဟာ သူများခန္ဓာ၊ သူများရုပ်ဝတ္ထု

ပစ္စည်းတွေကို မက်မောမဆုံးဖြစ်နေကြတယ်။ ဒီစိတ်တွေဟာ လောဘတဏှာတွေဖြစ်စေမဲ့၊ မိစ္ဆာဒိဋ္ဌိတွေဖြစ်စေမဲ့ အကုသိုလ်တရားတွေပွားစေမယ့် လမ်းကြောင်းဆိုတာသိရင်တော့ ကျွန်မတို့ဟာ ရှောင်ရတော့မှာပေါ့။ သိလျက်နဲ့ (သို့) မသိချင်ယောင်ဆောင်ပြီး ဆက်လျှောက်ကြမလား၊ ဒါမှမဟုတ်လမ်းကြောင်းပြောင်းမလား။ မကောင်းဘူးဆိုတာ သိရင်တော့ ကျွန်မတို့ပြင်ရတော့မှာပါ။ ပြင်ဆင်ဖို့ (လမ်းဟောင်းကို သံယောဇဉ်ဖြတ်ပစ်ဖို့) အချိန်တော့ ယူရမယ်။ ဒီအတွက်သဘာဝတရားကြီးက ကျွန်မတို့ကိုအချိန်တွေ အလကားပေးထားပါတယ်။ အကျိုးရှိရှိနဲ့ အသုံးချတတ်ဖို့ကတော့ ကျွန်မတို့ဘက်က အခြေအနေပဲလေ။

ကျွန်မတို့အတွက် အကောင်းဆုံးလမ်းက ဘယ်မှာလဲ။ အချိန်ရှိတုန်းသက်လုံကောင်းကောင်းနဲ့ လျှောက်ကြရအောင်လား။ ဘဝမှာအကုသိုလ်တွေကင်းစေဖို့၊ လောဘတဏှာတွေ ငြိမ်းသတ်နိုင်ဖို့၊ ဝီစိကိစ္စာတွေ နည်းသည်ထက် နည်းစေဖို့၊ တရားဘာဝနာ ပွားများနိုင်ဖို့ဆိုတာ သစ်တစ်ပင်၊ ဝါးတစ်ပင်အောက်သွားပြီး တောထွက်နိုင်မှ မဟုတ်ပါဘူး။ တစ်ယောက်တည်းနေတတ်အောင် ကြိုးစားပြီး အရာရာကို ဥပေက္ခာမျက်စိနဲ့ကြည့်နိုင်ခြင်း၊ ကြည့်နေခြင်းဟာစိတ် ပြတင်းပေါက်ကိုမှန်သားပြင်လို ကြည်လင်စေမယ်၊ ဘဝကိုလည်း ငြိမ်းချမ်းမယ်။ လမ်းကြောလည်း တိုမယ်။ သံသရာလည်း ပြတ်နိုင်မယ်။ ဒီလမ်းကြောင်းဟာ ကျွန်မတို့အတွက် အကောင်းဆုံးပဲပေါ့။

ဒီတစ်ခါ ဆရာနဲ့တွေ့ရင်မေးဖို့ ကျွန်မ အဆင်သင့်ဖြစ်နေပြီ။

*7 Days, June 23, 2005.*

❁ ❁ ❁

# စာကြည့်တိုက်နှင့်ပြည်သူ

စာကြည့်တိုက်ပညာဟူသည် စာဖတ်သူ (User) သိလိုသော အကြောင်းအရာ အချက်အလက်များကို အချိန်တိုအတွင်းတွင် လွယ်ကူ၊ မှန်ကန်၊ မြန်ဆန်စွာ ရှာဖွေသိရှိနိုင်စေရန် စီစဉ်မှုပြုရသောပညာဖြစ်သည်။ ယနေ့ခေတ်တွင် စာကြည့်တိုက်ပညာဆိုသည်ကို သိရှိသူ အလွန်နည်းပါးနေသေးသည်။

စာကြည့်တိုက်ပညာကို မသိရှိစေဦးတော့၊ စာကြည့်တိုက်မှူးဆိုတာ ဘာကိုပြောတာလဲ မသိဘူးဟုဆိုသော အသက် ၁၈ နှစ်အရွယ် ကလေးမ တစ်ဦး၏စကားကိုကြားလိုက်ရသောအခါ ကျွန်မ ရင်တော်တော်အောင့်သွားပါသည်။ အဲဒီကလေးမလိုမျိုး ကျွန်မတို့တိုင်းပြည်တွင် ဘယ်နှယောက်လောက်ရှိနေကြလိမ့်ဦးမလဲ။

တိုင်းပြည်တစ်ပြည်မတိုးတက်မှု အဆင့်အတန်းကိုကြည့်ခြင်းအားဖြင့် ထိုတိုင်းပြည်ရှိပြည်သူများ၏ စာဖတ်သည့်အဆင့်အတန်းကို အကဲခတ်သိရှိနိုင်ပါသည်။ ပြည်သူများစာဖတ်သည့် အဆင့်အတန်းမြင့်မှ တိုင်းပြည်လည်း တိုးတက် မြင့်မားနိုင်ပေလိမ့်မည်။ စာမဖတ်သောအခါ ပြတင်းပေါက်တွေရှိလျက်နှင့် ဖွင့်မထားသောအိမ်တစ်လုံးကဲ့သို့ ဘာမှသိရ၊ မြင်ရမှာမဟုတ်ချေ။

စာကြည့်တိုက်လုပ်ငန်းသည် ဝန်ဆောင်မှုပေးရသော လုပ်ငန်းဖြစ်သည်။ ယခုလို Information Age ကြီးတွင်စာကြည့်တိုက်မှူးများသည် စာအုပ်တွေ ငှားပေးရုံ၊ ထိန်းသိမ်းစုဆောင်းထားရုံဖြင့် မလုံလောက်တော့ဘဲ ဗဟုသုတစာပေဟောင်းလေး အိုးကြီးသဖွယ် စာဖတ်နာသူများ ဖြစ်ကြရပါသည်။ စာရှာသူ (User)သိလို သောအကြောင်းအရာအချက်အလက်ကို မိမိက မသိရှိစေကာမူ သိစေနိုင်သော လမ်းကြောင်း (မည်ကဲ့သို့သော စာအုပ်၊ နေရာများ

တွင် ရှာဖွေတွေ့ရှိနိုင်ကြောင်း၊ သို့မဟုတ် အလားတူ အနီးစပ်ဆုံး တူညီနိုင်သည့် အချက်အလက်) ကို ညွှန်ကြားပေးနိုင်သောသူများ ဖြစ်ရပါမည်။

စာကောင်းပေကောင်းများ ရွေးချယ်စုဆောင်းတတ်ရမည့်အပြင် ဝန်ဆောင်မှုပေးချင်စိတ်ရှိသူများပီပီ ခေတ်ကို မျက်ခြည်ပြတ်မခံဘဲ ခေတ်၏ တောင်းဆိုမှု၊ ဆာလောင်မှုတို့ကို သိရှိနားလည်ကာ ခံစားဖြည့်ဆည်းပေးနိုင်သူများ ဖြစ်နေရမည်။ စာကြည့်တိုက်မှူးသည် စာဖတ်သူ လိုရာခရီးရောက်အောင် တံတားခင်းပေးသူ၊ တစ်နည်းအားဖြင့် စာဖတ်သူနှင့် ပြည်သူအကြား ပေါင်းကူးတံတားခင်းပေးသူဖြစ်သည်။

စာကြည့်တိုက်၏ အဆောက်အအုံသည် အဆောင်အထပ်ထပ်နှင့် ခမ်းနားထည်ဝါစွာ ရှိနေပါသော်လည်း၊ စာကြည့်တိုက်တွင် စာအုပ်များထောင်သောင်းများစွာရှိနေပါသော်လည်း အသုံးပြုမည့်စာဖတ်သူ (User) များနည်းပါးသေးလျှင် ထိုစာကြည့်တိုက်သည် အောင်မြင်သောစာကြည့်တိုက်ဟု သတ်မှတ်၍ မရနိုင်ပေ။ မိမိ၏စာကြည့်တိုက်ကို စိတ်ဝင်စားမှုရှိလာအောင်၊ အသုံးပြုသူများလာအောင် စည်းရုံးဆွဲဆောင်နိုင်ကြရမည်မှာ စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများ၏ တာဝန်ပင်ဖြစ်သည်။ စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများ Active ဖြစ်နေသလိုပြည်သူများ (User) ဘက်ကလည်း Active ဖြစ်ပါမှ စာကြည့်တိုက်သည်လည်း Active ဖြစ်လာပေလိမ့်မည်။

ကျွန်မတို့ဆီတွင် အောင်မြင်သော စာကြည့်တိုက်များ များစွာ လိုအပ်နေပါသေးသည်။ စာကြည့်တိုက်ဆိုသည့် စကားနှင့်ပြည်သူများ အကျွမ်းတဝင် ယစ်မူးမှုဖြစ်လာစေရန် ကျွန်မတို့တစ်တွေ အများကြီး ကြိုးစားကြရဦးမည်။ စာပေမြင့်မှလူမျိုးလည်းတင့်ကြမည် ဖြစ်ပေရာ မိမိ၏တိုင်းပြည်ကို အမှန်တကယ် ချစ်မြတ်နိုးပါသည်ဆိုလျှင် ပါးစပ်က အော်နေဖို့ရန်မလိုပါ။ ပြည်သူလူထုအားလုံး (လူကြီး၊ လူရွယ်၊ လူငယ်) စာများများဖတ်ကြရန်သာ လိုအပ်ပါသည်။ အထူးသဖြင့် အနာဂတ်၏ခေါင်းဆောင်ကောင်းများ ဖြစ်ကြရဦးမည့် လူငယ်များအနေဖြင့် စာဖတ်နာကြရလိမ့်မည်။

*7 Day, March 23, 2006*

●●●

# ငရဲဆိုတာကြောက်စရာပါ

ကျွန်မတို့ငယ်ငယ်တုန်းကမကောင်းမှုတွေကို မလုပ်မိ၊ မပြောမိစေရန် လူကြီးတွေကဆိုဆုံးမသောအခါ ကြားရလေ့ရှိသည့် စကားတစ်ခွန်းရှိသည်။ 'ငရဲကြီးလိမ့်မယ်၊ မကြောက်ဘူးလား' တဲ့။ လူကြီးမိဘတွေ၊ ဆရာသမား တွေ၏ ဆိုဆုံးမမှုဖြင့် ကြီးပြင်းလာခဲ့သော ကျွန်မသည် လိမ်တာ ညာတာ မကောင်းမှန်းသိ၍ လိမ်ညာဖို့ကိုဝန်လေးခဲ့ပေမဲ့၊ မကောင်းမှုတွေကို မလုပ် ဖြစ်အောင် အတတ်နိုင်ဆုံးရှောင်နိုင်ခဲ့ပေမဲ့ တကယ်တော့ ငရဲကျမှာစိုးကြောက် လွန်းလို့တော့ မဟုတ်ပါ။ ငရဲဆိုတာ ကိုယ်မမြင်ရ၊ မတွေ့ရတဲ့အနေအထား ဆိုတော့ အမှန်အတိုင်းပြောရလျှင် သိပ်မကြောက်ပါ။ လူကြီးတွေက ပိုပို သာသာ ခြောက်ပြောနေတာဖြစ်မှာဟု ကလေးအတွေးနှင့် ထင်ခဲ့မိသည်။

သူတို့တွေ ပြောတာကလည်း ကြည့်ဦးလေ။ မိုးပြဒယ်ကြီးတွေနဲ့ ဆီပူပူမှာ အကြော်ခံရတယ်တဲ့၊ (ငရဲပြည်မှာလည်း ဆီရှိသလား)။ သံရည်ပူ တွေကို ပါးစပ်ထဲ လောင်းထည့်တယ်၊ သံချွန်တွေနဲ့ထိုးတယ်၊ ဆူးတွေပေါ်မှာ ဖြတ်လျှောက် ခိုင်းတယ်၊ ကိုယ့်နောက်ကို ခွေးတွေလိုက်ဆွဲလို့ပြေးရတယ် စသည်ဖြင့် အမျိုးမျိုးတွေပြောကြပေမယ့် ကိုယ်မှမမြင်ရတာ။ တစ်ခေါက် လောက်တော့ ငရဲပြည်ကိုအလည်သွားပြီး သူများတွေရဲ့ ပက်ပက်စက်စက် ငရဲကျခန်းတွေကို ထိုင်ကြည့်ရရင်ကောင်းမယ်ဟု ငယ်ငယ်က စိတ်ကူး ကြည့်မိသေးသည်။

လူလတ်ပိုင်းရောက်လာတော့ လူမှုစီးပွားထဲတွင် မျောပါရင်း မအား မလပ်ဖြစ်နေသောကျွန်မသည် ညဘက်အိပ်ရာဝင်ခါနီးမှသာ ဘုရားကို ဦးသုံးကြိမ် (ကဆုန်ပေါက်)ကန်တော့ဖြစ်သည်။ အတွေးပေါင်းစုံကိုရပ်ကာ

ပက်လက်အ နေအထားနှင့်ပင် အိပ်မပျော်ခင်အထိ နှာသီးဖျားမှဝင်လေသိ၊ ထွက်လေသိ လေးလိုက်မှတ်ဖြစ်သည်။ တစ်ခါတစ်ရံ စိတ်ပါမှသာ ဂုဏ်တော် ပုတီးထိုင်စိပ် ဖြစ်သည်။ ဘုရားတရားအလုပ်ကို အာရုံစိုက်လုပ်ရန် သီးသန့် အချိန်မပေးခဲ့မိပါ။ မဖြစ်မနေ ကိုယ်လုပ်ရမည့်အလုပ်မှန်း သိသော်လည်း အချိန်တွေ ရှိပါသေးသည်ဟု ကိုယ့်ကိုယ်ကိုယ် ဆင်ခြေပေးကာ အပျင်းထူ နေမိသည်။ ငရဲဆိုတာကိုမေ့နေသော ကျွန်မသည် ဆုံးသွားပြီဖြစ်သော အဘွားကို အိပ်မက်တွေထဲတွင် မြင်ရသောအခါ အကြီးအကျယ် တုန်လှုပ်မိသွားပါသည်။

ပထမအကြိမ်တွင် အမြဲတမ်း လှလှပပနှင့်ကြော့ကြော့လေးနေတတ်သော အဘွားသည် အိပ်မက်ထဲတွင် အဝတ်နွမ်းများဝတ်ဆင်ထားပြီး မြေကြီး သယ်နေရသည်မှာ မပြီးသေးဘူးဟု ကျွန်မကို လာပြောပြသည်။

ဒုတိယအကြိမ်တွင် သံတိုင်များကြားတွင် အဘွားကရှိနေပြီး ဆံပင် ကဖားလျား၊ မျက်နှာကအဖွေးသားနှင့် ကြည့်လို့မကောင်းပါ။ ကျွန်မကို မိုက်ဆာလွန်းလို့ အစာကျွေးပါဟု ပြောသည်။ ကျွန်မကသံတိုင်တွေကြားမှ အဘွားရှိရာသို့ တုတ်ရှည်ရှည်နှင့် စားစရာကို လှမ်းပေးသော်လည်း အဘွား၏ အနားသို့မရောက်။ ကျွန်မအနားကိုလည်း အဘွားကလာလို့မရနှင့် အတော် စိတ်မချမ်းသာစရာ ကောင်းလှသည်။

နောက်တစ်ခါကျတော့ အဘွားက မောကြီးပန်းကြီးနှင့် ပြေးနေရသည်။ ပြေးနေသော်လည်း အဘွားကအပြင်သို့မရောက်။ ဘယ်လောက် ပြေးပြေး ထွက်ပေါက်မရှိဘဲ ပိတ်မိနေသည်။

ကျွန်မအနေနှင့် ဘာသာရေးဘက်ကို အာရုံစူးစိုက်စွာ လိုက်စားသူ မဖြစ်သေးသော်လည်း ထူးဆန်းသော ထိုအိပ်မက်များအတိုင်း အဘွား ခံစားနေရသည်ဟု ယုံကြည်မိသည်။ ကျွန်မ၏အိပ်မက်များသည် ကယောင် ချောက်ချား အိပ်မက်များမဟုတ်ပါ။ စိတ်စွဲလမ်း၍ မက်သောအိပ်မက်များ လည်း မဖြစ်နိုင်ပါ။ ငရဲဆိုသည်ကို ကျွန်မ တစိုးတစိမျှ သတိလည်းမရ၊ မေ့နေခဲ့သည်မှာ ကြာပြီပဲလေ။ ထိုအိပ်မက်များကြောင့်သာ ကျွန်မ၏ မေ့လျော့ ပေါ့ဆနေမှုများကို သတိရတော့သည်။ အဘွားက ကျွန်မကို လားရာဂတိ ကောင်းစေဖို့ သတိပေးလိုက်သလိုပါပဲ။ ထိုအိပ်မက်များသည် အဘွားဆုံး သည့်နှစ်အတွင်း လများခြားကာ မက်ခဲ့ခြင်းဖြစ်ပြီး ယခုနောက်ပိုင်း ဤကဲ့သို့ မမက်တော့ပါ။ ထိုအိပ်မက်များကိုလည်း ကျွန်မ ဘယ်တော့မျှ မေ့နိုင်တော့ မည် မဟုတ်ပါ။

ကျွန်မတို့သည် အကျိုးအကြောင်း ဆင်ခြင်ဉာဏ်ကြီးသူများပီပီ မီးကိုပူမှန်းသိနေမှတော့ ဘာဖြစ်လို့အစမ်းသပ်ခံကာ ကိုင်ကြည့်တော့မလဲ လေ။ ဒီလိုမှမဟုတ်ဘဲ ကိုယ်တိုင်ကြုံမှ ယုံကြည်မယ်ဆိုရင်တော့ ကျွန်မတို့ လောက် မိုက်မဲတဲ့သူတွေ ရှိပါ့မလား။ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီး ဗုဒ္ဓဘာသာ၏ အခြေခံဖြစ်သောငါးပါးသီလကိုမှ လုံခြုံအောင် မထိန်းနိုင်သေးဘူးဆိုလျှင် ကျွန်မတို့တစ်တွေ တော်တော်လွန်နေပါပြီ။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အား နှလုံးသားထဲက စေတနာစကားလေးတစ်ခွန်း လက်ဆောင်ပါးလိုက်ပါရစေ။ ငရဲဆိုတာကြောက်စရာပါ။

*7 Day, June, 15, 2006.*

●●●

# သေမင်းကို ဈေးဆစ်ခြင်းမဟုတ်ပါ

လူဆိုသည်မှာ သေမျိုးပင်ဖြစ်သည်။ ဘယ်ပုံဘယ်နည်းနှင့်ပင်ဖြစ်စေ တစ်နေ့သေရမည်သာ။ သို့သော် ကျွန်မတို့သည် ကိုယ့်အမျိုးဖြစ်သော သေမင်းကို မေ့လျော့နေတတ်ကြသည်။ ဘယ်တုန်းကမှ ကိုယ်နှင့်မသက်ဆိုင်ဖူးသလို မသိကျိုးကျွံပြုကာ နေလာခဲ့ကြသည်။

ယခုတော့ လူမှုကိစ္စတွေနှင့် တွေဝေမိန်းမောနေသော ကျွန်မ၏ နှလုံးသားတံခါးကို သေမင်းက ပုတ်ခတ်လှုပ်နှိုးလာတော့သည်။ သူ့ကို သတိမရ ဖြစ်နေကြသော၊ ကိုယ့်နည်းကိုယ့်ဟန်နှင့် အလုပ်ရှုပ်နေကြသော ကျွန်မတို့တစ်တွေကို အချက်ပေးလိုက်သည်။ ရုပ်ရှင်မင်းသား ဒွေး ကွယ်လွန်သွားခြင်းပင်။

ဒွေး၏ သရုပ်ဆောင်ချက်များကို ကျွန်မတို့ လက်ခံခဲ့ကြသည်။ သူကျွေးခဲ့သော အနုပညာရသများကို ကျွန်မတို့တဝကြီး စားသုံးခဲ့ကြသည်။ ယခုလို အရွယ်ကောင်းတုန်း၊ အလုပ်လုပ်နိုင်တုန်း ကွယ်လွန်သွားသည်ဆိုတော့ အံ့သြတုန်လှုပ်ရသည်ပေါ့။ သရုပ်ဆောင်ကောင်းတစ်ယောက်မို့ နှမြောကြရသည်။ တီဗီမှ သူ၏ကြော်ငြာများကိုကြည့်ရင်း မျက်ရည်စို့ကြရသည်။ သူ့၏ပုံရိပ်များပါသော စာစောင်များလည်း ရောင်းမလောက်။ ဒွေးအကြောင်းပါတယ်ဆိုရင်ပဲဘယ်လောက်ဖြစ်ဖြစ် ဆင်းရဲသားလည်း ဝယ်ဖတ်ကြသည်။ သူကတော့ သူချစ်သည့် ပရိသတ်ကြီးကသူ့ကို ဤမျှလောက် ချစ်ကြသည်ကို သိမသွားရှာ။

ဒွေးအတွက် ခံစား၍ မဆုံးသေးခင်မှာပင် နောက်တစ်ယောက်အတွက် ခံစားရပြန်ပါသည်။ စာရေးဆရာတာရာမင်းဝေ ဆုံးသွားသည်။

တာရာမင်းဝေဆိုသည်က ရာစုနှစ်တစ်ခုမှာ စာပေလောက၏ လင်းလက်တောက်ပလွန်းသည့်ကြယ်တစ်ပွင့်၊ သူ၏ စူးရှထက်မြက်လွန်းသည့် အတွေးသစ်တွေနှင့် လူငယ်တို့၏နှလုံးအိမ်ကို ကိုင်လှုပ်နိုးသူ၊ အနုပညာပဋ္ဌလက်မှော်အတတ်တွေနှင့် စာဖတ်သူကိုဖမ်းစားနိုင်ခဲ့သူဆိုသည်ကို ငြင်း၍မရနိုင်ပါ။ စာပေကို မြတ်နိုးသူတစ်ယောက်အနေနှင့် ကျွန်မ သူ့ကိုနမြောမိပါသည်။

ဒွေးနှင့် တာရာမင်းဝေသည် 66 born များဖြစ်ကြသည်။ (ကျွန်မသည်လည်း 66 born ပင်)။ တကယ်ဆို ဒီအရွယ်တွေက လောကကပေးသည့် ဒဏ်ရာဒဏ်ချက်တွေနှင့် ရင့်ကျက်တည်ငြိမ်လာခါစပဲ ရှိပါသေးသည်။ ပညာရှာမှီးပြီးသား၊ အတွေ့အကြုံတွေ အထိုက်အလျောက်တော့ ရှိပြီးသား၊ ကိုယ့်ဝမ်းစာပြည့်ပြီးသူများအတွက် ဝမ်းစာဖြည့်ပေးရမည့်အချိန်။ ဘာလို့များ စောစောစီးစီး ကြွေလွင့်သွားရမှာလဲ။

အိုပြီးလျှင် နာရမည်၊ သေရမည်မှာ ဓမ္မတာပင်။ အိပ်မက်တွေ မပြီးဆုံးမီ ကြွေလွင့်သွားရသည့်လူငယ်များအတွက်တော့ တုန်လှုပ်ကြေကွဲရပါသည်။ အထူးသဖြင့် နိုင်ငံကအားထားရသည့် ပုဂ္ဂိုလ်၊ ပြည်သူက စံထားရမည့် လူငယ်၊ အများအတွက် တောက်ပလင်းလက်နိုင်စွမ်းရှိသော ကြယ်ကလေးများ ကြွေလွင့်ကွယ်ပျောက်သွားရခြင်းအတွက်တော့ ပို၍ဝမ်းနည်းကြေကွဲမိသည်။

လူသားတစ်ဦးအနေနှင့်သေခြင်းတရားသည် မထူးဆန်းသော်လည်း လူငယ်နှင့်သေခြင်းတရားသည် မအပ်စပ်သေးဟုထင်ပါသည်။ ဘဝ၏ နေဝင်ချိန်ကို ရောက်ရှိနေကြသည့်သူများအနေဖြင့် နေကွယ်သွားခြင်းသည် သမားရိုးကျဖြစ်စဉ်သာဖြစ်ပြီး ဘဝကို အားမာန်အပြည့်နှင့် ပျံသန်းကြရဦးမည့်၊ အိပ်မက်များကို ထုဆစ်ပုံဖော်ကြရဦးမည့်လူငယ်များ နေကွယ်သွားကြခြင်းသည် လက်သင့်မခံချင်သောဖြစ်စဉ်ပင်။ တာရာမင်းဝေတွင်လည်း အိပ်မက်တွေ ကျန်ရှိနေပါလိမ့်ဦးမည်။ ထူးအိမ်သင်တွင်လည်း အိပ်မက်တွေ ကျန်ရှိနေပါဦးမည်။ ကဗျာဆရာ ဖောင်းထက်တွင်လည်း အိပ်မက်တွေ ကျန်နေပါလိမ့်ဦးမည်။

ကျွန်မတို့အတွက် ဆက်လုပ်စရာအလုပ်တွေ ကျန်ရှိနေပါသေးသည်။ အိပ်မက်တွေကို ပုံဖော်ထုဆစ်ဖို့ရန် အချိန်တွေအများကြီး လိုအပ်နေပါသေးသည်။ ကျွန်မတို့တစ်တွေ အသက်ကိုဉာဏ်စောင့်ဖို့တော့ အရေးကြီးပါသည်။

သေခြင်းတရားသည် ကြောက်မက်ဖွယ်ကောင်းလှစွာ ရက်စက်တိကျလွန်းသည်။ ဘယ်သူတွေ တာဝန်ကျေကျေ မကျေကျေ သူ့တာဝန်သူ ကျေပြွန်

သည်။ လူတန်းစားလည်း မခွဲခြား၊ သေခြင်းတရားကို လာဘ်ထိုး၍လည်း မရ။ ဤကဲ့သို့သော အမှန်တရားတစ်ရပ် လောကတွင်ရှိနေသေးသည်ဟု တွေးမိရင်း ကျွန်မစိတ်ထဲမှာ ဘဝင်ကျကာ ကျေနပ်မိပြန်ပါသည်။ သို့သော် သေမင်းကိုဈေးဆစ်ခြင်း မဟုတ်သော်လည်း လူငယ်များအား အိပ်မက်တွေ ဆက်မက်ခွင့်ပြုပါဟု တောင်းပန်ချင်ပါသေးသည်။

***7 Day, August, 30, 2007.***

●●●

# အသက်ရှင်ဖို့ထက်
# ကောင်းတာလုပ်ဖို့ အရေးကြီးတယ်

စာဖတ်ခြင်းသည် အသိပညာအလိမ္မာကို တိုးတက်စေကာ စိတ်ဓာတ်ခွန်အားကိုရစေသည်မှာ အမှန်ပင်။ လေးတန်းကျောင်းသူဘဝကတည်းက ဝတ္ထုစာအုပ်တွေ ဖတ်တတ်နေသော ကျွန်မသည် ဆယ်တန်းရောက်တော့ စာတော်တော်စုံစုံလင်လင် ဖတ်ဖူးနေပြီ။

ကျောင်းစာထက် အပြင်စာကိုပို၍ စိတ်ဝင်စားခဲ့ကာ အချိန်ရှိသရွေ့ စာအုပ်နှင့် မျက်နှာကမခွာ၊ ဖေဖေ၏စာအုပ်သေတ္တာကိုမွှေနှောက်၊ လက်လှမ်းမီသမျှသူငယ်ချင်းတွေဆီကလည်း ရှာဖတ်နှင့် စာသရဲဖြစ်နေသည်ကို အိမ်က ကြည့်မရကြ။

စာအုပ်တစ်အုပ်ရပြီဆို ထမင်းမေ့ ဟင်းမေ့နှင့် သဲကြီးမဲကြီး ဖတ်နေတော့ကာ ဖေဖေက ဒီလောက်အပြင်စာတွေဖတ်နေတာ ဆယ်တန်းအောင်မှာ မဟုတ်ဘူးဟု မှတ်ချက်ချသည်။ သို့သော် ကျွန်မဆယ်တန်းတော့ အောင်လာခဲ့သည်။ ကျောင်းစာနှင့်ပတ်သက်လျှင် လောဘမကြီးသော ကျွန်မက အပြင်စာတွေကိုတော့ လောဘကြီးသည်။ အလှအပ၊ အစားအသောက်ကိုမမက်ဘဲ စာအုပ်ကို ပိုမက်ခဲ့သည်။ မုန့်ဖိုးရသမျှ စာအုပ်တွေသာဝယ်သည်။ မဝယ်နိုင်လျှင်စိတ်ဆင်းရဲကာ တဖျစ်တောက်တောက်နှင့်။ စာအုပ်အငှားဆိုင်ကို လုပ်ကျွေးနေတာလေဟု အမေက အမြဲငေါ့သည်။

စာဖတ်ရလျှင်ပျော်နေသော ကျွန်မအတွက်တော့ တခြားအဖော်မလိုတော့။ စာမြင်သမျှ အကုန်ဖတ်သည်။ တရုတ်သိုင်းဝတ္ထုကို စွဲလမ်းခဲ့ဖူးသလို စုံထောက်ဝတ္ထု၊ အချစ်ဝတ္ထုတွေကိုလည်း နှစ်သက်သည်။

နိုင်ငံရေးစာအုပ်ထူထူကြီးတွေ ဖတ်ရလျှင်တော့ လက်ကမချချင်တော့။ ထမင်းဆာတာလည်းပျောက်၊ ရေလည်းထမသောက်။ ကမ္ဘာကျော်ပုဂ္ဂိုလ်တို့၏အဆိုအမိန့်များကို ဖတ်ရသည်ကိုလည်း အလွန်သဘောကျသည်။ ကိုယ့်အကြိုက်နှင့်အံဝင်သည့် စာသားလေးတွေဆို မှတ်စုစာအုပ်မှာ ကူးယူထားလိုက်သည်။ ဥပမာ ကျွန်ုပ်သည် ကျွန်ုပ်၏ဆရာပလေတိုကိုချစ်သည်။ သို့သော် အမှန်တရားကိုပို၍ချစ်သည်။ **(အရစ္စတိုတယ်)**

လောကကြီးဝယ် နှိပ်စက်ခံရမှုဟူသမျှတို့တွင် စကားလုံး(ဝေါဟာရ)များ၏ နှိပ်စက်ခြင်းခံရသည်ထက် ပိုမိုကောင်းမွန်သော အရာဟူသည်မရှိပေ (ဂေါန်ဖဲလ်) အချစ်နဲ့ပေါင်မုန့်ဟာ ကမ္ဘာလောကကြီးကိုရွှေ့ဆောင်တယ်။ (မက္ကဇင်ဂေါ်ကီ) စသည်ဖြင့်ပေါ့။

သူများ၏အဆိုအမိန့်တွေကိုဖတ်လာရင်းနှင့် သူတို့တွေကို အားကျလာတော့သည်။ ကျွန်မလည်း ကိုယ့်ဝါဒလေးနှင့်ကိုယ့်ဘဝကို ရှင်သန်ကြီးပြင်းရရင်ကောင်းမှာပဲဟု တွေးမိသည် (စာတွေဖတ်ပြီး စိတ်ကြီးဝင်လာသည်လားမသိပါ)။ ငါတစ်သက်လုံး လက်ကိုင်ထားရမယ့်ဝါဒတစ်ရပ်ကို မွေးဖွားမယ်။ ငါ့ရဲ့အဆိုအမိန့်ကို ဘယ်သူတွေ သိသိမသိသိ ငါ့ဘာသာ လိုက်နာမယ်ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက်မှာတော့ ကျွန်မ၏မှတ်စုစာအုပ်တိုင်း၏ ပထမစာမျက်နှာတွင် ဆော့ပင်ဖြင့်ရေးသားထားသော စာကြောင်းလေးတစ်ကြောင်း အမြဲ ရှိသည်။

'အသက်ရှင်ဖို့ထက် ကောင်းတာလုပ်ဖို့အရေးကြီးတယ်'။ အောက်တစ်ကြောင်းမှာ ကျွန်မ၏နာမည်ကို ကွင်းစကွင်းပိတ်နှင့် ရေးထားသည်။

တစ်ယောက်ယောက်ကတွေ့လို့ ဒါ ဘယ်သူရေးတာလဲဟုမေးလာရင်တော့ ငါရေးတာလေ၊ ငါ့အဆိုအမိန့်ပေါ့ဟု ခပ်ကြွားကြွား ပြန်ဖြေလိုက်စမြဲပင်။ မယုံသင်္ကာနှင့် ကျွန်မမျက်နှာကို ပြန်ကြည့်လျှင်လည်း ဂရုမစိုက်။ ငယ်ငယ်ရွယ်ရွယ်နှင့် ကြီးကြီးကျယ်ကျယ်တွေးရန်ကောလို့ သူတို့ထင်ချင်လည်းထင်ပါစေ။

ကျွန်မကတော့ ကိုယ်မွေးဖွားလိုက်သည့် ကိုယ့်ရဲ့ဝါဒလေးအတွက် အမြဲ ကျေနပ်ဂုဏ်ယူနေမိသည်။ စာတွေဖတ်ခဲ့ခြင်း၏ အကျိုးကျေးဇူးကြောင့်သာ ယခုလိုအဓိပ္ပာယ်ရှိသည့် အဆိုအမိန့်ကလေးကို မွေးဖွားနိုင်ခဲ့ခြင်းပင်။

ယခုအချိန်ထိ ကျွန်မ၏မှတ်စုစာအုပ်တိုင်း၏ ပထမစာမျက်နှာမှာ ထိုစာသားလေးက နေရာယူမြဲ။ ဆယ်ကျော်သက်ဘဝက စိတ်ကြီးဝင်ကာ

ချမှတ်ခဲ့သည့် အဆိုအမိန့်ကလေးသည် ဘဝအတွက် မည်မျှလေးနက်ကာ အဓိပ္ပာယ်ရှိလွန်းလှသည်ကို အသက်တွေကြီးလာသည်နှင့်အမျှ ပို၍သိလာခဲ့ရတော့သည်။ ကျွန်မ၏အဆိုအမိန့်ကလေးသည် လူသားနှင့်အသက်ရှင်ရပ်တည်မှုဘဝ၊ လူသားဖြစ်တည်မှုကို ကောင်းကောင်းကြီးပုံဖော်နေလေသည်။ ကျွန်မတို့အတွက် အသက်ရှင်ဖို့အရေးကြီးသလား၊ ကောင်းတာလုပ်ဖို့ အရေးကြီးသလား နှစ်ခုအနက် ဘယ်ဟာကပို၍ အရေးကြီးသလဲ။ အများကြီးစဉ်းစားစရာပင်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ သေကြရမည့် ကျွန်မတို့သည် မသေခင်မှာ ဘာလုပ်ကြမည်နည်း။

ကမ္ဘာမြေပေါ်မှာ လူသားအဖြစ်ရှိနေရခြင်းသည် ကြီးကျယ်မြင့်မြတ်လှပါကလားဟု တွေးမိရင် လူနှင့်တိရစ္ဆာန်တို့၏ ယေဘုယျကွာဟချက်အခြေခံသဘောတရားတို့ကို စောကြောမိသည်။

တိရစ္ဆာန်က အစာစားမယ်၊ အိပ်မယ်၊ မေထုန်မှီဝဲမယ်၊ မျိုးဆက်ပြန့်ပွားမယ်။ ဒါက သူတို့၏သဘာဝ။ လူသားတွေလည်း စားမယ်၊ အိပ်မယ်၊ အိမ်ရာထူထောင်မယ်၊ သားသမီး မွေးဖွားမယ်။ ဒါက တိရစ္ဆာန်နှင့်မခြားသည့်အခြေခံသဘောတရား။ သို့သော် လူသား၏အခန်းကဏ္ဍက ဤမျှနှင့်ရပ်တန့်မသွား။ ဒီထက်ပို၍ ကျယ်ပြန့်လေးနက်ရဦးမည်။ ဒီထက်ပို၍ လူသားဆန်ရဦးမည်လေ။ မိမိကိုမွေးဖွားပေးသည့် ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ရဦးမည်။ မိမိကို ရပ်တည်မှုပေးခဲ့သည့် ကျေးဇူးကိုသိတတ်စွာ ကမ္ဘာမြေကြီးလွင်တီးခေါင်ခေါင်မဖြစ်ဘဲ စိုပြည်လှပအောင် ကြံဆောင်ကြရဦးမည်။

မိမိ၏ပတ်ဝန်းကျင်ကောင်းကျိုးကို ရှေးရှုကာ လူသားချင်းစာနာထောက်ထားစွာဖြင့် သာယာသည့် လူ့ဘောင်သစ်ကြီးကိုဖန်တီးကြရဦးမည်။ သနားကြင်နာစိတ်၊ ကူညီရိုင်းပင်းလိုစိတ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံလိုစိတ်တို့ဖြင့် မိမိတို့၏သမိုင်းကို မော်ကွန်းတင်ရေးထိုးကြရဦးမည်။

ထိုသို့မဟုတ်ဘဲ အားကြီးသူ၊ လက်ဦးသူက ဆွဲအုပ်စတမ်းဆိုလျှင်တော့ တိရစ္ဆာန်တွေနှင့်မခြား။ လူသား၏အခန်းကဏ္ဍက ကျဆုံးရပေတော့မည်။ သာယာလှပသည့် ကမ္ဘာကြီးကို ဖျက်ဆီးနေခြင်းပင်။

သေခြင်းတရားကို မည်သည့်လူသားကမျှ ရှောင်ကွင်း၍ မရမည့်အတူတူ ကျွန်မတို့သည် သေရမှာကို ကြောက်နေစရာမလိုပေ။ အလှည့်ကျလျှင် မနဲ့စတမ်းဆိုသကဲ့သို့ အင်အားကြီးသူရော အင်အားငယ်သူပါ သူ့အချိန်ကျလျှင်သေကြရမည်သာ။ စောစောပဲသေသေ၊ နောက်ကျမှပဲသေသေ လူသား

ဆန့်ကျင်သေရဖို့၊ အသေမြတ်ဖို့သာ အရေးကြီးပါသည်။ အဖိုးတန်မှန် အခေါင်းထဲမှ မကောင်းမှုတွေထွေးပွေ့ထားသော၊ ဓမ္မမရှိဘဲ အဓမ္မမှုတွေ စားသုံးထားသော ရုပ်အလောင်း၏ နောက်ဆုံးခရီးကို မည်သူမျှစိတ်မဝင်စားပါ။ လိုက်လည်းမပို့ချင်ပါ။

ကျွန်မတို့အတွက် အသက်ရှင်ဖို့ထက် ကောင်းတာလုပ်ဖို့ အရေးကြီးနေပါသည်။

*7 Day, November, 2, 2007*

❁ ❁ ❁

# လူများ၊ စာအုပ်များ

လူတွေ စာမဖတ်ကြတော့ဘူး။ ဖတ်ရကောင်းမှန်း မသိကြတော့ဘူးလို့ ပြောပြောနေကြတယ်။ ကျွန်မက ဒါကိုလက်မခံချင်လှဘူး။ ဒါပေမဲ့ သူတို့ပြောတာဟုတ်တော့လည်း ဟုတ်ပါတယ်။ လူတော်တော်များများက စာမဖတ်ကြတော့ဘူး။ ဖတ်တဲ့သူတွေကတော့ လူနည်းစုပေါ့။ ဒါပေမဲ့ ဘာကြောင့် စာမဖတ်ကြတာလဲဆိုတာ စဉ်းစားစရာပါ။

လူတွေဘာကြောင့် စာမဖတ်ကြတာလဲ။ ကျွန်မအနေနဲ့ ဖြစ်နိုင်တာလေးတွေ စဉ်းစားကြည့်မိတယ်။ ပထမတစ်ချက်က စာအုပ်တွေဈေးကြီးလို့။ ကျွန်မအသိ စာအုပ်အငှားဆိုင်ဖွင့်ခဲ့သူတစ်ဦးက စာအုပ်အငှားဆိုင်ဖွင့်တာ ရှုံးတယ်တဲ့။ ဝါသနာပါလို့လုပ်ပေမဲ့ သုံးနှစ်လောက်ပဲ တောင့်ခံနိုင်တယ်။ ဆက်မလုပ်ဖြစ်တော့ဘူးလို့ ပြောတယ်။

သူပြောတာက "စာအုပ်တွေက တစ်အုပ်ကို ထောင့်ရှစ်ရာ၊ နှစ်ထောင်လောက်ရှိတယ်။ တစ်လကို အောက်ထစ် လေးငါးသောင်းဖိုးလောက် ဝယ်ရတာ။ အသစ်ထွက်ပြီဆို မတင်လို့လည်း မရဘူးလေ။ ဒါပေမဲ့ တစ်လလုံးကို အဲဒီပိုက်ဆံ ပြန်ရဖို့မလွယ်ဘူး။ အရှုံးခံပြီး လစဉ်ဝယ်နေရတယ်။ စာအုပ်ငှားခကလည်း ဈေးကြီးတော့ ဖတ်ချင်ပေမဲ့အမြဲတမ်း ငှားမဖတ်နိုင်ကြတော့ဘူး" တဲ့။

အင်း ဟုတ်တာပေါ့။ စာအုပ်ငှားခက တစ်ရက် နှစ်ရာဆိုရင်ပဲ ငါးရက်ဆို တစ်ထောင်ဖြစ်နေပြီ။ ဖတ်ချင်ပေမဲ့ ချင့်ချိန်ကြရတာပေါ့။ နောက်တစ်ချက်ကတော့ အချိန်ရှားပါးတဲ့ပြဿနာ။ ရန်ကုန်ကလူတွေက မိုးလင်းမိုးချုပ် အိမ်မှာနေနိုင်တဲ့သူ ရှားတယ်။ မိုးလင်းကတည်းက ထွက်၊

ညနေ မမှောင်တမှောင်အချိန်ကျမှ ပြန်ရောက်၊ အိမ်ရောက်တော့ ခဏနား၊ ရေချိုး၊ ထမင်းစားပြီး တီဗွီရှေ့ထိုင်တော့ ညောင်းနေပြီ။ ခဏနေ အိပ်ချင်လာရော။

မြို့သစ်တွေဖြစ်တဲ့ ရွှေပြည်သာ၊ လှိုင်သာယာတို့မှာနေတဲ့သူတွေဆို ပိုဆိုးတာပေါ့။ မနက် ၆ နာရီလောက်ကတည်းက အိမ်ကထွက်ကြရတာ။ ညဘက် အိမ်ပြန်ရောက်တော့လည်း ၈ နာရီက အောက်ထစ်ပဲ။ ဘယ်မှာ စာဖတ်ချိန်ရှိမလဲ။ တစ်နေကုန် ခန္ဓာကိုယ်ကိုမောင်းနေရတာ ညကျတော့ ဒေါင်းပြီပေါ့။ ပိတ်ရက်မှာလည်း လျှော်ရ၊ ဖွပ်ရ၊ သင်တန်းတက်ရနဲ့ ဘယ်အားကြလို့လဲ။ တချို့ဆို ပိတ်ရက်တောင် မရှိဘူးတဲ့။ ကဲဘယ်မှာလဲ စာဖတ်ချိန်။

အပတ်စဉ်ထုတ်ဝေတဲ့ ဂျာနယ်တွေတောင် အလျှဉ်မီအောင် မဖတ်နိုင်ကြတာ ဘယ်လိုလုပ်ပြီး ရွှေဒေါင်းရဲ့တစ်သက်တာမှတ်တမ်း ဖတ်ကြမလဲ။ သခင်တင်မြရဲ့ ဘုံဘဝမှာလား၊ ဝေးဝေးမှာပဲ နေပါတော့ပေါ့။ ဩော်… ခေတ်လူငယ်တွေ စာနဲ့ဝေးကုန်ကြတာ စိတ်မကောင်းစရာပါ။ တိုင်းပြည်တစ်ပြည်မှာ လူနည်းစုလောက်သာ စာဖတ်နေကြမယ်ဆိုရင် အဲဒီတိုင်းပြည်အတွက်တော့ ရင်လေးစရာကြီးနော်။

ခေတ်အခြေအနေအရ ဖြစ်နေတာလို့ပဲ ပြောရမှာပဲ။ လူတွေက စာမဖတ်ချင်ကြတာတော့ မဟုတ်လောက်ဘူးလို့ ကျွန်မတော့ ထင်တယ်။ အလိမ္မာစာမှာ ရှိဆိုတာ လူတိုင်းသိကြပါတယ်။ လူတွေကိုစာဖတ်ဖို့ အတင်းအဓမ္မသွေးဆောင်နေစရာမလိုပါဘူး။ တစ်ခုတော့ရှိတယ်။ လူတွေ စာဖတ်ဖြစ်လာအောင် ဘယ်လုပ်နိုင်မလဲ။ ကျွန်မတို့ ဘယ်လိုကူညီကြမလဲ။ ဖြစ်နိုင်မယ့် နည်းလမ်းကို စဉ်းစားကြည့်ကြရအောင်။

ပုဂ္ဂလိကစာကြည့်တိုက်တွေ များများရှိဖို့လိုမယ်။ တစ်ချိန်ကရှိခဲ့တဲ့ ပဲရော့ ဦးဆန်နီစာကြည့်တိုက်လိုမျိုး၊ ဘားနဒ်စာကြည့်တိုက်လိုမျိုး စာကြည့်တိုက်တွေများများရှိဖို့လိုတယ်။ အဲဒီ စာကြည့်တိုက်တွေက သင့်တင့်လျောက်ပတ်တဲ့ နေရာထိုင်ခင်းနဲ့ ဝန်ဆောင်မှုကောင်းကောင်း ပေးနိုင်ရမယ်။ ဒါဆိုရင် စာအုပ် ဈေးတွေကြီးလို့ ငွေကြေးမတတ်နိုင်ကြတဲ့သူတွေ စာဖတ်နိုင်ပြီ။ ပထမပြဿနာကတော့ ရှင်းနိုင်ပြီ။

နောက်တစ်ချက်ကတော့ အချိန်ရှားပါးတဲ့ကိစ္စ။ အဲဒီပြဿနာကို ဘယ်လိုရှင်းကြမလဲ။ ဘယ်လိုကိုင်တွယ်ကြမလဲ။ ကျပ်တည်းလွန်းတဲ့ ခေတ်ကြီးမှာ လူတိုင်းရုန်းကန်နေကြရတာ။ စားဝတ်နေရေးကိုပဲ အဓိကဖြေရှင်း

နေကြရတာ။ ရှားပါးလှတဲ့ သူတို့ရဲ့အချိန်ထဲက စာဖတ်ဖို့အချိန်ကို ဖဲ့ပေးလိုက်ဖို့ဆိုတာ တကယ်တမ်းတော့ မလွယ်လှဘူး။

ဒီကိစ္စကတော့ခက်ပြီ။ ဒါပေမဲ့ ဒီတစ်ချက်ကိုလည်း ပြေလည်သွားစေချင်တော့ ကျွန်မရဲ့ဉာဏ်တစ်ထွာတစ်မိုက်ကလေးနဲ့ စဉ်းစားကြည့်မိပါတယ်။ လူတွေက တစ်နေ့ကို မနက်တစ်ခါ ညနေတစ်ခါ ဘတ်စ်ကားစီးကြရတာ ကားတွေပေါ်မှာ စာဖတ်ကြမယ်ဆိုရင်ရော။ အင်း လောလောဆယ်မှာတော့ ကားပေါ်မှာအသက်တောင် မနည်းဝအောင်ရှူနေရတာ၊ စာအုပ်ကိုင်ဖို့လည်း လက်ကအားတာမဟုတ်။

နိုင်ငံခြားတိုင်းပြည်တွေမှာတော့ ဘတ်စ်ကားပေါ်မှာ၊ မြေအောက်ရထားတွေပေါ်မှာ ကျကျနန စာဖတ်နိုင်ကြတယ်။ အလုပ်နဲ့အိမ် ဘယ်လောက်ဝေးဝေးမှုနေစရာ မလိုပါဘူး။ အေးအေးဆေးဆေး စာလေးဖတ်ပြီး သွားလိုက်ရုံပဲ။

ကျွန်မတို့ဆီမှာလည်း ပါရမီ၊ ရွှေစည့်သည်၊ အဓိပတိတို့လို ယာဉ်လိုင်းတွေသာ စီးရေများများ ရှိလာမယ်ဆိုရင် ကျွန်မတို့လည်း စာဖတ်နိုင်တာပေါ့။ ထိုင်ခုံမဲ့သူလည်းမရှိ၊ ဆူပူငေါက်ငမ်းမယ့် စပယ်ယာလည်းမရှိဆိုတော့ အဲယားကွန်းလေးနဲ့ စာလေးဖတ်ပြီးနေရုံပေါ့။

တစ်နေ့ကို အသွားအပြန်နှစ်နာရီ ကားစီးရမယ့်သူဟာ စာဖတ်ဖို့အချိန် နှစ်နာရီရသွားမယ်။ သူဟာ တစ်နေ့နှစ်နာရီ စာဖတ်ဖြစ်သွားရင် ဆယ်ရက်ဆို နာရီနှစ်ဆယ် စာဖတ်ဖြစ်သွားပြီ။ ကဲ ဘယ်လောက်ကောင်းလိုက်သလဲ။ အရင်ကထက်စာရင် သူ့ရဲ့အသိအမြင်တွေ၊ အတွေးအခေါ်တွေဟာ ပိုပြီး ကျယ်ပြန့်နက်ရှိုင်းလာတော့မှာပဲ။

ကားအစီးရေများတော့ မှတ်တိုင်တွေမှာ ခရီးသည်ကိုအကြာကြီး စောင့်ပြီး ခေါ်နေစရာလည်း မလိုတော့ဘူး။ အရင်က တစ်နာရီကြာမယ့်ခရီးဟာ နာရီဝက်နဲ့ရောက်တော့မယ်။ အချိန်တွေပိုထွက်လာတော့ စာအုပ်ဆိုင်တွေဘက် ခြေဦးလှည့်လာနိုင်ပြီပေါ့။ မဝယ်နိုင်သေးရင်တောင် ခဏတစ်ဖြုတ်တော့ စာအုပ်တွေကို မြည်းစမ်းကြည့်ခွင့်ရမယ်၊ စာအုပ်အသစ်တွေနဲ့ မိတ်ဆက်ခွင့်ရမယ်ဆိုရင်လည်း မဆိုးဘူးလေ။

အခုအခြေအနေမှာ ဒီလိုအနေအထားကို ရောက်ဖို့ဝေးသေးတယ်လို့ ပြောရမှာဖြစ်ပေမဲ့ တစ်နေ့နေ့မှာ မရောက်လာဘူးလို့ ဘယ်သူပြောနိုင်မလဲ။ တစ်နေ့နေ့မှာ ကျွန်မတို့ဆီက ဘတ်စ်ကားတွေလည်း နိုင်ငံတကာအဆင့်မီ

လာဦးမှာပေါ့။ အဲဒီလို ဘတ်စ်ကားတွေပေါ်မှာ စာဖတ်နိုင်ခြင်းဖြင့် အချိန်ရှားပါးတဲ့ပြဿနာကို အနည်းနဲ့အများတော့ ကုစားလို့ရမယ်ထင်ရတာပဲလေ။

ခုလောလောဆယ်မှာတော့ ပဲရှေ့ဦးဆန်နီလို ကိုယ်ပိုင်စာကြည့်တိုက်ကြီးမဖွင့်နိုင်သေးပေမဲ့ စာအုပ်ဆိုင်လေးတစ်ဆိုင်ကို လူစည်ကားရာ ဘတ်စ်ကားဂိတ်နားမှာ ဖွင့်ထားပါတယ်။ အလုပ်သွား အလုပ်ပြန် တစ်ယောက်စနှစ်ယောက်စဆိုင်ထဲ ဝင်ကြည့်သွားတယ်ဆိုရင်ပဲ (ဝယ်တာ မဝယ်တာအပထား) ကျွန်မအတွက် အမြတ်ပဲပေါ့။

***7 Day, December, 20, 2007.***

●●●

# ဥယျာဉ်မှူး

ဥယျာဉ်မှူးဆိုတာ ကိုယ်စိုက်ပျိုးတဲ့သစ်ပင်အတွက် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ပါ။ သစ်ပင်ရှင်သန်ကြီးထွားနိုင်ဖို့၊ သစ်တစ်ပင်ကောင်း ဖြစ်ဖို့ဆိုတာ သူ့အပေါ်မှာ တည်မှီနေတာကိုး။ သူအားစိုက်ရင် စိုက်သလောက်သစ်ပင်က ဖြစ်ထွန်းမှာပဲလေ။ ဒီတော့ ဥယျာဉ်မှူးတွေဟာ ဥယျာဉ်မှူးကောင်းတွေ ဖြစ်ဖို့ လိုအပ်တာပေါ့။

ကျွန်မရဲ့ဆိုင်ကို ကျောင်းသားမိဘတစ်ယောက်က မူလတန်းစာစီ စာကုံး ရှိသလားလို့ လာမေးတယ်။ ကျွန်မကဆိုင်မှာရှိတဲ့ စာစီစာကုံးစာအုပ် တွေကိုပြတော့ ဒါတွေမဟုတ်ဘူးတဲ့ "....." စာစီစာကုံးတဲ့။ ကျွန်မက မရှိပါဘူးပြောတော့ ပြန်ထွက်သွားတယ်။

နောက်တစ်ရက်ကျတော့ အန်တီကြီးတစ်ယောက် ရောက်လာတယ်။ မနေ့က ကျောင်းသားမိဘမေးသွားတဲ့ စာစီစာကုံးစာအုပ်ကိုပဲ မေးပြန်တယ်။ ကျွန်မက မရှိပါဘူးပြောပြီး ရှိတဲ့စာအုပ်တွေကို ပြတော့ အန်တီကြီးက "သားကလည်း သူ့ဆရာမ မှာတဲ့စာအုပ်ပဲ ဝယ်ခဲ့ပါတဲ့။ လိုက်ရှာလိုက်ဦး မယ်" ဆိုပြီး ပွစိပွစိနဲ့ ထွက်သွားပါတယ်။

ကျွန်မငယ်ငယ်က အတန်းထဲမှာ သင်္ချာတွက်ကြရင် ကိုယ့်ဘာသာ မတွက်ဘဲ သူများတွက်ပြီးသားအဖြေကို ခိုးချတဲ့သူတွေကို ဆရာက "လူဆိုတာ အညွန့်တလူလူနဲ့မို့ လူလို့ခေါ်တာကွ။ သူများနှာခေါင်းပေါက်နဲ့ အသက်ရှူ နေမှတော့ အဲဒါ လူမဟုတ်တော့ဘူး။ မင်းတို့ လူမဖြစ်ချင်ဘူးလား" တဲ့။ အဲဒီသာမန်မူလတန်းဆရာလေးရဲ့ ဆုံးမစကားက ကျွန်မကို လူဖြစ်စေခဲ့တဲ့ တွန်းအားလေးတစ်ခုပါပဲ။ ဆရာဟာ တပည့်တွေအတွက် ဆရာပီသခဲ့ပါတယ်။

မူလတန်းကျောင်းသားအရွယ်ဆိုတာ ဉာဏ်ရည်ဖွံ့ဖြိုးဖို့ တာစူနေတဲ့ အရွယ်ပါ။ မိဘတွေဆိုတာက သားသမီးကို ကျောင်းကဆရာတွေ လက်ထဲ ဝကွက်အပ်ထားခဲ့ရတာ။ ကလေးရဲ့ ဉာဏ်ရည်ထက်မြက်ဖို့၊ ကိုယ်ရည် ကိုယ်သွေးမြင့်မားဖို့ဆိုတာ ကျောင်းကဆရာတွေလောက် အချိန်မရကြပါဘူး။ မူလတန်းဆရာမဖြစ်တဲ့ ကျွန်မရဲ့မေမေက ကျွန်မတို့ကိုပြောဖူးတယ်။

"ငါ ကျောင်းမှာလည်း ကလေးတွေကို အာပေါက်အောင်စာသင်ရ၊ ဆုံးမရနဲ့ မောနေပြီ။ အိမ်ရောက်တော့လည်း သမီးတွေကို ပြောဆိုဆုံးမ ရဦးမယ်ဆိုရင်တော့ ငါတော့ သေမှာပဲ။ ငါ မပြောနိုင်တော့ဘူး။ ကိုယ့်အသိနဲ့ ကိုယ် ကိုယ့်စာကိုယ်လုပ်ကြ၊ လိမ္မာကြ" တဲ့။

မေမေပြောတာလည်း ဟုတ်တာပဲ။ မူလတန်းဆရာမဆိုတာ ဘာမှ မသိနားမလည်သေးတဲ့ ကလေးလေးတွေကို ဝလုံးလေးက ဘယ်လိုရေးရ တယ်၊ ကကြီး၊ ခခွေး ဘယ်လိုရေးရတယ်ဆိုတာကို အာပေါက်အောင် သင်ကြ ရတာလေ။ အင်မတန် စိတ်ရှည်လက်ရှည်နဲ့ တကယ်တတ်အောင် သင်ကြရ တာ။ ပင်ပန်းတာပေါ့။

ဥယျာဉ်မှူးက အပင်ငယ်သေးတဲ့အချိန်မှာ ပိုပြီးဂရုစိုက်ရသလိုမျိုး ပါပဲ။ လူမမည်ကလေးတွေဆိုတာ ကျောက်ရိုင်းတုံးကလေးတွေလိုပါပဲ။ သူတို့ လေးတွေ ကိုယ်ရည်ကိုယ်သွေးကောင်းအောင်၊ အရည်အသွေးပြည့်မီတဲ့ ကျောက်မျက်ရတနာလေးတွေဖြစ်အောင် ပြုစုပျိုးထောင်ရာမှာ လက်ဦးဆရာ ဖြစ်တဲ့ မူလတန်းဆရာက အခရာပါ။

အများတကာ့ အများထဲမှာကြောက်စရာအကောင်းဆုံးက ဆရာ့ အများပဲနော်။ ဒေဝဒတ်တို့၊ အင်္ဂုလိမာလတို့ဆိုတာ ဆရာတင်မှားခဲ့လို့ ဒုက္ခ တွေ ရောက်ခဲ့ကြရတာ။ အများကြီးပဲဖြစ်ဖြစ်၊ အများသေးပဲဖြစ်ဖြစ် ဆရာလွဲရင် တပည့်လည်း လွဲတော့တာပဲ။

ကျွန်မကတော့ ပန်းကလေးတွေ လောင်းရိပ်ကင်းကင်းနဲ့ ဖူးပွင့် ဝေဆာနိုင်ဖို့ ဥယျာဉ်မှူးကောင်းတွေ များများရှိစေချင်တာပါပဲ။

*7 Day , October 16, 2008.*

●●●

# ဖေးကူမည့်လက်

'သုခရိပ်မြုံ'ဆိုတဲ့ အမည်လေးက သိပ်လှပြီး အဓိပ္ပာယ်ရှိတဲ့နာမည်လေးပါ။ အေးချမ်းသာယာတဲ့ အရိပ်ကလေးတစ်ခု၊ မိသားစုလေးတစ်ခုပေါ့။ အေးချမ်းတဲ့သဘောကိုဆောင်နေတဲ့ နာမည်လေးကို ကြားရရုံနဲ့တင် စိတ်ချမ်းမြေ့စရာ ကောင်းလှပါပြီ။ ကျွန်မကိုယ်တိုင်ကိုယ်ကျ သုခရိပ်မြုံဆိုတဲ့ ဆိုင်းဘုတ်ကလေးတည်ရှိရာ ခြံဝိုင်းထဲကိုရောက်သွားတဲ့အချိန်မှာတော့ လူမှုလောကအပူတွေနဲ့ဝဲလည်နေတဲ့ ကျွန်မရဲ့နှလုံးသားဟာ အေးမြတဲ့ သန္တရသ ရေစီးကြောင်းထဲမှာမျောပါလို့ ပကတိငြိမ်သက်ကြည်နူးခဲ့ရပါတယ်။

လူဆိုတာက အတ္တကြီးတတ်ကြပါတယ်။ ကိုယ့်အတ္တထက် ကျော်လွန်ပြီး သူများအတွက် ခေါင်းထဲထည့်စဉ်းစားနိုင်ဖို့ဆိုတာ တော်ရုံတန်ရုံ သတ္တိနဲ့တော့ မဖြစ်နိုင်ပါဘူး။ အဲဒီတော်ရုံတန်ရုံသတ္တိမဟုတ်တဲ့ သတ္တိနဲ့ပဲ သုခရိပ်မြုံဆိုတဲ့မိသားစုလေးတစ်ခုကို ပြုစုပျိုးထောင်ခဲ့ကြပြီ။

တူညီတဲ့နှလုံးသားတွေနဲ့ ကလေးများဂေဟာကို စတင်သန္ဓေတည်ခဲ့ကြတာပါ။ သွေးမတော် သားမစပ် အနယ်နယ်အရပ်ရပ်က နာမကျန်းကလေးသူငယ်တွေ၊ ကူကယ်ရာမဲ့ကလေးလေးတွေကို သူတို့ရဲ့နွေးထွေးတဲ့လက်များနဲ့ ထွေးပွေ့လို့ မေတ္တာအကြင်နာနဲ့ ခိုလှုံစရာ ရင်ခွင်ပေးခဲ့ကြတာပါ။ အခုဆိုရင် ကလေးငယ်ပေါင်း ၂၄ ယောက်ရှိသွားပါပြီ။

ကျွန်မရောက်သွားတဲ့နေ့က ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူ စာချုပ်ချုပ်ဆိုတဲ့နေ့ အထိမ်းအမှတ်အနေနဲ့ ကလေးတွေကို ပျော်ပွဲရွှင်ပွဲ ကျင်းပပေးတဲ့နေ့ဖြစ်ပါတယ်။ နိုဝင်ဘာလ ၁၅ ရက်နေ့ပါ။ ဂေဟာကကလေး ၂၄ ယောက်ရော၊ အပြင်ပတ်ဝန်းကျင်က

ကလေးများပါစုပေါင်းပြီး ဖျော်ဖြေရေးအစီအစဉ်တွေ၊ ပြိုင်ပွဲတွေ ကျင်းပခဲ့ကြပါတယ်။ လှပတဲ့ရောင်စုံဘောလုံးတွေအောက်မှာ သူတို့လေးတွေဟာ အရွယ်အစားစုံစွာ၊ အရောင်အသွေးစုံစွာ လှပလို့၊ ဝင့်ကြွားလို့ပျော်ရွှင်နေကြပါတယ်။ သူတို့လေးတွေလည်း ရောင်စုံပန်းကလေးတွေပဲပေါ့။

ဖျော်ဖြေရေးအစီအစဉ်မှာ ကလေးလေးတွေဟာ စင်ပေါ်မှာ မကြောက်မရွံ့ဘဲ ကဗျာရွတ်ကြ၊ ပုံပြောကြ၊ သီချင်းဆိုကြနဲ့ စိတ်ပါလက်ပါ ဖျော်ဖြေကြပါတယ်။ အရွယ်အစားအစုံပါဝင်တဲ့ မောင်ဗမာ၊ မယ်ဗမာပြိုင်ပွဲမှာလည်း သဏ္ဍာန်တူအောင် လုပ်ဆောင်နိုင်ကြတာကို အံ့လည်းသြရ၊ ရယ်လည်းရယ်ရပါတယ်။ ဟန်ပန်အမူအယာအမျိုးမျိုးနဲ့ မော်ဒယ်ရှိုးလျှောက်ပြတဲ့အခါမှာတော့ ဧည့်ပရိသတ်တွေဟာ တသောသောနဲ့ ပွဲကျကုန်ပါတယ်။ ကျွန်မဆို ရယ်ရလွန်းလို့ မျက်ရည်များတောင် ထွက်တဲ့အထိပါပဲ။

ဖျော်ဖြေရေးအစီအစဉ်ပြီးတော့ ပြိုင်ပွဲစပါတယ်။ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ခုံဦးတမ်း စသည်ဖြင့် ပြိုင်ပွဲတွေကို သက်ကြီးတန်း၊ သက်လတ်တန်း၊ သက်ငယ်တန်းခွဲခြားပြီး ယှဉ်ပြိုင်စေခဲ့တယ်။ ပြိုင်ပွဲမှာဆုရသူတွေက ပြုံးပျော်နေကြသလို ဆုမရသူတွေကလည်း မကျေမနပ် ငြူစုခြင်းမဖြစ်ကြဘဲ ပြုံးပျော်ရွှင်မြူးနေကြတာတွေ့ရပါတယ်။

ဂေဟာက ကလေးအားလုံးရဲ့မျက်နှာလေးတွေဟာ ညှိုးငယ်နွမ်းရော်မှု၊ အားငယ်မှုမရှိကြဘဲ ဝင်းပကြည်လင်လို့ မျက်လုံးတောက်တောက်ကလေးတွေနဲ့ ရဲရင့်တက်ကြွနေကြပါတယ်။ တကယ်တော့ သူတို့လေးတွေဟာ မိဘမေတ္တာ ငတ်မွတ်နေကြတဲ့သူတွေပါ။ မိဘရင်ခွင်ထဲမှာ ခိုလှုံပြီး၊ ကယုကယင်နေကြရမယ့်အရွယ်တွေပါ။ သူတို့တစ်တွေက မိခင်၊ ဖခင်မေတ္တာကို မရကြပေမဲ့လည်း မိခင်တစ်ယောက်လိုမေတ္တာမျိုးနဲ့ ချစ်ခင်ကြင်နာကြတဲ့အမေတွေ သူတို့မှာရှိနေပါတယ်။ သူတို့တစ်တွေ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့၊ ကျန်းမာသန်စွမ်းဖို့၊ ပညာတတ်တွေဖြစ်ဖို့ အဘက်ဘက်က ပြုစုစောင့်ရှောက်ပေးမယ့် အမေတွေရှိနေပါတယ်။ ဘာအကြောင်းကြောင့်မှ သူတို့လေးတွေဟာ အားငယ်ကြောက်ရွံ့စရာမလို၊ ဝမ်းနည်းစရာမလို၊ ပူပင်ကြောင့်ကြစရာမလိုဘဲ ဘဝကိုသတ္တိရှိရှိ ရင်ဆိုင်ဖြတ်သန်းနိုင်ဖို့ သူတို့ရဲ့ အမေတွေက တာဝန်ယူထားကြပြီလေ။ အတောင်အလက်စုံရင် တက်ကုန်ရွက်ကုန်လွှင့်ပြီး မြင့်မြင့်သာ ပျံပေတော့ပဲ။

သူတို့လေးတွေကို ငေးကြည့်ရင်း ကျွန်မ ဖတ်ခဲ့ဖူးတဲ့စာသားလေး တစ်ခုကို ပြန်ပြီးအမှတ်ရမိပါတယ်။ "ဘဝဆိုသည်မှာ မေတ္တာ၊ စေတနာ တရားတို့နှင့် စုစည်းမှသာလျှင် အရသာရှိနိုင်သည်" တဲ့။ ရေးသူက ပွန်ဒီရှေ ကဲဖွဲလား ပါ။

'သုခရိပ်မြုံ'ဆိုတဲ့ မိသားစုဘဝလေးထဲကို ကျွန်မခဏအလည်ရောက် သွားခဲ့ရင်းက အပြန်လမ်းမှာတော့ ကျွန်မကိုယ်ကျွန်မ မေးခွန်းတွေမေး နေမိတယ်။

ငါကရော လောကကြီးကို ဘာတွေပေးဆပ်ပြီးပြီလဲ။

ငါ့အတွက် ဘဝအရသာက ပြီးပြည့်စုံပြီလား။

ငါ့မိသားစုအတွက်၊ ငါ့ပတ်ဝန်းကျင်အတွက်၊ ငါ့အမိနိုင်ငံတော် အတွက် ဘာတွေလုပ်ပြီးခဲ့ပြီလဲ။

မေးခွန်းတွေရဲ့အဖြေကိုတော့ ကျွန်မ တစ်နေ့နေ့မှာ ဖြေနိုင်ကောင်း ပါရဲ့။

*7 Day , November 27, 2008.*

❖ ❖ ❖

# သူရဲကောင်း

သူရဲကောင်းဆိုတာ တိုက်ပွဲတစ်ပွဲမှာ မကြောက်မရွံ့ ရှုပ်ရှုပ်ချွံချွံနဲ့ ကိုယ်ကျိုးစွန့်ကာ တိုက်ပွဲဝင်ခဲ့တယ်ဆိုရင် သူဟာ သူရဲကောင်းပေါ့။ ဒီလို ပါပဲ စစ်မြေပြင်မဟုတ်တဲ့ လူမှုပတ်ဝန်းကျင်မှာလည်း သူရဲကောင်းတွေ အများကြီး ရှိတယ်။

ကျွန်မတို့ငယ်ငယ်က ကျောက်ရောဂါ ကာကွယ်ဆေးထိုးကြရတယ်။ ဆေးမှူးဖြစ်တဲ့ဖေဖေက ကျွန်မတို့ညီအစ်မလေးယောက်ကို တန်းစီခိုင်းပြီး "ကဲ ဘယ်သူသတ္တိအကောင်းဆုံးလဲ။ ဘယ်သူအရင်ဆုံး ဆေးထိုးခံမလဲ" လို့ မေးတယ်။ ကျွန်မတို့က ဖေဖေ့လက်ထဲက ဆေးထိုးအပ်ကြီးကိုကြည့်ပြီး ကြောက်ကြတာပေါ့။ ဘယ်သူမှပြန်မဖြေကြဘဲ အားလုံးငြိမ်နေကြတယ်။

ဖေဖေကလည်း ကျွန်မတို့တစ်ယောက်ချင်းစီရဲ့ မျက်နှာတွေကို စေ့စေ့ကြည့်ပြီး ဒီမေးခွန်းကိုပဲထပ်မေးပြန်တယ်။ ဒီမှာတင် ကျွန်မက ဖေဖေ့ ရှေ့ကို ထွက်လိုက်ပြီး အင်္ကျီလက်မောင်းကို ပင့်ပေးလိုက်တယ်။ ဖေဖေက ကျေနပ်သွားတဲ့အပြုံးနဲ့ "ဒါမှ သူရဲကောင်း" လို့ပြောပြီး ကျွန်မကို ဆေးထိုး ပေးတယ်။ ကျွန်မက ဖေဖေချီးကျူးတာကိုခံရလို့ ပီတိဖြစ်ရင်း လက်က နာတာကို အောင့်ခံထားလိုက်တယ်။

မူလတန်းကျောင်းလေးရဲ့ ခပ်လှမ်းလှမ်းမှာကြီးမားတဲ့ သစ်ပင်အိုကြီး တစ်ပင်ရှိတယ်။ သက်တမ်းရင့်လွန်းတော့ အကိုင်းအခက်တွေကဝေဆာပြီး အရိပ်ကောင်းကောင်းရတယ်။ နေ့လယ်ခင်းမုန့်စားဆင်းချိန်တိုင်းမှာ ကလေး တွေက အဲဒီအပင်ကြီးအောက်မှာ ဆော့ကစားနေကျ။ တစ်နေ့တော့ ကလေး တွေဟာ အပင်ကြီးရဲ့သစ်ကိုင်းတွေကို ခိုစီးတမ်း ဆော့ကစားနေတုန်း

တင်အုန်းကျင် ဆိုတဲ့ကောင်မလေး ပြုတ်ကျပြီး လက်ကျိုးသွားတယ်။ ဘတ်လပ်ကြီးဖြစ်နေတဲ့ သူ့လက်ကိုကြည့်ပြီး ''ငါ့ လက်ကျိုးသွားပြီ၊ လုပ်ကြပါဦး''ဆိုပြီး အော်ငိုတယ်။ ကလေးတွေကလည်း အဆစ်ပြုတ်နေတဲ့ သူ့လက်ကိုကြည့်ပြီး ကြောက်လန့်တကြား ထွက်ပြေးကြတယ်။ သူကလည်း ''ငါ့ကိုမထားခဲ့ပါနဲ့၊ ငါ့ကိုမထားခဲ့ပါနဲ့၊ ငါကြောက်တယ်'' လို့အော်ပြီး ကလေးအုပ်စုနောက်ကို ပြေးလိုက်တယ်။ ကလေးတွေက သူ့ကိုကြောက်ပြီး ပတ်ပြေး၊ သူကလည်း အော်ငိုပြီး နောက်ကလိုက်ပေါ့။

ဒီမှာပဲ ညိုညိုဆိုတဲ့ကောင်မလေးက ပြေးတာကိုရပ်လိုက်ပြီး သူ့အနားကိုသွားလိုက်တယ်။ တွဲကျနေတဲ့သူ့လက်ကို ထိန်းကိုင်လိုက်ပြီး ''နင်မကြောက်နဲ့၊ ငါတို့ ဆရာကြီး ရုံးခန်းကိုသွားမယ်၊ နင့်လက် ပြန်ကောင်းလာမှာပါ'' လို့အားပေးလိုက်တယ်။ တင်အုန်းကျင်လည်း ညိုညိုကို အားကိုးတကြီး မော့ကြည့်ပြီး ချက်ချင်းအငိုတိတ်သွားတယ်။

သူတို့နှစ်ယောက် ရုံးခန်းကိုရောက်တော့ ဆရာကြီးကချက်ချင်းပဲ ဆေးရုံပို့ဖို့ပြင်တယ်။ ဆရာကြီးက ညိုညိုရဲ့ခေါင်းကိုပုတ်ပြီး ''ညည်း ဘယ်နှတန်းလဲ''လို့ မေးတော့ ညိုညိုက ''ဒုတိယတန်းပါ''လို့ပြန်ဖြေလိုက်တယ်။ ဒီမှာတင် ဆရာကြီးက ''ညည်း တော်တော်သတ္တိကောင်းတာပဲ၊ သူ့ရဲ့ကောင်းလေးပဲ''တဲ့။

ကျွန်မတို့ကလေးတွေကိုတွေ့ရင် လူကြီးတွေက မေးလေ့ရှိတဲ့ မေးခွန်းတစ်ခုရှိတယ်။ ''ကြီးလာရင်ဘာလုပ်မလဲ''တဲ့။ ကျွန်မတို့ကလည်း ကိုယ်ဖြစ်ချင်တာလေးတွေကို စဉ်းစားပြီးပြန်ဖြေခဲ့ကြတာပေါ့။ ဒါပေမဲ့ ဒီမေးခွန်းတစ်ခုတည်းကိုပဲ ကျွန်မတို့ရဲ့အဖြေက တစ်နှစ်နဲ့တစ်နှစ် မတူကြတော့ဘူး။ ဒီနှစ်ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒက နောက်တစ်နှစ်မှာ တစ်မျိုးဖြစ်ချင်ဖြစ်သွားတာ။ ဒီနှစ်မှာ ဆရာမ လုပ်မယ်ဆိုတဲ့သူက နောက် ၃နှစ်မှာ အင်ဂျင်နီယာလုပ်မယ်ဖြစ်ပြန်ရော။ ကျွန်မဆိုရင် မူလတန်းကျောင်းသူဘဝက ဆရာမဖြစ်ချင်ခဲ့ပြီး အလယ်တန်းလည်းရောက်ရော စာရေးဆရာ ဖြစ်ချင်သွားတယ်။ ဒါပေမဲ့ ကျွန်မရဲ့အစ်မကတော့ ကျွန်မတို့လိုမဟုတ်ဘူး။ နှစ်တွေ ဘယ်လိုပြောင်းပြောင်း သူ့အဖြေကတော့ တစ်ခုတည်းပဲ။ ဘယ်နှကြိမ်၊ ဘယ်နှခါမေးမေး သူ့အဖြေကတစ်ခုတည်း။ ''သီလရှင်ဝတ်မယ်'' တဲ့။

ကျွန်မအပါအဝင် လူကြီးတွေအားလုံးက သူ့ကို ဒီလောက်ထိ စိတ်ပြတ်သားလိမ့်မယ်လို့ မထင်ထားခဲ့ဘူးပေါ့။ တကယ်ပဲ သူဟာ ဘွဲ့ရလို့

အလုပ်ဝင်လုပ်ပြီး အသက် ၄၂ နှစ်မှာ သီလရှင်ဝတ်သွားတယ်။ ကျွန်မတို့ မစွန့်စားရဲတဲ့ အလုပ်တစ်ခုကို လက်တွေ့လုပ်ပြသွားခဲ့တယ်။ သူဟာ ကျွန်မတို့ အားလုံးအတွက် တကယ့်သူရဲကောင်းပါပဲ။

ဦးတင်ကိုကိုတို့ ဇနီးမောင်နှံက စာရေးဆရာ၊ ကဗျာဆရာတွေ။ သားသမီး ၄ ယောက်ရှိတယ်။ လင်မယားနှစ်ယောက်စလုံးက စာရေးဆရာတွေဆိုတော့ စားဝတ်နေရေး ဘယ်ပြေလည်ပါ့မလဲ။ ဝါသနာပါတဲ့ စာရေးတဲ့ အလုပ်ကိုလုပ်ရင်း တစ်ဖက်ကလည်း ဝင်ငွေရအောင် လမ်းဘေးမှာ စာအုပ် အဟောင်းရောင်းရတယ်။ ဘဝကို ကျပ်ကျပ်တည်းတည်းနဲ့တည် ဆောက်နေကြရတာပေါ့။

အဲဒီမှာ ဦးတင်ကိုကိုရဲ့ သူငယ်ချင်းမိတ်ဆွေက နိုင်ငံခြားကနေ လှမ်းခေါ်တယ်။ တစ်မိသားစုလုံးလာခဲ့ဖို့ အစစအရာရာ တာဝန်ယူပြီး ခေါ်တာ။ တခြားသူတွေဆိုရင်တော့ ဒီလိုအခွင့်အရေးရလို့ ပျော်ကြမှာပဲ။ မိသားစု အဆင့်အတန်းမြင့်မြင့်နေရဖို့၊ သားသမီးတွေ နောင်ရေးစိတ်အေးရဖို့ဆိုတဲ့ အတွေး မျိုးနဲ့ပေါ့။ ဒီလိုပဲလေ နိုင်ငံခြားမှာ စီးပွားရှာရင်းအသက်ကြီးမှ အဘိုးကြီး၊ အဘွားကြီးဖြစ်မှ ကိုယ့်တိုင်းပြည်ပြန်လာပြီး ခေါင်းချမယ်ဆိုတဲ့သူတွေ အများကြီးပါပဲ။

ဦးတင်ကိုကိုတို့ ဇနီးမောင်နှံကတော့ ဒီလိုမဟုတ်ကြဘူး။ သူတို့နှစ်ယောက်ရဲ့ တူညီတဲ့သဘောထားက ကိုယ့်မိသားစုထက် ကိုယ့်တိုင်းပြည်ကို ပိုချစ်တယ်တဲ့။ တိုင်းပြည်အတွက် ပေးဆပ်ချင်လို့ ဒီတိုင်းပြည်ကနေ ဘယ်မှ မခွာနိုင်ဘူးတဲ့လေ။ သူငယ်ချင်းရဲ့ဖိတ်ကြားချက်ကို ငြင်းလိုက်ကြတယ်။ နှလုံးသားနဲ့ခံစားတတ်တဲ့ စာရေးဆရာတွေပီပီ ရဲရင့်လိုက်ကြတာ။ တကယ့်ကို သူရဲကောင်းတွေပါပဲ။

ကျွန်မတို့ပတ်ဝန်းကျင်မှာ ကျွန်မတို့မသိသေးတဲ့၊ သတိမထားမိတဲ့ သူရဲကောင်းတွေ အများကြီးရှိကြမှာပါပဲ။ သင်ကော သူရဲကောင်းလား။

*7 Day , January 10, 2008.*

●●●

# ကြွပ်ကြွပ်အိတ် တော်လှန်ရေး

ပုတ်သင်ညိုကလေးတွေဟာ ရာသီအလိုက် အရောင်ပြောင်းတတ်သလိုပါပဲ။ လူသားတွေရဲ့စိတ်ဟာလည်း အချိန်ကာလပြောင်းလဲသည်နှင့်အမျှ အာရုံကျက်စားမှု(စားကျက်)တွေဟာ ပြောင်းလဲလာပါတယ်။

ကျွန်မကလေးဘဝက ရွှေဂေါ်င်းပြောင်၊ စံရွှေမြင့်၊ သမိန်ပေါသွပ် ကာတွန်းတွေ စွဲလမ်းခဲ့တယ်။ နည်းနည်းလေးအရွယ်ရောက်လာတော့ တရုတ်သိုင်းဝတ္ထု၊ အဲဒီနောက် အချစ်ဝတ္ထု။ အချစ်ဆိုတဲ့အရာကို စိတ်ဝင်စားမိပြီ။ ငြိမ်းကျော်၊ မောင်စိန်ဝင်း(ပုတီးကုန်း)တို့ရဲ့ ဝတ္ထုတွေကို ကျွန်မ တရှိုက်မက်မက်စွဲလမ်းခဲ့တယ်။

ခုလို အသက် ၄၀ ကျော် အရွယ်ရောက်လာတော့ အချစ်ဆိုတဲ့ အရာထက် ကျွန်မကိုပိုလွှမ်းမိုးနိုင်တာက ကျွန်မတို့မှီတင်းနေထိုင်နေတဲ့ ကမ္ဘာကြီးပဲ။ Globle Issue တွေကို ကျွန်မပိုပြီး စိတ်ဝင်စားလာတယ်။ ဆောင်းပါးတွေ၊ အက်ဆေးတွေကိုဖတ်ရတာ ခံတွင်းတွေ့လာတယ်။ ဆောင်းပါးကောင်းကောင်းလေးတွေဖတ်လိုက်ရရင်ကို ဟင်းလက်ရာကောင်းကောင်းနဲ့ ထမင်းစားလိုက်ရသလို စိတ်ထဲမှာ ကျေနပ်ပီတိတွေဖြစ်ရတယ်။ ကျွန်မ အဲဒီအရသာကို ကြိုက်သွားပြီ။ ကျွန်မ ဆောင်းပါးတွေစွဲနေပြီ။

ကျွန်မတို့ နေထိုင်ရာကမ္ဘာကြီး ပူနွေးလာပြီ၊ အိုဇုန်းလွှာပါးပြီး အပေါက်ကြီးဖြစ်နေပြီ၊ နေကကျတဲ့ ခရမ်းလွန်ရောင်ခြည်ဟာ အလွန်အမင်းကျရောက်ရင် အရေပြားကင်ဆာဖြစ်နိုင်တယ်၊ အဲဒီရောင်ခြည်တွေကို အိုဇုန်းက ကာထားတယ်၊ အိုဇုန်းတစ်ရာခိုင်နှုန်းလျော့ရင် ခရမ်းလွန်ရောင်ခြည်ပမာဏ ၁ ဒသမ ၃ ရာခိုင်နှုန်းတိုးစေတယ်၊ လူသားတွေအနေနဲ့ ဒီအတိုင်းပဲ လျစ်လျူ

ရှုထားမယ်ဆိုရင် တစ်ချိန်ချိန် ကမ္ဘာကြီးမှာ သက်ရှိသတ္တဝါတွေ ပျောက်ကွယ်ကုန်မယ်တဲ့။ ခုတောင် တချို့တိရစ္ဆာန်တွေ မျိုးတုံးကုန်ပြီဆိုပဲ။

သဘာဝပေးတဲ့ပြာလဲ့လဲ့ မိုးကောင်းကင်ဟာ စက်မှုလုပ်ငန်းတွေကြောင့် မီးခိုးရောင်လွှမ်းနေပြီ။ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ တိုးလာတာကြောင့် သစ်ပင်တွေဟာ အကြီးမြန်သလို သက်တမ်းမကုန်မီ သေကုန်တော့မယ်။

သစ်တောတွေပြုန်းတီးရင်၊ တောင်ကတုံးတွေ ပေါများနေရင် မြစ်၊ ချောင်းတွေမှာ ရေစီးဆင်းမှု မညင်သာတော့ဘူး။ သဘာဝသယံဇာတအရင်းအမြစ်တွေက တစ်ခုနဲ့တစ်ခု သဘာဝမှီတင်းအကျိုးပြု (ဂေဟစနစ်) ပြီး ကမ္ဘာကြီးကို တည်တံ့အောင် ကာကွယ်နေကြတာတဲ့။ ကဲ ကျွန်မတို့ လူသားတွေကရော ကမ္ဘာကြီးကိုဘယ်လိုကာကွယ်ကြမလဲ။ ကျွန်မတို့ရဲ့ နောက်မျိုးဆက်များစွာအတွက် ကျွန်မတို့ ဘာလုပ်ခဲ့ကြမလဲ။

ဆောင်းပါးတွေကပေးတဲ့အသိတွေနဲ့ ကျွန်မခေါင်းထဲမှာ မေးခွန်းတွေ တန်းစီနေတော့တယ်။ ကျွန်မတို့နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံပဲ ရှိသေးတယ်။ ကမ္ဘာကြီးကို ကယ်ဆယ်ဖို့ ကျွန်မတို့တစ်နိုင်တစ်ပိုင် ဘာလုပ်နိုင်မလဲ။ ကျွန်မတို့အရင်ဦးဆုံးစဉ်းစားကြည့်ရမှာက ကျွန်မတို့က ကမ္ဘာကြီးကို ဘာအမှားတွေ လုပ်ခဲ့ကြတာလဲ။

ကျွန်မတို့က နေ့စဉ်နဲ့အမျှ ကမ္ဘာမြေပေါ် အမှိုက်တွေ ပစ်ချနေကြတယ်။ လူဦးရေများလာလေ အမှိုက်တွေလည်း များလာလေပေါ့။ အဲဒီအမှိုက်တွေထဲမှာ ပလတ်စတစ်ပစ္စည်း၊ ကြွပ်ကြွပ်အိတ်၊ ဖော့ဘူးတွေက အများဆုံးပေါ့။ အဲဒါတွေက မြေဆီလွှာမဖြစ်တဲ့အပြင် မြေဆီလွှာကို ယုတ်လျော့စေတယ်။ ဆွေးမြည့်ဖို့လည်း မလွယ်ကူဘူး။ ဆွေးမြည့်လာရင်လည်း ထွက်ပေါ်လာတဲ့ အငွေ့အသက်တွေကအဆိပ်တွေတဲ့။ ဒီတော့ ကြွပ်ကြွပ်အိတ်တွေဟာ ကျွန်မတို့ရဲ့ အနီးကပ်ရန်သူ (ကမ္ဘာမြေရဲ့ရန်သူ) ပဲပေါ့။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်းပါးတွေမှာ ဒီအမှိုက်တွေရဲ့ ဆိုးကျိုးကိုရေးနေကြတာ ဆယ်စုနှစ်လည်း မကတော့ပါဘူး။ ဒါပေမဲ့ ကျွန်မတို့ ပတ်ဝန်းကျင်မှာ ကြွပ်ကြွပ်အိတ်တွေဟာ နေ့စဉ်အသုံးဝင်နေဆဲ၊ ဖောဖောသီသီ သုံးစွဲနေဆဲပါပဲ။ အန္တရာယ်က ချက်ချင်းမဖြစ်သေးတော့ ကျွန်မတို့တွေ မကြောက်ကြသေးဘူး။ ကမ္ဘာကြီးကိုကယ်တင်ဖို့ ကျွန်မတို့ရဲ့ ပထမခြေလှမ်းဟာ ကြွပ်ကြွပ်အိတ်တော်လှန်ရေး ဖြစ်သင့်တယ်။

ကျွန်မတို့တွေ စာထဲကနေရေးနေ၊ ပြောနေရုံနဲ့ မလုံလောက်တော့ဘူး။ လက်တွေ့ပါ လိုက်နာကျင့်သုံးနိုင်အောင် အားထုတ်ရတော့မယ်။ Recycle ပစ္စည်းတွေသုံးနိုင်အောင် ကြိုးပမ်းရတော့မယ်။ ဒီအလုပ်က ကျွန်မတို့တစ်နိုင်တစ်ပိုင်လုပ်နိုင်ပါတယ်။ ပိုက်ဆံသိပ်မကုန်ဘဲနဲ့ ဈေးပေါတဲ့ ပိတ်ကြမ်းတွေကို သုံးမယ်။ ကြွပ်ကြွပ်အိတ်အစား ပိတ်အိတ်တွေသုံးမယ်။ အသားကျနေတဲ့ အနေအထားကနေ ပြောင်းလဲဖို့အတွက်တော့ ခက်မယ်လေ။ ကျွန်မတို့တစ်တွေ နည်းနည်းတော့ အားစိုက်ရမှာပေါ့။

တချို့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလိုလားသူအဖွဲ့က Recycle အိတ်တွေ ရောင်းနေတယ်တဲ့။ ကြားရတာ ဝမ်းသာစရာပါ။ ဒါပေမဲ့ လူထုထဲကို ထဲထဲဝင်ဝင်ရောက်သွားအောင်လုပ်ဖို့ကတော့ အိတ်တွေကိုရောင်းတာထက် အလကားပေးပြီး ဖြန့်ဝေလိုက်ရင် ပိုပြီးထိရောက်မယ်လို့ထင်တယ်။ အဲဒီလိုပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ဝင်စားတဲ့သူတွေ စုလိုက်ပြီး အဖွဲ့ကလေးတွေ ဖွဲ့ကြမယ်။ တတ်နိုင်သလောက် ရန်ပုံငွေလေးတွေနဲ့ လူထုကို အိတ်ကလေးတွေ လိုက်ဝေမယ်။ ဒါဆို လူထုလက်ထဲကို အိတ်ကလေးတွေ ရောက်သွားပြီ။ ဒါက ပထမအဆင့်ပေါ့။ လူထုက စိတ်ပါဝင်စားစွာနဲ့ အဲဒီအိတ်ကို စွဲစွဲမြဲမြဲအသုံးပြုဖို့ကတော့ ဒုတိယအဆင့်။

သူများအိမ်ကို ဧည့်သည်သွားလုပ်တဲ့အခါ အိမ်ရှင် ချကျွေးတဲ့မုန့်ကို အားနာလို့ ယူမစားဘူး။ ဒီတော့ အိမ်ရှင်က စားစေချင်လို့ အတင်းမုန့်ကို လက်ထဲထည့်ပေးတော့ အားနာပါးနာနဲ့ စားပစ်လိုက်သလိုပေါ့။ ကျွန်မတို့တစ်တွေလည်း Recycle အိတ်ကလေးတွေကို လက်ထဲအတင်းထည့်ပေးကြရအောင်။

ကမ္ဘာကြီးဟာ ကျွန်မတို့အားလုံးရဲ့ အိမ်ပါပဲ။ ကျွန်မတို့ရဲ့အိမ်ကို ကျွန်မတို့က မကာကွယ်ရင် ဘယ်သူတွေက ကာကွယ်ပေးမှာလဲ။

*7 Day , January 15, 2009.*

●●●

# ၇၉ ထပ်

လှေကားတွေ တစ်ထစ်ပြီးတစ်ထစ် နင်းလာလိုက်တာ ၇၉ ထစ် ရောက်ပြီဆိုရင် မောပြီပေါ့။ ဒီလိုပဲ သက္ကရာဇ်တွေ တစ်နှစ်ပြီးတစ်နှစ် ဖြတ်ကျော်လာခဲ့တာ ၇၇၊ ၇၈၊ ၇၉ နှစ်ရှိပြီဆိုတော့ ဖေဖေ မောပြီပေါ့။ သို့သော် ကျွန်မ သိပါသည်။ ဖေဖေ မယိုင်လဲနိုင်သေးဘူးဆိုတာ။

ကျွန်မကပဲ အတ္တကြီးလွန်းလို့လား မသိပါ။ ဖေဖေ့ကို ကျွန်မက ယခုထိ အဘိုးအိုတစ်ယောက်လို မမြင်မိ၊ မခံစားမိ။ ဖေဖေ အသက်ကြီးပြီဆိုတာကို လက်ခံပါသည်။ သို့သော် ကျွန်မ၏မသိစိတ်ထဲမှာတော့ ဖေဖေက ဘယ်တော့မှ မအိုသေးပါ။ ဟိုအရင်တုန်းကလို ဖေဖေရဲ့စိတ်တွေက ပြတ်သားတုန်း၊ ဖေဖေ့ရဲ့ခြေလှမ်းတွေက ခိုင်မာနေတုန်းပဲလေ။ တစ်ခုပဲ ပြောစရာရှိသည်။ ဖေဖေရဲ့မျက်နှာ။ ဖေဖေ့ရဲ့မျက်နှာကတော့ ပြောင်းလဲသွားခဲ့ပြီ။ မျက်ခွံမို့မို့အစ်အစ်တွေက မျက်လုံးပေါ်ကို တွဲကျလွန်းနေသည်။ နားထင်နှစ်ဖက်ကချိုင့် ဝင်လို့။ ပါးပြင်ရဲ့အသားအရေတွေက လျော့တိလျော့ရဲနှင့် ဇရာ၏ သွင်ပြင်လက္ခဏာတွေပါ။

အဆိုးဆုံးက မျက်လုံးတွေ။ ဖေဖေ့ရဲ့ မျက်လုံးတွေက အရောင်မှိန်နေပြီ။ ဘယ်အချိန်ပဲကြည့်ကြည့် ခပ်ဖျော့ဖျော့၊ ခပ်မှိန်မှိန်။ တပ်မက်မှုအရောင်တွေကင်းမဲ့နေတဲ့ ပကတိ မျက်လုံးစစ်စစ်တွေ။ အရာအားလုံးကို လျစ်လျူရှုနေတဲ့မျက်လုံးမျိုး။ တစ်စုံတစ်ယောက်က တစ်ခုခုပြောရင် ဖေဖေ့ရဲ့ အကြည့်က ဒါတွေ ငါသိပါတယ်ဆိုတဲ့ အကြည့်မျိုးနဲ့ပေါ့။ ဟိုတုန်းက စကားတွေ တအားပြောတတ်တဲ့ ဖေဖေက အခုတော့ မျက်လုံးတွေနဲ့ပဲ စကားပြောတော့သည်။

သူများတွေက အသက်ကြီးလာရင် စကားတွေ အရမ်းများလာကြတယ် ဟုဆိုကြသော်လည်း ကျွန်မရဲ့ဖေဖေကတော့ အသက်ကြီးလာလေ စကားတွေ ပါးလျတိုးတိမ်လေပါပဲ။ ရေငုံနှုတ်ပိတ် တိတ်ဆိတ်လွန်းလှသည်။ ကျွန်မ ဖေဖေစကားပြောအောင် ဘယ်လိုလုပ်ရပါ့။ အရင်တော့ ဖေဖေက စကားပြောရင် ရင်ခေါင်းသံနဲ့ ပြောတတ်သည်။ သူ စိတ်အားထက်သန်ရင် သန်သလောက် ခြေဟန်လက်ဟန်နှင့် အားပါးတရပြောတတ်တာ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူတစ်ယောက်လို လေးနက်တည်ကြည်တဲ့ဟန်နဲ့ မာန်နဲ့ပြောတတ်တာ။ ကျွန်မ ဖေဖေ့ကို အဲဒီလိုဟန်ပန်မျိုးနှင့် ပြန်မြင်ချင်ပါသည်။ ဖေဖေ့ရဲ့စကားလုံးတွေ၊ အားမာန်တွေ ဘယ်ရောက်ကုန်ပြီလဲ။ စကားလုံးများ ဆွံ့အရလောက်အောင် ခံစားမှုကင်းမဲ့ကုန်ပြီလား။ တကယ်ပဲ ဇရာဆိုတာကြီးက ဖေဖေရဲ့ အားမာန်တွေကို ယူသွားခဲ့ပြီလား။ ကွဲကွဲပြားပြား ကျွန်မ သိချင်ပါသည်။

ဖေဖေက စည်းကမ်းကြီးသူတစ်ယောက်ပါ။ ငယ်ငယ်ကတည်းက ကိုယ့်ဝမ်းကိုယ်ကျောင်းကာ ကျောင်းတက်ခဲ့ရသူမို့ ကျွန်မတို့သမီးတွေကို လူပေါ့ လူညံ့တွေ မဖြစ်စေလိုပါ။ ကိုယ်ဒူးကိုယ်ချွန်စိတ် ရှိစေချင်သည်။ ငယ်ငယ်က ကျွန်မတို့ညီအစ်မတွေ ဆော့ကစားနေရင်း တစ်ယောက်ယောက် ချော်လဲပြီဆို ဖေဖေက ဘယ်တော့မှ လာမထူပေးပါ။ "မနာပါဘူး၊ ကိုယ့်ဘာသာကိုယ်ရအောင်ထ" ဟုပဲအမြဲပြောသည်။

တစ်ခါက ဖေဖေ့ရှေ့မှာ ကျွန်မ ကြမ်းပေါက်ကျွံသွားသည်။ ပြေးလာသည့်အရှိန်နှင့်ဆိုတော့ ခြေထောက်တစ်ချောင်းလုံး ကြမ်းပေါက်ထဲကျကာ တော်တော်နာသွားသည်။ နာလွန်းလို့ ရှုံ့မဲ့နေသည့် ကျွန်မမျက်နှာကိုကြည့်ပြီး ဖေဖေက ထိုင်ရာက မထဘဲ သူ့လက်သုံးစကားကိုပဲ ပြောပါသည်။ ကျွန်မကို လာမထူပေးပါ။ အဲဒီလို ဖေဖေက သူများကိုမှီခိုချင်စိတ်မရှိအောင် လေ့ကျင့်ပေးပါသည်။

လူတော်တစ်ယောက်ဖြစ်သော ဖေဖေက သမီးတွေကို သူ့ထက်တော်စေ၊ တက်စေချင်သည်။ သို့သော် ဖြစ်စေချင်သည်ကိုတော့ အတင်းပုံမသွင်းပါ။ ညင်သာပျော့ပျောင်းစွာ သူလိုရာကို ဆွဲယူ သိမ်းသွင်းသွားပါသည်။ ဖေဖေသိမ်းသွင်းသည့် ပုံစံက ပညာသားပါသည်။ ကျွန်မ ၇ တန်းနှစ်က ဖြစ်သည်။ လခထုတ်သော တစ်ရက်တွင် ဖေဖေက ဦးထုပ်နှစ်လုံး ဝယ်လာသည်။ တစ်လုံးက ပလတ်စတစ်ဦးထုပ်။ အဖြူနှင့် အစိမ်း ကွက်ကြား

ကလေး။ နောက်တစ်လုံးက မြက်ဦးထုပ်။ ကျွန်မကို ပလတ်စတစ်ဦးထုပ် ကလေးဆောင်းပေးပြီး ဖေဖေက "သမီးက ၇ တန်းကျောင်းသူကြီး ဖြစ်ပြီ ဆိုတော့ ဈေးကြီးတဲ့ ၇ ကျပ်တန် ဦးထုပ်လှလှလေး ဝယ်ပေးတာ။ ဖေဖေက ချွေတာတဲ့အနေနဲ့ ၃ ကျပ်တန် မြက်ဦးထုပ်ပဲ ဆောင်းတယ်။ ဖေဖေက ကိစ္စ မရှိဘူး။ ဖေဖေ့အတွက် လှဖို့မလိုဘူး။ သမီးက ကျောင်းသွားရင် ဦးထုပ်လှလှ ကလေးနဲ့ ရှိုးထုတ်ချင်တာမှတ်လား။ နောက် သမီးသာ ဒီထက်အတန်းကြီး လာရင် ဒီထက်တန်ဖိုးကြီးတဲ့၊ ဒီထက်ပိုလှတဲ့ ဦးထုပ်ကို ဝယ်ပေးဦးမှာ" တဲ့။

ကျွန်မက ဦးထုပ်ခရေဇီ။ ဦးထုပ်ကို တစ်နေ့တစ်မျိုးပြောင်းပြီး ဆောင်းချင်တာ ဖေဖေက သိထားသည်လေ။ ကျွန်မမှာ ဦးထုပ်ကလေးကို သဘောကျနေရင်းက ဝမ်းနည်းဝမ်းသာ ဖြစ်ရပါသည်။ ဖေဖေက ငါ့ကို ဈေးကြီးတာဝယ်ပေးပြီး သူကတော့ ဈေးပေါတဲ့ မြက်ဦးထုပ်ပဲ ဆောင်းတယ်ဟု တွေးကာ စိတ်မကောင်းမိ (ထိုခေတ်က ဖေဖေ၏ကျန်းမာရေးမှူးလစာသည် ၄၅၀ ကျပ်ဝန်းကျင်ဖြစ်သည်။ ကျွန်မတို့ ညီအစ်မလေးယောက်၏ ကျောင်း စရိတ်တွေနှင့်ဆိုတော့ ဖေဖေ ချွေတာရသည်ပေါ့)။ ဘာပဲပြောပြော ထိုနေ့က ဖေဖေ၏ စကားတစ်ခွန်းသည် ကျွန်မကိုယ်ကျွန်မ ၇ တန်း ကျောင်းသူကြီးဟု သွေးနားထင်ရောက်စေကာ စာတွေကို အရင်ကထက် စိတ်ပါလက်ပါ အော် ကျက်နေမိတာတော့ အမှန်ပင်။

ယခုဆိုလျှင် ဖေဖေသည် ဘဝတစ်လျှောက်လုံး လင့်ဝတ္တရား၊ ဖခင် ဝတ္တရားကျေပွန်စွာ အားမာန်အပြည့်ဖြင့် သက္ကရာဇ်လှေကားထစ်များစွာကို ဖြတ်ကျော်လာခဲ့သည်မှာ ၇၉ ထစ်သို့ပင် ရောက်နေပါပြီ။ ဖေဖေ မောပြီး စိတ်လျှော့သွားမှာကို စိုးရိမ်မိပါသည်။ တစ်ချိန်တုန်းက ကျွန်မတို့ပြိုလဲမှာကို စောင့်ကြည့်နေသော ဖေဖေ့ကိုယခုတော့ ကျွန်မတို့ကပြန်စောင့်ကြည့်နေရပြီ။ ကျွန်မ ဖေဖေ့ကို မလဲပြိုစေချင်သေးပါ။ ဘယ်သူထူ၍မှ မထချင်သော၊ ဘယ်သူ့အကူအညီမှ မယူချင်သော ဖေဖေလဲကျသွားလျှင် ပြန်မထနိုင်မှာကို စိုးရိမ်နေမိပါသည်။ အဲဒီအချိန်မှာ ကျွန်မမှာ ဘယ်လိုအင်အားမျိုးနဲ့ ဖေဖေ့ရဲ့ လက်သုံးစကားကို ပြောထွက်ရက်နိုင်မှာလည်းနော်။

*7 Day , July 16, 2009.*

●●●

# ရွက်ကျပင်

ရွက်ကျပင်ဆိုတာ အရွက်ကျတဲ့နေရာမှာ အပင်ပေါက်သတဲ့။ လွယ်လိုက်တာနော်။ ကျွန်မဘဝကရော ဘာထူးသေးလဲ။ ကျတဲ့နေရာမှာ ဘဝဖြစ်သွားတာ။ ကျွန်မလည်း ရွက်ကျပင်။

ပြင်ခရိုင်ကနေ ပြောင်းရွှေ့ခွင့်တင်တော့ ငပုတောမြို့နယ်ထဲက အုတ်သဘော်ဆိုတဲ့ ရွာကလေးကို ရွေးလိုက်မိတယ်။ သဘော်တွေများ ပိုင်ကြပြီး ရွာက ချောင်ချောင်လည်လည်များ ရှိကြမလားပဲလို့ တွေးလိုက်မိပါတယ်။ ရွာခံမိဘတွေပြေလည်မှ ကျောင်းရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာလေ။ သူတို့တွေ မပြေလည်ရင် ကိုယ့်ကျောင်းတိုးတက်ဖို့ အနာဂတ်ကို ဘယ်လိုပဲပုံဖော်ဖော်၊ ဘယ်လိုပဲဆန္ဒရှိရှိ အလကားပဲ။ ကိုယ်ကလည်း လခပဲ ရှိတယ်။ ပီတိစား အားပဲရှိတာ။

မှတ်မိပါသေးတယ်။ အခုလိုမှောင်ရီပျိုးစအချိန်ကလေးမှာ ဒီရွာကို ရောက်လာတာ။ ရွာဝင်လမ်းကလေးထဲကိုသာ ဝင်လာတယ်၊ လူတစ်ယောက်မှ မတွေ့သေးဘူး။ အိမ်ကလေးတွေက တဲသာသာ တချို့လည်း ပုဏ္ဏရိက်ပင်တွေ ဟိုတစ်စု ဒီတစ်စု။ အုတ်နဲ့တူတာ ဘာမှမတွေ့။ ဒီလောက်ခြောက်သွေ့နေတဲ့ရွာ။ လူတွေမှရှိရဲ့လားလို့ တွေးချင်စရာ။ ရှေ့မှာ ဆိတ်ကျောင်းနေတဲ့ ကလေးလေး နှစ်ယောက်။ ဝမ်းသာအားရနဲ့သူတို့အနားသွားပြီး နှုတ်ဆက်လိုက်တယ်။

"ကလေးတွေ ဆရာမက ဒီရွာကိုစာလာသင်တဲ့ဆရာမ။ စာသင်ကျောင်းက ဘယ်နားမှာလဲ။ ဆရာမကို လိုက်ပို့ပေးကြနော်"

ကလေးနှစ်ယောက်က ကျွန်မမျက်နှာကို ကြောင်စီစီနဲ့ကြည့်နေကြတယ်။ ဟယ်တော့၊ သူတို့ ကျွန်မစကား နားမလည်ကြပါလား။ ဒါဆို သူတို့

မြန်မာစကား မတတ်ကြဘူးပေါ့။ သွားပြီ ငါတော့ လျှာထွက်ပြီလို့ တွေးမိပြီး ရွာလယ်လမ်းမပေါ်မှာ မတ်တတ်ရပ်ရင်းက စိတ်ပျက်အားငယ်စွာ ငိုချင်မိသွားတယ်။ ကျွန်မအထင်နဲ့အမြင်ကတော့ တခြားစီပါပဲ။ ရွာကလေးက ပိုက်ဆံမရှိ။ သွားရေးလာရေးခက်တော့ ဈေးကွက်မရှိ။ ကျောင်းအပ်ဖို့တောင် မိဘက ပိုက်ဆံအနိုင်နိုင်။ ကျောင်းကလေးပြန်ဆောက်ဖို့ အလှူငွေ ဘယ်လိုလုပ်ကောက်ခံမလဲ။ နောက်ဆုံး ပိုက်ဆံမရှိလည်း လူပဲလာပါဆိုပြီး ကျောင်းသားကို အတင်းလိုက်ခေါ်ရတော့တယ်။ သူတို့လေးတွေ ချောင်းထဲဆင်း၊ ငါးနှိုက်၊ ပုစွန်နှိုက်နေကြတာ ကျွန်မ မကြည့်ရက်ဘူးလေ။

အများနဲ့တစ်ယောက်ဆိုတော့ ဆက်ဆံရေးပြေလည်စေဖို့ ကျွန်မက သူတို့ဆီက ကရင်စကား သင်ယူရတယ်။ ပြီးမှ ကျွန်မက မြန်မာစကား ပြန်သင်ပေးပေါ့။ စာသင်ကျောင်းကလေးက တောင်ကုန်းမြင့်မြင့်လေးပေါ်မှာ။ ကျောင်းရှေ့တည့်တည့်မှာက ကြီးမားတဲ့စိန်ပန်းပင်ကြီး။ နွေရာသီဆို တစ်ပင်လုံးကို ရဲနေတော့တာ။ ထိန်ထိန်ကိုတောက်လို့။ ကျွန်မနေဖို့အိမ်ကို ကျောင်းအနီးအနားမှာပဲ ဆောက်ပေးဖို့ပြောရတယ်။ အိမ်ကလေးကို ရွာသားတွေက ဝိုင်းဆောက်ပေးကြပါတယ်။ ထရံကာ၊ ဓနိမိုးအိမ်ကလေးပေါ့။ လက်သမားခ ပိုက်ဆံပေးတော့ မယူကြဘူး။

သူတို့ပြောပုံကလည်း ကြည့်ပါဦး။ "ကျွန်တော်တို့ကို အရက်ပဲ ဝယ်တိုက်ပါဆရာမ" တဲ့။ တစ်ရွာလုံးမှာ အိမ်သာက ခပ်ရှားရှား။ အများက တောထဲတိုးကြတာ။ ရှိတဲ့အိမ်သာက ကျင်းနဲ့မဟုတ်ဘူး။ အပေါ်မှာ ကိုယ့်ကိစ္စက မပြီးသေးဘူး အောက်မှာ ဝက်ကရောက်နေပြီ။ ရောက်ခါစက ကျွန်မမှာ ထိုင်နေရင်းက ဝါးလုံးနဲ့ ဝက်ကို မောင်းရသေးတယ်။ ကျွန်မက ရေလောင်းအိမ်သာ ဆိုတာကို ရှင်းပြတော့ မမြင်ဖူးကြတဲ့သူတွေတောင် ရှိတယ်။ လူလတ်ပိုင်း ရောက်နေပြီ။ ရန်ကုန်ဆိုတာ ဝေးလာဝေး ငပုတောကို တောင် မရောက်ဖူး သေးတဲ့သူတွေက အများကြီး။

ရွာမှာက မူလတန်းကျောင်းပဲရှိတာဆိုတော့ ပညာအရည်အချင်းက လေးတန်းအောင်အဆင့်တွေပဲ များကြတယ်။ ကိုယ့်ရွာကနေ ၇ မိုင်လောက် ဝေးတဲ့ရွာဆီ ကျောင်းသွားတက်ပြီး အထက်တန်း၊ အလယ်တန်းပညာ သင်ယူဖို့ဆိုတာ မတတ်နိုင်တဲ့အခြေအနေတစ်ခု။ ကလေးတွေကလည်း မမျှော်မှန်းရဲကြသလို လူကြီးတွေဘက်ကလည်း ခဲယဉ်းလွန်းသည့်ကိစ္စတစ်ရပ်။ ဒီလိုနဲ့ ထင်းခုတ်၊ လယ်လုပ်၊ ငါးရှာ၊ ဖားရှာ၊ အိမ်ထောင်ရှာ။

ကျုရာဘဝမှာ ပျော်မိတဲ့ ကျွန်မက ခြောက်ကပ်ကပ်နိုင်လှတဲ့ ရွာလေးကိုရော ကလေးတွေနဲ့ဒီကျောင်းလေးကိုပါ ကိုယ့်ရဲ့မိသားစုဘဝလေး တစ်ခုလို တွယ်တာနေမိပါပြီ။ အဲဒီမိသားစုလေးရဲ့ လားရာကောင်းအောင် အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားချင်ပါတယ်။ ကျွန်မမှာ အင်အားရှိသရွေ့ ရွက်ကျပင်တစ်ပင်ရဲ့ အစွမ်းအစလေးနဲ့ပေါ့။

*7 Day , June 18, 2009.*

● ● ●

# မိုးမျှော်ပန်း

ယခုလို နွေရာသီတွင် အထက်အညာအရပ်တွေမှာ ရေရှားသည်ကို ကျွန်မငယ်ငယ်ကတည်းက သိထားပါသည်။ မိုးခေါင်လွန်းလို့ လွန်ဆွဲပွဲတွေ ကျင်းပပြီး မိုးခေါ်ကြကြောင်း စာအုပ်တွေထဲမှာ ဖတ်ရသည်။ သို့သော် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်ကျေးရွာအုပ်စု အတော်များများမှာ သောက်သုံးရေး ရှားပါးလွန်းလှသည်ကိုတော့ ကျွန်မ မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရပါသည်။

ကျွန်မသွားခဲ့သည့်ရွာက ကြာကွင်းဆိုတဲ့ ရွာကလေးပါ။ အိမ်ခြေ တစ်ရာကျော်ကျော်လောက်ပဲ ရှိသည်။ ကရင်လူမျိုးအများစုနေသည့် ကရင် ဗုဒ္ဓဘာသာရွာကလေးပင်။ ကျွန်မရောက်သွားတဲ့အချိန်က မေလ ၉ ရက်ဆို တော့ သူတို့ရွာမှာရေရှားနေပြီ။ တစ်တွင်းတည်းသာရှိသော သောက်ရေတွင်း လည်းရေခန်းနေပြီ။ ထိုရေတစ်တွင်းကို ကြာကွင်းရွာအပြင် ကံသုံးဆယ်နဲ့ အိတ်စပုံရွာတွေကပါ သုံးကြသည်တဲ့။ ရေတွင်းတစ်တွင်းကို ရွာသုံးရွာက ဝိုင်းပြီးခပ်ကြသည်မှာ ကျွန်မအတွက်တော့ ပုံပြင်တစ်ပုဒ်လိုပင်။

ဤဒေသက နာဂစ်ဒဏ်သိပ်မခံစားရ၍ အပျက်အစီး သိပ်မရှိ။ ရေတွင်း၊ ရေကန်ရှားပါးခြင်းကြောင့်သာ နှစ်စဉ် ယခုလိုအချိန်တွင် ရေရှား ရခြင်းဖြစ်သည်။ ရေတွင်းတူးဖို့ရာလည်း လွယ်လွယ်နှင့်ရေရဖို့ သိပ်မသေချာ။ ဤဒေသမြေကြီးထု၏အောက်တွင် ကြီးမားသောကျောက်ဖျာကြောကြီးရှိသ တဲ့။ မြေကြီး၏အောက်တွင် ထူထဲသောကျောက်ဖျာခံနေလျှင် လက်နှင့်တူး ၍မရတော့။ စက်ဖြင့်ကျောက်ကို ဖောက်ပစ်ရမည်။ ထိုကျောက်အောက်တွင်မှ ရေကကျိန်းသေရှိနေသည်။ စက်ငှားခချည်းပဲ သုံးသိန်းကုန်မည်။ ကျေးရွာ

ကလူတွေ ရေတစ်တွင်းတူးဖို့ကို တော်တော်ခဲယဉ်းပြီပေါ့။ ကြာကွင်းဆရာတော် (ရွှေကြာရုံကျောင်းတိုက်)ကတော့ ရေတွင်းတူးဖို့အလှူငွေလိုက်ခံမည်ဟု ပြောသည်။

ညဆယ်နာရီကျော်မှာ ရွာက ကလေးတွေ၊ လူငယ်တွေ ရေပုံးကိုယ်စီ၊ ခွက်မီးကိုယ်စီနှင့် ရေတွင်းနားမှာ ဝိုင်းထိုင်ပြီး စောင့်နေကြသည်။ ရေတွင်းထဲက ညဘက်ထွက်လာမည့် ရေကိုခပ်ဖို့စောင့်နေကြခြင်းပင်။ ရေတစ်ပုံးစာ ရေရလာလျှင်လည်း သဲကရေပုံးအောက်ခြေမှာ လက်နှစ်လုံးခန့်ပါလာသည်။ ဤရေကို ညသိပ်ထားပြီး နောက်တစ်နေ့မှစစ်၍ သောက်ကြမည်။ ကလေးတစ်ယောက် ပလတ်စတစ်ကော်ပုံးနှစ်ပုံးစီလောက်ရလျှင် ပြန်ကြသည်။ လူကြီးတွေက မနက် ၃ နာရီထပြီး လာခပ်ကြသည်။ မိုးလင်းပြီဆို ရေတွင်းက ရေပြန်ခန်းသွားပြီကိုး။

ကျွန်မက ရေတွင်းထဲက တစ်စိမ့်စိမ့်ထွက်လာမည့်ရေကို စိတ်ရှည်လက်ရှည် ထိုင်စောင့်နေကြသော လူငယ်လေးများကိုကြည့်ရင်း အနားက ကလေးမလေးတစ်ဦးကို မေးကြည့်သည်။

"နှစ်တိုင်း ဒီလိုပဲ ညဘက်လာခပ်ရသလား"

ကလေးမလေးက -

"မဟုတ်ဘူးအစ်မ ဒီနှစ်မှ ပိုဆိုးတာ။ ကျောက်တောင်ဘက်က ကျောက်ခွဲသမားတွေက သူတို့ကားနဲ့လာသယ်ကြလို့ ရေတွင်းက ပိုခန်းသွားတာ" ဟုပြန်ဖြေသည်။

ကျွန်မဒီကိုလာတုန်းက မော်တော်ဆိပ်မှာတွေ့ခဲ့သည့် ကျောက်ခွဲသမားတွေ၊ ကျောက်တောင်ကိုမိုင်းနဲ့ခွဲပြီး ကျောက်တွေကို ဆိပ်ကမ်းဆီသယ်နေကြတာ။ သူတို့တွေက ဒီဒေသကမဟုတ်။ ကျောက်တောင်အနီးအနားမှာပဲ တဲထိုးပြီး နေနေကြသည်။

လူငယ်ကလေးတွေ မလုမယက်ဘဲ အေးအေးချမ်းချမ်း ရေခပ်နေကြတာကိုကြည့်ပြီး ရန်ကုန်မှာဆိုရင်တော့ သူ့အလှည့် ငါ့အလှည့်နဲ့ ရန်ဖြစ်နေကြမလားပဲဟု တွေးမိကာ တောသူ တောသားတွေရဲ့ အေးချမ်းတဲ့စိတ်ထားလေးတွေပဲဟု မှတ်ချက်ချမိတော့သည်။

ဤသို့သောက်သုံးရေ ရှားပါးနေသည်မှာ ကြာကွင်းတစ်ရွာတည်းမဟုတ်။ ကျွန်မရောက်ခဲ့သည့် စုန်ချောင်း၊ ကြက်ပေါင်ကုန်း၊ ကျားပျံကုန်း၊ အုတ်သဘော်ရွာတွေမှာလည်း သောက်ရေရှားကြသည်။ တစ်ရွာမှတစ်ရွာ

သောက်ရေအတွက် လှည်းများဖြင့် ရေစည်တိုက်နေကြသည်ကို မြင်ခဲ့ရသည်။ ကြာကွင်းမှ နောက်ထပ် လေးနာရီကျော်ကျော် မော်တော်ဆက်စီးသွားလျှင် မြန်မာပြည်တောင်ဘက်စွန်း ပင်လယ်ဝသို့ရောက်သည်။ ကလေးတွေမှာ ရေ တစ်ထမ်းရဖို့ရှာမှ အသွားအပြန် အချိန်တစ်နာရီကျော်ကြာသည်။

ကျွန်မတို့ ရန်ကုန်မှာတော့ မီးလာလျှင် ရေလာမည်မှာ ဓမ္မတာ။ ရေအတွက် စိုးရိမ်ကြောင့်ကြစရာမရှိသေး။ ပိုက်ဆံရှိလျှင် ရေသန့်ဝယ် သောက်နိုင်သည်။ ဒီဒေသတွေမှာတော့ ရေက ရှားပါးလွန်းနေသည်။ တကယ် တော့ ရေ၊ မြေ၊ လေ၊ တောတောင်တွေဆိုတာ သဘာဝရဲ့ သယံဇာတပစ္စည်း တွေပဲ မဟုတ်လား။ တစ်မြေတည်းနေ တစ်ရေတည်း သောက်ကြတာချင်း အတူတူသဘာဝရဲ့ သယံဇာတပစ္စည်းတွေကို သူတို့နဲ့ကျွန်မ ဘာလို့အချိုး ညီညီ မရကြတာလဲ။ ညဘက်အိပ်ရေးပျက်ခံပြီး ရေတစ်ပုံးရဖို့ အကြာကြီး စောင့်နေကြရသည့် သူတို့အဖြစ်က စိတ်ပျက်စရာ၊ စိတ်မကောင်းစရာပါ။ ကျွန်မစိတ်ထဲရှိသည့်အတိုင်း ထိုကလေးမလေးကို ထပ်မေးလိုက်မိသည်။

"ရေတစ်ပုံးရဖို့ အကြာကြီးစောင့်နေရတာ စိတ်မပျက်ဘူးလား"

ဒီတော့ ကလေးမလေးက နွမ်းလျသည့်အပြုံးကလေးနှင့် ပြန်ဖြေ ရှာပါသည်။

"စိတ်မပျက်ပါဘူး အစ်မ။ ဒီလိုပါပဲ။ နောက်မကြာတော့ပါဘူး မိုးရွာတော့မှာလေ။ မိုးရွာရင် ဒီလိုမခပ်ရတော့ပါဘူး"

တင်းတိမ်ရောင့်ရဲခြင်းနဲ့ အသားကျနေတဲ့ ချစ်စရာစိတ်ဓာတ်ကလေး။ လက်ရှိအခြေအနေကို စိတ်ပျက်ညည်းညူမနေဘဲ အကောင်းကိုရှုမြင်တတ် တဲ့ စိတ်ထားကလေးတွေ။ တော်လိုက်တာဟုတွေးပြီး ကျွန်မကိုယ်ကျွန်မလည်း ရှက်မိသွားပါသည်။

ကျွန်မပြန်မယ့်မနက်မှာ မော်တော်ဆိပ်ဆီလိုက်ပို့ကြတဲ့ သူတို့လေး တွေကို နှုတ်ဆက်ရင်း စိတ်ထဲက ဆုတောင်းနေမိပါသည်။ "မိုးမျှော်ပန်း ကလေးတွေရေ မင်းတို့ဒေသမှာ မိုးမခေါင်ပါစေနဲ့ကွယ်။ ကြည်လင်သန့်စင်တဲ့ မိုးစက်ပိုးပေါက်တွေအောက်မှာ မင်းတို့ပန်းကလေးတွေ လန်းဆန်းပါစေ ကွယ်" ဟုသာ။

*7 Day , April 1, 2010.*

●●●

# သရက်ကင်းကလေးတွေ

လူ့ဘဝတွင် ဆယ်ကျော်သက်အရွယ်သည် အင်မတန်နေထိုင်၍ အလွန်ကောင်းကြောင်း ယခုလို ၄၀ ကျော်အရွယ်မှာတော့ ကျွန်မကောင်းကောင်းသိနေပါပြီ။ လူကြီးလည်းမမည် ကလေးလည်းမကျ စကောစက ဖျတ်ဖျတ်လူး၍လည်းမရ၊ မှင်သေသေနှင့်တည်ငြိမ်ချင်၍လည်း မရသော အရွယ်ဖြစ်သည်။ စားဝတ်နေရေးဆိုတာ မသိ၊ သောကဆိုတာ မသိ၊ အချိန်တန်လျှင် မုန့်ဖိုးတောင်းပြီး ကျောင်းသွားကြရသည့် ပကတိလူငယ်အရွယ်ကလေးများပင်။ သို့သော် ကိုယ့်ဘဝလမ်းကြောင်းကို စိတ်ဒုံးဒုံးချကာ ရွေးချယ်ကြရသော၊ ဘဝအတွက် အရေးကြီးသောအချိန်ကာလများလည်း ဖြစ်နေပြန်ပါသည်။

ကျွန်မဘဝ၏ ဆယ်ကျော်သက်ကာလများတွင် အပျော်ဆုံးနေ့ရက်တစ်ရက်ရှိခဲ့သည်။ ထိုနေ့က ၁၀ တန်းအောင်သောနေ့ပင်။ သူများတွေလို ဂုဏ်ထူးမပါလို့လည်း ဝမ်းနည်းပက်လက်မဖြစ်မိဘဲ ရိုးရိုးအောင်တာနှင့်ပင် ကျွန်မ ပျော်နေခဲ့သည်။ ငါလူကြီးဖြစ်ပြီ၊ ငါပညာတတ်ကြီးဖြစ်ပြီဆိုသောအတွေးနှင့် ကြမ်းပြင်တွင်လူးလိမ့်ကာ ပျော်ရွှင်ရယ်မောနေခဲ့မိသည်ကို မှတ်မိသေးသည်။ ဆောင်းနှင်းတွေဝေနေမည့် ဒီဇင်ဘာမနက်ခင်းများမှာ တက္ကသိုလ်ကျောင်းသူဘဝ စရတော့မည်ဆိုသည့်အသိနှင့် ရင်ခုန်ကြည်နူးနေမိပါသည်။ ဩော် လွန်ခဲ့သော ၁၉၈၄ ခုနှစ်ကာလများကပေါ့။

ယနေ့လို အိုင်တီခေတ်ကျတော့ ၁၀တန်းအောင်သူ အတော်များများကိုမေးကြည့်လျှင် အလုပ်လုပ်မယ်ဆိုသည့် အဖြေမျိုးကိုဖြေကြသည်က များနေပါသည်။ အမ်စီ၊ ဂျီတီစီ၊ ကွန်ပျူတာ စသည့် လိုင်းများမှမရလျှင်

နေ့ကျောင်းမတက်ချင်ကြ။ ကျွန်မတို့ခေတ်က ၁၀ တန်းအောင်ရင် ကျောင်းဆက်တက်မယ်ဆိုသော အသိသည် ယနေ့ခေတ်မှာတော့ သိပ်အသုံးမဝင်တော့သလိုပါ။ တက္ကသိုလ်ဆိုသည့်အရာထက် သူတို့ကို ပိုပြီးလွှမ်းမိုးစေတာက အလုပ်၊ ငွေကြေးပင်ဖြစ်သည်။ သူတို့ခေတ် သူတို့ဝန်းကျင်တွင်နည်းပညာပေါင်းစုံ၊ သင်တန်းပေါင်းစုံ၊ အလုပ်ပေါင်းစုံတို့က နည်းအမျိုးမျိုးဖြင့်ဖြားယောင်းကာ ဝန်းရံနေကြသည်လေ။ ကျောင်းမတက်ဘဲ ငွေရှာချင်ကြပြီ။ အရွယ်ငယ်ငယ်တွေနှင့် လုပ်ငန်းအတွေ့အကြုံမှ သင်ခန်းစာများကိုရယူကာရင့်ကျက်ကုန်ကြပြီ။ အပြင်လောကထဲသို့ စောစောစီးစီး ခြေစုံပစ်ဝင်လာကြပြီ။

တကယ်တော့ ဒီအရွယ်ကလေးတွေက အမိတက္ကသိုလ်ရဲ့ရင်ခွင်ထဲမှာ ရင်ခုန်ပျော်မွေ့ ကြည်နူးကြရဦးမှာ။ မှားမှန်ကောင်းဆိုး ဝေဖန်ပိုင်းခြားနိုင်စွမ်းတွေ အမိတက္ကသိုလ်တွေဆီက သင်ကြားကြရဦးမှာ။ အခုတော့ သူတို့ခမျာ သူတို့ဘဝတွေဆီကပဲ ဘဝအကြောင်း၊ လောကအကြောင်း သင်ယူနေကြရသည်။ သူတို့တစ်တွေ၏ အပျော်ဆုံးနေ့သည် ဘယ်နေ့များ ဖြစ်နေမလဲ။ ကျွန်မ၏အပျော်ဆုံးနေ့နှင့် တူညီနိုင်ပါ့မလားဆိုတာကို ကျွန်မ သိချင်နေမိသည်။

သူတို့ခေတ်မှာ ကွန်ပျူတာရှေ့ထိုင်လိုက်သည်နှင့် ကမ္ဘာကြီးကိုဖတ်လို့ရပြီ။ ကျွန်မတို့တုန်းကလို နိုင်ငံတစ်ခုအကြောင်းသိချင်ရင် စွယ်စုံကျမ်းကြီးတွေ လှန်လှောနေစရာမလိုတော့။ သူတို့တစ်တွေ ကံကောင်းကြပါသည်။ ကျွန်မတို့ထက် သူတို့ပိုသိရသည်။ ပိုတတ်ရသည်။ ပို၍လည်း လွတ်လပ်လာကြသည်။ ပို၍လည်း ရဲတင်းလာကြသည်။ ကျွန်မတို့ခေတ်တုန်းကတော့ လက်ဖက်ရည်ဆိုင်ရှေ့ဖြတ်လျှောက်ရရင်ကို မိန်းကလေးတိုင်းလိုလိုဒူးတုန်နေကြသည့်ခေတ်ပေကိုး။ ကမ္ဘာကိုသိဖို့နေနေသာသာ နိုင်ငံခြားရုပ်ရှင်ကားတွေကို အဘိုး၊ အဘွားတွေကိုကြောက်လို့ မကြည့်ရဲခဲ့တဲ့အဖြစ်တွေလေ။ အခုလို လူငယ်ကလေးတွေ လွတ်လပ်လာကြ၊ ရဲတင်းလာကြတာကို ကြည့်ပြီးကျေနပ်အားရမိတာအမှန်ပါ။ သို့သော် သိပ်ပြီး လွတ်လပ်လွန်း၊ ရဲတင်းလွန်းလာမှာကိုတော့ စိုးရိမ်မိပါသည်။

ကျွန်မပတ်ဝန်းကျင်မှာ သွားရင်းလာရင်းနဲ့ ထမင်းချိုင့်ကလေးတွေနှင့်အလုပ်ယူနီဖောင်းကလေးတွေဝတ်ပြီး ကားစောင့်နေကြသည့် နုနယ်တဲ့မျက်နှာကလေးတွေကို ကြည့်မိသည်၊ မြင်မိသည်။ အပြစ်ကင်းစင်သည့် ပကတိကလေးမျက်နှာကလေးတွေ။ ဒီမျက်နှာကလေးတွေက စတိုးဆိုင်မှာ၊ အရောင်း

ပြခန်းတွေမှာ ပလာဇာတွေမှာ၊ ဓာတ်ပုံဆိုင်တွေမှာ၊ စားသောက်ဆိုင်တွေမှာ၊ ထီဆိုင်တွေမှာ နုနယ်သည့်မျက်နှာကလေးတွေနှင့် မလိုက်ဖက်စွာ ရင့်ကျက်စွာ အသားကျနေကြသည်။ ခေတ်စကားနှင့်ပြောရရင်တော့ အထာကျနေကြတယ် ပေါ့။ တစ်ခါတစ်ခါမှာ လင်ရောမယားပါ ထမင်းချိုင့်ကလေးတွေ ကိုယ်စီ ဆွဲလို့ မိုးလင်းမှမိုးချုပ် စက်မှုဇုန်တွေမှာ အလုပ်လုပ်နေကြသည့် လူမမည် လင်မယားလေးတွေ တွေ့ရရင်တော့ ကျွန်မရင်ထဲ နင့်ခနဲ နာကျင်ခါးသက် သွားပါတော့သည်။

သရက်သီးအကင်းလေးတွေကို ငါးပိရည်နှင့်တို့ပြီး ထမင်းစားရ သောအခါ တချို့လည်း ဖန်တန်တန် နွမ်းအိအိ၊ တချို့လည်း မာဆတ်ဆတ် ကြွပ်ကြွပ်ကလေးတွေ စိုင်သရက်သီးကလေးတွေဆို ကြွပ်ဆတ်ပြီး မွှေးနေ တော့သည်။ ထမင်းစား၍ အလွန်မြိန်ပါသည်။ ဒီသရက်ကင်းကလေးတွေ သာ မကြွေကျဘဲ အပင်ပေါ်မှာကြီးတဲ့အထိ၊ ရင့်မှည့်တဲ့အထိ ရှိနေမယ်ဆိုရင် ဘယ်လောက်များ ချိုအီပြီးမွှေးနေလိုက်မလဲနော်။ ဒါပေမဲ့ ဒီလိုအတွေးမျိုးကို လည်း သရက်ကင်းကလေးတွေနှင့် ထမင်းစားနေသည့် အချိန်အခိုက်အတန့် များမှာတော့ တစ်ခါမှ တွေးမကြည့်မိခဲ့တာ အမှန်ပါ။

***7 Day ,July 1, 2010.***

❁❁❁

# ကာဗွန်ခြေရာ

ကျွန်မတို့ရဲ့ကမ္ဘာကြီးဟာ ရေ၊ မြေ၊ လေ၊ တော၊ တောင်၊ လျှိုမြောင်၊ ချိုင့်ဝှမ်း၊ မြစ်ချောင်း အင်းအိုင်များနဲ့ ဟန်ချက်ညီညီလှပနေတဲ့ သဘာဝက ပေးသောလက်ဆောင်မွန်ပါ။ အခု ကျွန်မတို့မှီတင်းနေထိုင်ရာ ကမ္ဘာကြီး ဘာဖြစ်နေပြီလဲ။ ကမ္ဘာကြီးပူနွေးလာပြီ၊ ရာသီဥတုတွေပြောင်းလဲလာပြီဆိုတဲ့ အသံတွေ ကျွန်မတို့ပတ်ဝန်းကျင်မှာ ကျယ်ကျယ်လောင်လောင် ပြောနေကြပြီ။ ကမ္ဘာပူနွေးလာလို့ ရာသီဥတုတွေပြောင်းလဲကုန်တာတဲ့။ ကမ္ဘာကြီးက ဘာလို့ပူနွေးလာရတာလဲ။ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်တွေက လိုအပ်တာထက်ပိုပြီးများလာလို့တဲ့။ ဒါဆိုရင် ကမ္ဘာကြီးပူနွေးလာမှုရဲ့ အဓိကတရားခံက ကာဗွန်ဒိုင်အောက်ဆိုက်ပေါ့။

၁၉၇၀ ခုနှစ်လောက်ကစပြီး ကမ္ဘာကြီးမှာ ဖန်လုံအိမ်ဓာတ်ငွေ့ (Green-house gas) တွေများလာတယ်လို့ သိပ္ပံပညာရှင်များက ဆိုကြပါတယ်။ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏတွေ သိပ်များလာပြီ။ ပညာရှင်တချို့ တွက်ချက်ပြထားတာကတော့ စက်ရုံတွေကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိမှုပမာဏက ၄၀ ရာခိုင်နှုန်း၊ အိမ်၊ ရုံး၊ ကျောင်းတွေကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် ထွက်ရှိမှုပမာဏက ၃၀ ရာခိုင်နှုန်း၊ လူတွေ တစ်နေရာမှ တစ်နေရာ ခရီးသွားခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်သုံးစွဲမှု ပမာဏက ၂၀ ရာခိုင်နှုန်းလို့ ဆိုထားပါတယ်။

အရှေ့တောင်အာရှမှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အများဆုံးမှာ အင်ဒိုချိုင်းနားဒေသ ၅၉ ရာခိုင်နှုန်းဖြစ်ပြီး ထိုင်းက ၆ ရာခိုင်နှုန်းရှိသတဲ့။ ကျွန်မတို့မြန်မာနိုင်ငံက ဘယ်လောက်များ ဖြစ်မလဲမသိဘူးနော်။ ကာဗွန်ဒိုင်

အောက်ဆိုက်ထွက်ရှိရတဲ့ အကြောင်းရင်းတွေကတော့ စက်ရုံတွေ၊ ရေနံတွင်းတွေ၊ ကျောက်မီးသွေးတွေကို အများအပြားသုံးစွဲခြင်းတွေ၊ တောမီးလောင်ခြင်းတွေ၊ ပြီးတော့ ဒီဇယ်။

ကျွန်မတို့ဆီမှာ ရေနံတွင်းတွေရှိပေမဲ့ ဘရူနိုင်း၊ ဒူဘိုင်းတို့လောက်မများဘူး။ ကျောက်မီးသွေးအသုံးလည်း သိပ်မရှိဘူး။ တရုတ်မှာ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ထုတ်နေတာ အကြီးအကျယ်ပဲ။ ကျွန်မတို့ဆီမှာ လူတိုင်းကားဝယ်မစီးနိုင်ဘူး။ အများစုက ဘတ်စ်ကားပဲ တိုးစီးကြတာ။ ဒီတော့ ဒီဇယ်အသုံးက ချွေတာပြီးသားပေါ့။ တောမီးလောင်တာတွေလည်း နည်းပါတယ်။ ဘရာဇီးက သစ်တောတွေကိုရှင်းပစ်ပြီး မွေးမြူရေးကို အကြီးအကျယ်လုပ်ကြတာတဲ့။ အဲ မီသိန်းဓာတ်ငွေ့ကျတော့ ကျွန်မတို့က များနေမလားပဲ။ လယ်ယာစိုက်ပျိုးရေးနိုင်ငံဆိုတော့ နွားချေးတို့၊ ကောက်ရိုးဆွေးတို့က များမယ်လေ။ ဘာပဲပြောပြော အားလုံးကိုခြုံကြည့်လိုက်ရင် ကျွန်မတို့နိုင်ငံရဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏဟာ တခြားနိုင်ငံတွေထက် နည်းမယ်ထင်တာပဲ။

တကယ်တော့ ကာဗွန်ဒိုင်အောက်ဆိုက်ဆိုတာက ကျွန်မတို့အတွက် မရှိရင်လည်း မဖြစ်သလို ရှိလွန်းပြန်ရင်လည်း တကယ့်အန္တရာယ်တစ်ရပ်ပါပဲ။ ကျွန်မတို့က အောက်ဆီဂျင်ရဖို့ သစ်ပင်တွေကိုလိုအပ်သလို သစ်ပင်တွေအသက်ရှင်နိုင်ဖို့ကိုလည်း ကာဗွန်ဒိုင်အောက်ဆိုက် လိုအပ်နေသေးတယ်လေ။ ဒီတော့ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်တွေ လျှော့ချနိုင်ဖို့ဆိုရင် သစ်ပင်တွေ များများရှိဖို့လိုတာပေါ့။ ကမ္ဘာမှာဖန်လုံအိမ်ဓာတ်ငွေ့ ပမာဏများလေ သစ်ပင်တွေများများရှိဖို့လိုအပ်လေပါပဲ။ ကျွန်မတို့နိုင်ငံက စိုက်ပျိုးရေးနိုင်ငံ။ စိုက်ပျိုးဖို့မြေဧကတွေကလည်း ပေါတော့ တခြားကျွန်းနိုင်ငံတွေထက်စာရင် ကျွန်မတို့က သစ်ပင်စိုက်ဖို့အခွင့်အရေး ပိုရှိပါတယ်။

နောက်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ခြေရာ (Carbon Footprint) တဲ့။ ကိုယ့်ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်တွေ လေထုထဲကို ဘယ်လောက်ရောက်ရောက်သွားသလဲဆိုတာကို တိုင်းတာတာပါ။ ဒါကိုတင်စားပြီး ကာဗွန်ခြေရာလို့ခေါ်ကြတာ။ ကိုယ်က ကာဗွန်ဒိုင်အောက်ဆိုက် သုံးစွဲတာ များရင် ကာဗွန်ခြေရာကြီးမယ်၊ သုံးစွဲတာနည်းရင် ကာဗွန်ခြေရာသေးမယ်။ ကမ္ဘာမှာ ကာဗွန်သုံးစွဲမှုပမာဏအများဆုံးနိုင်ငံက အမေရိကန်ပဲတဲ့။ တစ်နှစ်မှာ အမေရိကန်လူမျိုးတစ်ယောက် ကာဗွန်သုံးစွဲမှုပမာဏဟာ ၂၆.၉၂၇ တန်ရှိတယ်။ အာဖရိကန်လူမျိုး တစ်ယောက်ကတော့ တစ်နှစ်မှာ ကာဗွန်သုံးစွဲမှု ပမာဏ

ခုတန်ပဲရှိတယ်။ ကျွန်မတို့ဆီမှာရော ကျွန်မတို့ တစ်ဦးချင်းစီရဲ့ တစ်နှစ်တာ ကာဗွန်သုံးစွဲမှု ပမာဏက ဘယ်လောက်လဲ။ တစ်နှစ်မှာ ကျွန်မရဲ့ကာဗွန်ခြေရာက ဘယ်လောက်လဲ။ တစ်နေ့မှာ ကျွန်မရဲ့ ကာဗွန်ခြေရာက ဘယ်လောက်လဲ။

ကျွန်မမှာ ကိုယ်ပိုင်ကား မရှိဘူး။ ဘယ်သွားသွား ဘတ်စ်ကားနဲ့ပဲပေါ့။ ဘတ်စ်ကားတစ်စီးကထွက်တဲ့ အိတ်ဇောပမာဏကို ကားပေါ်က ခရီးသည် ၁၀၀လောက်နဲ့ စားကြည့်လိုက်တော့ ကျွန်မရဲ့ကာဗွန်ခြေရာက သေးသေးလေးပါ။ ပြီးတော့ ထမင်း၊ ဟင်းကို မီးသွေးနဲ့မချက်ဘူး။ Hot Plate, Gas နဲ့ပဲချက်တယ်။ ကျွန်မအတွက် ထင်းတွေ မကုန်တော့ဘူး။ အဲဒါပေမဲ့ ကျွန်မသုံးတဲ့စတီးချိုင့်၊ အိုးခွက်၊ ပန်းကန်၊ ဇွန်း၊ မီးဖို၊ ဝါယာကြိုးစတဲ့ ပစ္စည်းတွေထုတ်လုပ်နေတဲ့အချိန်တွေမှာတော့ လေထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်တွေ ပျံ့နှံ့နေမှာပေါ့။ ကျွန်မ နေ့စဉ်စားနေတဲ့အစားအစာတွေ၊ ကော်ဖီ၊ ပေါင်မုန့်၊ လက်ဖက်ရည်၊ အီကြာကွေး၊ ဆန်စတဲ့ အစားအစာတွေဟာ စက်ရုံတွေနဲ့ မကင်းသလောက်ပါပဲ။

ပြီးတော့ ကျွန်မရဲ့အခန်းမှာ တီဗွီ၊ ရေခဲသေတ္တာ၊ ပန်ကာရှိတယ်။ ဒီပစ္စည်းတွေကို သုံးစွဲလိုက်ခြင်းဟာ ပိုက်ဆံပေးပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်လွှင့်ခိုင်းတာနဲ့ တူမနေဘူးလားနော်။ သွယ်ဝိုက်သောနည်းနဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို သုံးစွဲနေတာပဲလို့ခံစားမိပါတယ်။ ကျွန်မရဲ့ ကာဗွန်ခြေရာက အာဖရိကန်သားတစ်ယောက်ရဲ့ ကာဗွန်ခြေရာထက်ကြီး သွားပြီလားမသိဘူး။

ဒီလိုနဲ့ ကျွန်မတို့ရဲ့ တစ်နေ့တာပြုမူ လှုပ်ရှားသွားလာမှုတွေမှာ ကာဗွန်ခြေရာလေးတွေဟာ သိသိသာသာရော၊ မသိမသာပါ ကျွန်မတို့နဲ့ ထပ်ကြပ်မကွာ လိုက်ပါနေခဲ့တာပါ။ ကျွန်မတို့ဟာ ကာဗွန်နဲ့မကင်းနိုင်ကြပေမဲ့ အလွန်အကျွံ သုံးစွဲမှုတွေမဖြစ်အောင်တော့ ထိန်းသိမ်းဖို့ လိုပါတယ်။ ဒီအတွက် လူတစ်ဦးချင်းရဲ့ ပြုမူကျင့်ကြံမှု (Human Behaviour) တွေကို ပြုပြင်ပြောင်းလဲ ထိန်းသိမ်းကြဖို့ လိုအပ်ပါတယ်။ ကျားကြီးရင် ခြေရာကြီးတယ် ဆိုပေမဲ့ ကာဗွန်ခြေရာတွေတော့ မကြီးကြပါနဲ့လို့ပြောခွင့်ရှိရင် ပြောလိုက်ချင်ပါရဲ့။

(ရည်ညွှန်း။ ။ ဆရာမဂျူး၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောချက်များ)

***7 Day , June 24, 2010***

● ● ●

## မုန်တိုင်းဆိုတိုင်း ကြောက်စရာလား

အတိတ်ဆိုတာ ကျန်ခဲ့ပြီဖြစ်ပေမဲ့ တစ်ခါတုန်းက ဘဝပေါင်းများစွာ ဖဲ့ခြွေ၊ နှလုံးသားတွေသေစေခဲ့တဲ့ အရိုင်းစိုင်း နာဂစ်မုန်တိုင်းကိုတော့ ဘယ်တော့မှ မေ့လို့ရမည်မဟုတ်ပါ။

ကျွန်မက ကွမ်းခြံကုန်း ရွာသူပါ။ ရန်ကုန်ကို ဘုရားဖူးခရီးစဉ်နဲ့ သွားတာကလွဲလို့ အရောက်အပေါက် နည်းပါတယ်။ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က မုန်တိုင်းအကြောင်း ဗဟုသုတတွေ ဟောပြောမယ်ဆိုလို့ ကျွန်မလည်း မုန်တိုင်းအကြောင်းသိချင်တာနဲ့ ရန်ကုန်ကို လိုက်လာခဲ့တာပါ။

အခုလို မိုးတွင်းရောက်ပြီဆိုတော့ ကျွန်မလည်း ခဲမှန်ဖူးတဲ့စာသူငယ်လိုမုန်တိုင်းအန္တရာယ်ကို ကြောက်ရွံ့စိတ်နဲ့ နေမထိ ထိုင်မထိဖြစ်နေရပြီလေ။ အရင်တုန်းကတော့ ကျွန်မက မိုးလေဝသသတင်းတွေကို ကုန်ဈေးနှုန်း သတင်းတွေလောက် စိတ်မဝင်စားခဲ့ပါဘူး။ အခုတော့ ပင်လယ်ရေမျက်နှာပြင်မှာ မုန်တိုင်းတွေ ဘာကြောင့်ဖြစ်ရတာလဲ၊ ဘယ်အချိန်တွေမှာ ဖြစ်တတ်တာလဲ ဆိုတာကို ကုန်ဈေးနှုန်းသတင်းတွေထက်ပိုပြီး သိချင်နေမိပါပြီ။

ဆရာကြီးရဲ့ မုန်တိုင်းအကြောင်း ဟောပြောချက်တွေက စိတ်ဝင်စားဖို့ကောင်းပါတယ်။ ကျွန်မတို့လို လူပြိန်းတွေနားလည်လာအောင် ဆရာကြီးက ရှင်းရှင်းလင်းလင်းပြောသွားပါတယ်။ မုန်တိုင်းဖြစ်ပေါ်ဖို့ ကြီးမားကျယ်ပြန့်တဲ့ ရေပြင်ရှိရမယ်။ ပင်လယ်ရေ မျက်နှာပြင်အပူချိန် ၂၆ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်မြင့်တက်လာရင် မုန်တိုင်းဖြစ်ပြီ။ ဒီအပူချိန်ကြောင့် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာပြီး ၎င်းက အင်အားမြင့်တက်လာတာနဲ့

အမျှ မုန်တိုင်းငယ်၊ ဆိုင်ကလုန်းမုန်တိုင်း၊ ဆိုင်ကလုန်မုန်တိုင်းကြီး ဆိုပြီး အဆင့်ဆင့်ဖြစ်ပေါ်လာခြင်းဖြစ်တယ်။

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်တိုင်းလည်း မြန်မာနိုင်ငံနဲ့ မဆိုင်ပါဘူး။ ၁၈၇၇ မှ ၂၀၀၈ ခုနှစ်အထိ နှစ်ပေါင်း ၁၃၁ နှစ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်း ၁၂၆၇ ကြိမ်ဖြစ်ပေါ်ခဲ့ရာမှ မြန်မာနိုင်ငံကို ၈၃ကြိမ်သာဝင်ရောက်ခဲ့တဲ့အတွက် ရာခိုင်နှုန်းအနေနဲ့ ၆ ရာခိုင်နှုန်းသာ ရှိပါတယ်။

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်း ၁၀၀ ရှိမှ မြန်မာနိုင်ငံမှာ မုန်တိုင်း ၆ ခုသာရှိတာတဲ့။ မုန်တိုင်းက ဘင်္ဂလားပင်လယ်အော်ရဲ့ အရှေ့မြောက်ပိုင်း၊ အရှေ့အလယ်ပိုင်း၊ အရှေ့တောင်ပိုင်းတွေဆိုရင် မြန်မာ့ကမ်းရိုးတန်းနဲ့ နီးစပ်တဲ့အတွက်စိုးရိမ်ရလို့ ကြိုတင်ကာကွယ်စောင့်ရှောက်မှုတွေ လုပ်ရမယ်။ ဘင်္ဂလားပင်လယ်အော်ရဲ့ အနောက်မြောက်ပိုင်း၊ အနောက်အလယ်ပိုင်း၊ အနောက်တောင်ပိုင်းတွေဆိုရင် အိန္ဒိယနိုင်ငံရဲ့ အရှေ့ဘက်ကမ်းခြေဒေသတွေပဲဖြစ်တယ်။

မြန်မာနိုင်ငံကို နာဂစ်မုန်တိုင်းဝင်ရောက်ခြင်းဟာ ရာသီဥတုပြောင်းလဲလာလို့ဖြစ်တယ်။ ရာသီဥတုပူလို့ မုန်တိုင်းကွေ့တဲ့လမ်းကြောင်းဟာ တဖြည်းဖြည်းနဲ့အောက်ကိုရောက်လာတာကြောင့် သွားရိုးသွားစဉ်အတိုင်းမသွားတော့ဘဲ မြန်မာပြည်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသအတွင်းကို ဝင်ရောက်ခဲ့တာလို့သိရပါတယ်။

မုန်တိုင်းဖြစ်တတ်တဲ့ ကာလတွေကတော့ မိုးကြိုကာလ (ဧပြီလ ၁၅ရက်-မေလ ၁၅ရက်နဲ့ မိုးနှောင်းကာလ (စက်တင်ဘာ-အောက်တိုဘာ) တွေပဲတဲ့။ ဒါဆို အခုမိုးရာသီမှာ စိတ်ပူနေတဲ့ ကျွန်မ နည်းနည်းတော့ စိတ်အေးရပြီ။ အရင်ကတော့ မိုးသည်းပြီး လေထန်လာရင် မုန်တိုင်းများလားဆိုပြီး ကြောက်နေတာ။ လေပြင်းတိုက်တိုင်းမုန်တိုင်းမဟုတ်ဘဲ တစ်နာရီ ၄၅ မိုင်က မိုင် ၇၀ အထက်တိုက်မှ မုန်တိုင်းဖြစ်တာတဲ့။ မုန်တိုင်းနဲ့အတူ ဖြစ်ပေါ်တဲ့ မုန်တိုင်းဒီရေဟာ မုန်တိုင်းသွားရာလမ်းရဲ့ ညာဘက်မှာနေတတ်တယ်။

ကျွန်မတို့တစ်တွေက မုန်တိုင်းကိုကြောက်ပြီး မုန်တိုင်းမရှိပါစေနဲ့လို့ ဆန္ဒပြုလို့လည်း မဖြစ်သေးပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ မုန်တိုင်းရှိမှ မိုးရွာတာတဲ့။ ဒီဒေသတွေအတွက် ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းရှိနေဖို့ လိုအပ်နေသေးတယ်။ ဒီတော့ ဘင်္ဂလား

ပင်လယ်အော်မှ အန္တရာယ်ပြုနိုင်မယ့် အင်အားကြီးတဲ့မုန်တိုင်း မဖြစ်ဖို့ကိုပဲ ကျွန်မတို့ဆန္ဒရှိရမယ်။

နောက်ပြီး ရေဒီယို၊ ရုပ်မြင်သံကြားမှာ မိုးလေဝသသတင်းနဲ့ ပတ်သက်ပြီး ကြေညာတဲ့ပုံစံကို သိရပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းရှိပေမဲ့ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိတဲ့ မုန်တိုင်းဆိုရင် 'မုန်တိုင်းသတင်း' လို့ အမည်တပ်ကြေညာပြီး မြန်မာနိုင်ငံအတွက် အန္တရာယ်ရှိနိုင်တဲ့ မုန်တိုင်းဆိုရင် 'မုန်တိုင်းသတိပေးချက်' လို့ ထုတ်ပြန်ကြေညာပါတယ်။ ဒါဆိုရင်တော့ ကြိုတင်ပြင်ဆင်မှုတွေ၊ ကာကွယ်မှုတွေ လိုအပ်ပြီပေါ့။ ဒီအပြင် မုန်တိုင်းအမည်ပါလာပြီဆိုရင်တော့ ဒီမုန်တိုင်းဟာ အန္တရာယ်ကြီးတဲ့ မုန်တိုင်း၊ အင်အားကြီးတဲ့မုန်တိုင်းပဲတဲ့။ ဥပမာ မာလာ၊ လိုင်လာ၊ နာဂစ် စသည်ဖြင့် မုန်တိုင်းနာမည်တပ်ထားရင် သတိထားရတော့မယ်။

ဒီနှစ်နွေမှာ ဘာကြောင့်ပူတာလဲဆိုတော့ အယ်လ်နီညိုသမုဒ္ဒရာရေစီးကြောင်းဝင်တဲ့အတွက် အပူချိန် များတာတဲ့။ အယ်လ်နီညိုဟာ ၇နှစ်၊ ၈ နှစ်ကြာမှ တစ်ခါဝင်တတ်တာဖြစ်ပြီး လာနီညာဝင်မယ်၊ မဝင်ဘူးဆိုတာတော့ မသိသေးဘူး။ တကယ်လို့သာ လာနီညာဝင်မယ်ဆိုရင် ဒီဇင်ဘာလမှာ အရမ်းအေးဦးမယ်တဲ့။ ၂၁၀၀ ခုနှစ်မှာ ပင်လယ်ရေမျက်နှာပြင်အပူချိန် ၁၀၀ ဒီဂရီစင်တီဂရိတ်တက်လာမယ်ဆိုတော့ အဲဒီအချိန်မှာ ကျွန်မတို့တော့ မရှိတော့ပါဘူး။ ဒါပေမဲ့ ကျွန်မတို့ရဲ့ မြေး၊ မြစ်တွေအတွက် ဒီစကားလေး ပါးခဲ့ရဦးမယ်။

ပြီးတော့ မိုးကြိုးပစ်တာနဲ့ပတ်သက်ပြီး နားလည်သွားပါတယ်။ မိုးခြိမ်းသံကြားရင် မကြောက်ပါနဲ့။ မိုးကြိုးမပစ်ဘူးတဲ့။ တကယ်ပစ်မယ့် မိုးကြိုးက အသံမပေးဘူး။ မိုးခြိမ်းသံ မကြားရဘူး။ မိုးကြိုးအပစ်ခံလိုက်ရတဲ့သူက မိုးခြိမ်းသံမကြားရဘူး။ ခင်ဗျား မိုးခြိမ်းသံကြားနေရသရွေ့ ဘာမှမဖြစ်ဘူးတဲ့။ ကျွန်မတို့အရင်က ထင်ထားတာနဲ့ တခြားစီပါပဲ။ ကျွန်မတို့က မိုးခြိမ်းသံ ကျယ်ကျယ်လောင်လောင်ကြားရရင် ဖက်ကလေးတွေပုပ်၊ ခေါင်းကလေးတွေ ငုံ့ပြီး ငါ့ကိုများထိသွားမလားလို့ စိုးရိမ်နေကြတာ။ နီးစပ်ရာအကာအကွယ်ကိုပြေးပြီးဝင်ကြတာ။ အခုဆရာကြီးပြောမှပဲ မိုးခြိမ်းသံကြားရရင် ကိုယ် အန္တရာယ်မရှိတော့ဘူးဆိုတာ သိတော့တယ်။

ကျွန်မတို့လို တောသူတောသား လယ်ထဲဆင်းရသူတွေအတွက် အခုလို မိုးလေဝသအကြောင်း ဗဟုသုတတွေသိရတာ တကယ်အကျိုးရှိလှပါ

တယ်။ ဟောပြောပွဲတက်ရောက်လာသူတွေကို လက်ဆောင်ပေးတဲ့ 'မုန်တိုင်း အကြောင်းသိကောင်းစရာ' စာအုပ်ကလေးကို ဖတ်ပြီးတော့လည်း ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းတွေကို သိရလို့ အသိပညာတွေ တိုးပွားရပါတယ်။ ဆရာကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ။

အခုဆို ကျွန်မ 'မုန်တိုင်း' ဆိုတိုင်းလည်း မကြောက်တော့ပါဘူး။ မိုးတွေသည်းလွန်းရင်လည်း မကြောက်၊ မိုးခြိမ်းသံကြားတိုင်းလည်း မကြောက်တော့ဘဲ စိတ်ဖြောင့်ဖြောင့်နဲ့ အလုပ်လုပ်နိုင်နေပါပြီ။ မိုးရာသီနဲ့ မိုးရေတွေကို ချစ်တတ်လာသလို ဆုံးစမမြင်ကြီးမားကျယ်ပြန့်လှတဲ့ ပင်လယ်ပြင်ကြီးကို လည်း ချစ်တတ်လာပါပြီ။ ပြီးတော့ ပင်လယ်လှိုင်းတွေဆီက စီးဆင်းလာမယ့် ဒီရေစီးသံတွေကိုလည်း နားစွင့်လာတတ်ခဲ့ပြီလေ။

*7 Day , July 8, 2010.*

✿ ✿ ✿

# အသိုက်ပျက်တဲ့ ငှက်ကလေး

လူတိုင်း လူတိုင်းမှာ မျှော်လင့်ချက်အိပ်မက်လေးတွေ ကိုယ်စီရှိကြစမြဲပါ။ ကျွန်မမှာလည်း အိပ်မက်လေးတစ်ခုရှိပါတယ်။ ကျွန်မရဲ့ အိပ်မက်လေးကတော့ ဖေဖေရယ်၊ မေမေရယ်၊ အိမ်ကလေးတစ်လုံးရယ်ပါ။

ကျွန်မကိုမွေးတော့ အဘွားအိမ်မှာပဲမွေးတာလို့ မေမေက ပြောပါတယ်။ ခုထိလည်း ကျွန်မတို့မိသားစု အဘွားအိမ်မှာပဲ နေဆဲပါ။ အဘွားက အသက်ကြီးပါပြီ။ ဘာအလုပ်မှ မလုပ်နိုင်တော့ပါဘူး။ ဖေဖေက ဆောက်လုပ်ရေး အလုပ်သမားပါ။ မေမေကတော့ တောင်ယာလုပ်ပါတယ်။ ကျွန်မတို့မှာ ဝမ်းနည်းစရာ ပူပင်သောကဆိုတာ၊ အကြွေးဆိုတာတွေလည်း မရှိခဲ့ပါဘူး။

ကျွန်မက ခြောက်တန်းကျောင်းသူပါ။ ကျောင်းတက်ရတာ ပျော်ပါတယ်။ စာလည်း ကောင်းကောင်းလိုက်နိုင်ပါတယ်။ ကျွန်မက ပန်းချီဆွဲတာဝါသနာပါတော့ ကျောင်းပိတ်ရက်တွေမှာ ခြံထောင့်က သစ်ပင်ကြီးအောက်မှာထိုင်ပြီး ပန်းချီဆွဲနေတော့တာ။ ကျွန်မ အမြဲလိုလိုဆွဲမိတဲ့ ပန်းချီကားကတော့ ကျွန်မရဲ့စိတ်ကူးထဲက အိပ်မက်လေးအတိုင်းပါပဲ။ ပန်းချီကားထဲမှာ ခြေတံရှည်ရှည်အိမ်ကလေးတစ်လုံး။ အခန်းနှစ်ခန်း ပါတယ်။ အိမ်ရှေ့မှာ ဖြူ၊ နီ၊ ဝါရောင်စုံပန်းခင်းလေးတစ်ခု။ အိမ်ဘေးမှာတော့ ကြာပန်းတွေနဲ့ လှပနေတဲ့ ရေကန်တစ်ကန်။ အိမ်နောက်ဘက်မြေကွက်လပ်မှာ သီးပင်စားပင်တွေက ဝေဝေဆာဆာ။ ခြံပတ်ပတ်လည်မှာလည်း ပိန္နဲ၊ သရက်၊ ဒူးရင်းပင်တွေနဲ့ အရိပ်ရတယ်။ ခြံလေးကို ဝါးလုံးကလေးတွေနဲ့ ညီညီညာညာ ကာထားလိုက်သေးတယ်။ အိမ်နဲ့မနီးမဝေးမှာလည်း တောင်ကျချောင်းရေလေးက

တသွင်သွင်စီးဆင်းလို့ပေါ့။ အဲဒီအိမ်ကလေးမှာ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်မရယ် အတူတူနေကြတယ်။

ဒါကတော့ ကျွန်မစိတ်ကူးထဲက အိမ်ကလေးပါ။ ပန်းချီဆွဲတော့ မယ်ကြဲတိုင်း အတွေးထဲကို အရင်ဦးဆုံး ဝင်ရောက်လာတဲ့ ပုံရိပ်ယောင်ကလေးပေါ့။ တစ်နေ့ကျရင်ဖြစ်လာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့အိမ်လေးကို ပီပြင်အောင် ရုပ်လုံးဖော်နေရတဲ့ အချိန်လေးဟာ ကျွန်မအတွက် ရင်ခုန်ချင်စရာလည်းကောင်း၊ ပျော်စရာလည်း ကောင်းပါတယ်။

တစ်ရက်မှာတော့ ဖေဖေ မြို့ကပြန်လာပါတယ်။ သူ့မှာ အေအိုင်ဒီအက်စ်ရောဂါရှိနေပြီလို့ မေမေ့ကိုပြောပါတယ်။ မေမေက ကျွန်မကိုဖက်ပြီး ငိုတော့တာပါပဲ။ ကျွန်မ အဲဒီအေအိုင်ဒီအက်စ် ရောဂါဆိုတာကို မသိပါဘူး။ ရုပ်မြင်သံကြားထဲမှာပါတဲ့ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါနဲ့ အတူတူပဲလို့ ထင်ပါတယ်။ ရွာထဲမှာလည်း ဒီရောဂါ ရှိနေသူတွေ များနေပြီလို့ မေမေက ကျွန်မကို ပြောပါတယ်။ ဖေဖေ နေမကောင်းတာကို ကျွန်မ မပြုစုနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ကျွန်မကို သူ့အနားမလာခိုင်းဘူးလေ။

ကျောင်းမှာ သူငယ်ချင်းတွေက ကျွန်မကို အေအိုင်ဒီအက်စ်ရောဂါသည်ရဲ့သမီးရယ်လို့ ဝိုင်းစကြ၊ လှောင်ကြပါတယ်။ ဒါပေမဲ့ ကျွန်မ မမှုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မလိုပဲ အစခံရတဲ့သူတွေ ကျောင်းမှာ တော်တော်များနေပြီလေ။ ဒီရောဂါကြောင့်ပဲ ဖေဖေနဲ့ မေမေစကားများကြပြီး ဖေဖေ အိမ်ပေါ်ကဆင်းသွားပါတယ်။ ကျွန်မကတော့ ဖေဖေ ကျွန်မတို့ဆီ ဘယ်တော့ပြန်လာမလဲလို့ တိတ်တိတ်ကလေး မျှော်နေမိပါတယ်။ ကျွန်မ ဖေဖေ့ကို မမုန်းပါဘူး။ အရင်လိုပဲ ချစ်မြဲချစ်လျက်ပါ။

ဖေဖေမရှိတော့ ကျွန်မလည်း အိမ်စရိတ်ရအောင် ကျောင်းပိတ်ရက်တွေမှာ ဈေးရောင်းပါတယ်။ ပြောင်းဖူးတွေချိုးပြီး မြို့ပေါ်မှာ သွားရောင်းတာပါ။ မေမေကလည်း ခဏခဏ နေမကောင်းဖြစ်နေတာပါပဲ။ အရင်ကလို တောင်ယာအလုပ်တွေကို ပင်ပင်ပန်းပန်း မလုပ်နိုင်တော့ပါဘူး။

ဒီနေ့ကတော့ ကျွန်မအတွက် ကံဆိုးမိုးမှောင်ကျတဲ့ နေ့တစ်နေ့ပါ။ ဒီနေ့မှာ မေမေက စောင်တစ်ထည်ကိုပတ်ပြီး အိပ်နေရင်းနဲ့ ဆုံးသွားပါပြီ။ မေမေက ကျွန်မကို ထားသွားခဲ့ပြီ။ ကျွန်မ ဘယ်သူနဲ့နေရမှာလဲ။ ဖေဖေကရော။ ဖေဖေက ကျွန်မဆီပြန်လာမှာလား။ ကျွန်မအတွက် ပညာရေးကလည်း

လမ်းစပျောက်သွားခဲ့ပြီပေါ့။ ကျွန်မရဲ့ မျှော်လင့်ချက်အိပ်မက်ကလေးလည်း အပြီးတိုင်ပျက်သုဉ်းသွားခဲ့ရပြီလေ။

ကျွန်မ ဒီ အေအိုင်ဒီအက်စ်ရောဂါကြီးကို ကြောက်ပါတယ်။ ဒီရောဂါရှိနေသူတွေကိုလည်း ကျွန်မ မမြင်ချင်ပါဘူး။ ဘယ်သူ့ကိုမှလည်း ကျွန်မလို အဖြစ်မျိုး မခံစားစေချင်ပါဘူး။ ဒါပေမဲ့ ရွာထဲက ကျွန်မရဲ့ သူငယ်ချင်းတချို့တွေလည်း တစ်ချိန်ကျရင် ကျွန်မလိုပဲ မိဘတွေ မဲ့ကြရဦးမှာပါ။ ဒီလိုနဲ့ပဲ အနာဂတ်မဲ့ကုန်တဲ့ ကျွန်မတို့ကလေးတွေရဲ့ ဘဝဟာလည်း ဘယ်တော့ညှိုးနွမ်းကုန်မလဲဆိုတာ ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး။

အခုဆိုရင် ကျွန်မ ပန်းချီမဆွဲဖြစ်တာ ကြာပါပြီ။ ဒါပေမဲ့ ညအိပ်တဲ့အခါ ကျွန်မရဲ့အိပ်မက်ထဲမှာ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်မရယ်၊ အိမ်ကလေးတစ်လုံးရယ် အတူတူရှိနေကြပါတယ်။

ဒီအကြောင်းလေးကို ပြောပြနေသူကတော့ နယ်စပ်ဒေသ ထိုင်းကျေးရွာလေးတစ်ရွာက ကလေးတစ်ယောက်ပါ။ သူ့စကားအဆုံးမှာတော့ ကျွန်မ တကယ်ပဲ တောင်ပေါ်ကို ပြေးတက်နေရသူတစ်ယောက်လို မောပန်းသွားပါတော့တယ်။ သူ့ရဲ့အသံနဲ့ သူ့ရဲ့စကားလုံးတွေ ရှာဖွေနေရင်းနဲ့သူ့ရဲ့ စိတ်ဒဏ်ရာတွေက ကျွန်မနှလုံးသားဆီ ကူးစက်လို့လာပါတော့တယ်။ သူ့လို ကလေးငယ်တွေ ကမ္ဘာအနှံ့အပြားမှာ ဘယ်လောက်တောင် ရှိနေကြပြီလဲ။

ဒီလိုအဖြစ်မဲ့တဲ့ ကလေးငယ်တွေအတွက် သူတို့ လက်ခံရရှိလိုက်တဲ့ ဆိုးကျိုးက ထိုက်တန်ပါရဲ့လား။ သူတို့အတွက် ကျွန်မတို့ ဘာလုပ်ပေးနိုင်မလဲ။ ဘာလုပ်ပေးကြမလဲ။ သူတို့ရဲ့ စိတ်ဒဏ်ရာကို ကျွန်မတို့ဘယ်လို ကုစားကြမလဲ။ သူတို့တွေကို လျစ်လျူမရှုဘဲ သူတို့အတွက် နားခိုစရာငြိမ်းချမ်းတဲ့ ရင်ခွင်သစ်တွေ ဖန်တီးပေးဖို့၊ လှပတဲ့အိပ်မက်သစ်တွေ မွေးဖွားပေးဖို့ ကျွန်မတို့ အားလုံး ကူညီဖေးမကြပါစို့လား။

***7 Day , March 11, 2010.***

⚬ ⚬ ⚬

# ရပ်ကွက်ထဲက ပိုး

ရခိုင်မုန့်တီဆိုင်လေးထဲ ဝင်ထိုင်လိုက်သည်နှင့် 'မုန့်တီသုပ်၊ ငါးဖယ်နဲ့' ဟု လှမ်းမှာလိုက်သည်။ မုန့်တီသည်က ပါဆယ်လာဝယ်သည့်သူကို ထည့်ပေးနေရင်းက ကျွန်မကို 'ခဏနော်' လို့ပြောတော့ ခေါင်းညိတ်ပြလိုက်ပါသည်။ သူ ပါဆယ်သုံးထုပ် ထည့်နေတာကိုကြည့်ရင်း ဒီအမျိုးသမီးဈေးရောင်းတာ စေတနာပါတယ်ဟု ကိုယ့်ဘာသာ မှတ်ချက်ကလေးချမိသည်။ တချို့ဈေးသည်တွေကပါဆယ်ဆို ပြီးစလွယ်ထည့်ပေးတတ်ကြတာကို ကျွန်မ မြင်ဖူးထားသည်လေ။

ပါဆယ်သမား ထွက်သွားတော့ ကျွန်မကို အားနာသည့်ဟန်နှင့် "စောင့်လိုက်ရတာကြာသွားပြီ။ ခဏလေးနော်သမီး" ဆိုပြီး ကျွန်မအတွက် မုန့်တီသုပ်ဖို့ ပြင်လိုက်ပါသည်။ ထိုစဉ်မှာပဲ စက်ဘီးတစ်စီး ဆိုင်ရှေ့ကိုထိုးရပ်လာကာ စက်ဘီးပေါ်က လူက '၆၅၆ တဲ့' ဟု လှမ်းပြောပြီး စက်ဘီးကို အပြေးပြန်ထွက်သွားတော့သည်။ မုန့်တီသည်က အံ့အားသင့်လွန်းသည့် မျက်နှာပေးနှင့်။

"ဟယ် ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာ လျော်ပေတော့ လျော်ပေတော့" လို့ အော်ပြီး အသုပ်သုပ်မည့် စတီးဇလုံကို လွှတ်ချလိုက်တော့သည်။ ဒီမှာပဲ ကျွန်မဘေးနားမှာ မုန့်ထိုင်စားနေသည့် မိန်းမက "ပေါက်လို့လား၊ ဘယ်လောက်ဖိုးလဲ"ဟု မေးလိုက်တော့ မုန့်တီသည်က ဝမ်းသာအားရအသံနဲ့ "ကျွန်မပေါက်တာမဟုတ်ဘူး။ ရွာတန်းရှည်က လူတွေပေါက်ကြတာ။ ပေါက်ကြပါစေ ပေါက်ကြပါစေ။ ဒိုင်ကတော့ လျော်ပေတော့ပဲ"

"ဘယ်ကရတာလဲ၊ ဘိုးတော်ပေးတာလား"

"မဟုတ်ဘူး၊ တစ်ယောက်စီက တစ်လုံးကောင်းတွေကိုစုပြီး သူတို့ဘာသာစုထိုးကြတာ။ ကြာပြီ သူတို့လုပ်နေကြတာ။ ဒီတစ်ချီတော့ မိသွားပြီ"

မုန့်တီသည် မိန်းမက ခြေဟန်လက်ဟန်တွေနဲ့ အားပါးတရ ရှင်းပြနေတာကိုကြည့်ရင်း ဒီမိန်းမနယ် သူရတာလည်း မဟုတ်ဘဲနဲ့ သူများရတာကို ဝမ်းသာနေလိုက်တာ။ ငါ့မုန့်တီသုပ်ကို မေ့သွားပြီလို့တွေးပြီး ထပဲပြန်ရကောင်းမလား၊ သူ့ရဲ့စကားစတွေကို ဖြတ်ပြီးထပ်မှာရမလား ဝေခွဲမရ ဖြစ်နေမိသည်။ မှာထားပြီးမှတော့ ထသွားလို့မကောင်းပါဘူးလေလို့ တွေးမိပြီး ဘာမှမပြောဘဲ ဆက်ထိုင်နေလိုက်သည်။ မုန့်တီသည်က သူ့ရဲ့အသိ ရွာတန်းရှည်က လူတွေအကြောင်း မြိန်ရေရှက်ရေဆက်ပြောနေရာက ကျွန်မဘက်ကိုလှည့်ကြည့်မိပြီး "ဟယ်တော့ သမီးရယ် အားနာလိုက်တာ။ မကြာပါဘူး အန်တီ အခု သုပ်ပေးမယ်နော်" လို့ပြောပြီး စကားကို ရပ်လိုက်ပါတော့သည်။

ဇလုံကိုလှမ်းယူပုံ၊ မုန့်တီထည့်ပြီးသုပ်နေပုံကို ကြည့်ခြင်းဖြင့် သူ့စိတ်လှုပ်ရှားပျော်ရွှင်နေသည်မှာ သိသာလှပါသည်။ ဩော် သူများ ရတာကို မုဒိတာပွားပြီး ပျော်နေတဲ့မိန်းမ၊ သူသာရရင် ထများကမလားတောင် မသိဘူးဟုတွေးပြီး အသုပ်စားနေရင်းနှင့် ကျွန်မ ပြုံးလိုက်မိပါသည်။

ဒီအချိန်ဆိုရင် ရပ်ကွက်လက်ဖက်ရည်ဆိုင်ကလေးမှာ လူစည်နေကျဖြစ်ကြောင်း ကျွန်မ အခုမှသိသည်။ ဆိုင်ထဲမှ လူတွေအားလုံး၏ မျက်နှာတွေက တီဗွီဖန်သားပြင်ပေါ်မှာ။ ဘောလုံးပွဲလည်း မဟုတ်၊ နိုင်ငံခြားဇာတ်လမ်းကားလည်း မဟုတ်။ ဂဏန်းနံပါတ်ကလေးတွေ လည်နေသည့် နေရာကို စူးစူးစိုက်စိုက် ကြည့်နေကြသည်။ ပါးစပ်မှလည်း ဟာ၊ ဟင်၊ သေစမ်းကွာ၊ ရပ်၊ ရပ်လိုက်စသည်ဖြင့် တစ်ယောက်တစ်ပေါက် အော်ဟစ် ပြောဆိုနေကြသည်။ ဒီအချိန်ကောင်းကျမှ ဘုမသိဘမသိနှင့် လက်ဖက်ရည်လာ၍ သောက်မိသည်က ကျွန်မအမှားပင်။ ကျွန်မမှာသည့် ကျဆိမ့်လက်ဖက်ရည်တစ်ခွက်က ကျလည်းမကျ၊ ဆိမ့်လည်းမဆိမ့်၊ တော်ရိလျော်ရိတစ်ခွက်ပဲ ဖြစ်နေသည်။

ဒီအချိန်မှာ အဖျော်ဆရာကလည်း လက်ဖက်ရည်ထက် ဂဏန်းတွေကို စိတ်ဝင်စားနေသည်။ စားပွဲထိုးကလည်း မျှော်လင့်ချက်အိပ်မက်တွေနှင့် ဂဏန်းတွေကိုရင်သပ်ရှုမောငေးလို့။ ဆိုင်ပိုင်ရှင်ကလည်း တီဗွီရှေ့မှာ ငုတ်တုတ်ကလေးမော့လို့။

ဈေးထဲက အပြန် တိုက်တန်းလျားလမ်းလေးထဲ ချိုးဝင်လိုက်တယ်ဆိုရင်ပဲ အပေါ်ထပ်တစ်နေရာဆီက အသံကျယ်ကျယ်ကို ကြားလိုက်ရသည်။

"၅၀ ဖိုးစီပတ်မယ်လို့ ပြောလိုက်နော်"တဲ့။ ကျွန်မလည်း ယောင်ယမ်းပြီး ခေါင်းမော့ကြည့်မိတော့ လေးလွှာကပြတင်းပေါက်မှာ မိန်းမတစ်ယောက်။ သူငုံ့ကြည့်နေရာသို့ ကြည့်လိုက်တော့ ဆယ်ကျော်သက် ကောင်လေးတစ်ယောက် ခေါင်းညိတ်ပြီး ပြေးသွားသည်ကို မြင်လိုက်ရသည်။ ခုနကပဲ ဈေးထဲက သားငါးတန်းမှာ ငါးသည်တစ်ယောက်က အသံပြဲပြဲနှင့် အော်နေသည်ကို ကြားခဲ့ရသေးသည်။

"လူတွေ ဘယ်ရောက်ကုန်ကြပြီလဲ။ ကျွန်မ ဈေးရောင်းချင်လို့ လာတာပါ" တဲ့။ သူဈေးရောင်းမကောင်းတာကို လူရှင်တော်တွေကဲ့သို့ ပြက်လုံးထုတ်ပြီး ဟာသလုပ်ခြင်းဖြစ်သည်။ ဈေးဖိုးချေတာပြီး နှစ်လုံး၊ သုံးလုံးဖိုးတွေနှင့် ပတ်ချာလည်နေသော အိမ်ရှင်မတွေ ဘယ်လောက်များနေကြပြီလဲဟု စဉ်းစားမိတော့ သူတို့အစား ကျွန်မရင်မောသွားပါသည်။

ကျွန်မအခန်းရှိရာ သုံးလွှာကိုတက်လာစဉ် မျက်နှာချင်းဆိုင်အခန်းမှ အဘနှင့် လှေကားမှာဆုံသည်။ အဘက "ဈေးကပြန်လာပြီလား သမီး" ဟု နှုတ်ဆက်တော့ "ဟုတ်ကဲ့အဘ" ဟု ပြန်ဖြေရင်း လှေကားကို အတူတူတက်လာခဲ့ကြသည်။ အဘတို့ဇနီးမောင်နှံက ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းမှာ သီလယူ၊ ဥပုသ်စောင့်နေကျ။ နှစ်ယောက်စလုံး ကျန်းကျန်းမာမာတွေဆိုတော့ ဘုရားသွား ကျောင်းတက်အတူတူ။ ကျွန်မအခန်းရှေ့ရောက်တော့ သော့ဖွင့်ပြီး အခန်းထဲလှမ်းအဝင်၊ တံခါးပြန်မပိတ်ခင်မှာ ကြီးကြီးရဲ့ အဘကို မေးလိုက်တဲ့အသံကို ကြားဖြစ်အောင်ကြားလိုက်မိပါသည်။

"ဒီမနက် ဘာကြားလာသလဲ" တဲ့။

ယနေ့ခေတ်မှာ ရောဂါပိုးတွေ အမျိုးမျိုး ဆန်းပြားလာကြသည်။ ဘီပိုး၊ စီပိုးစစ်ကြရ၊ ကာကွယ်ဆေးတွေထိုးကြရနှင့် အလုပ်များလာကြသည်။ ရပ်ကွက်တွေထဲက နှစ်လုံး၊ သုံးလုံးရောဂါပိုးတွေကိုတော့ ဘယ်လိုဆေးဝါးနှင့် ကုသကြပြီး ဘယ်လိုကြိုတင်ကာကွယ်ဆေးတွေ ထိုးနိုင်မည်လဲ ဆိုတာတော့ မသိနိုင်ပါ။

***7 Day , September 9, 2010.***

● ● ●

# အိမ်ပြန်ငှက်

မင်္ဂလာဒုံလေဆိပ်ဝင်းထဲ ခြေချလိုက်သည်နှင့် သူမရင်တွေ တဒိတ်ဒိတ် ခုန်နေတော့သည်။ ကိုယ့်မြေ၊ ကိုယ့်လေ၊ ကိုယ့်မိသားစုနှင့် ပြန်လည်ဆုံစည်း အကျွမ်းဝင်ရတော့မည်လေ။ ဒီမြေ၊ ဒီမိသားစုနှင့် နှစ်နှစ်ကြာမျှ ခွဲခွာရသည့်အတွက် သူမ မည်မျှလွမ်းဆွတ်တသခဲ့ရသည်ကို သူမသာလျှင် အသိဆုံးပါ။ အိမ်ပြန်ရမည့်ရက်ကို လက်ချိုးရေတွက်ကာ စောင့်စားခဲ့ရသည့် နေ့ရက်တွေကနေ ယခုတော့ သူမလွန်မြောက်ခဲ့ပါပြီ။

သူမက စင်ကာပူမှာအလုပ်သွားလုပ်သည့် House maid တစ်ဦးပါ။ House maid ဆိုပေမဲ့ သူမက အင်္ဂလိပ်စကားကောင်းကောင်း ပြောနိုင်သူမို့ အိမ်ရှင်၏ ကလေးနှစ်ယောက် (၆ နှစ် နှင့် ၈ နှစ်) ကိုစာသင်ပေးရသည့် အလုပ်ဖြစ်ပါသည်။ သူမက ကလေးတွေ ကျောင်းသွားဖို့ပြင်ဆင်ပေး၊ ပြီးရင် ကျောင်းပို့ကျောင်းကြိုလုပ်၊ ကျောင်းကပြန်လာရင် တစ်နေ့တာသင်ခဲ့တဲ့ သင်ခန်းစာတွေကို ကလေးတွေနဲ့အတူ ကျက်မှတ်ပေးရသည်။ သူဌေးလင်မယားက အလုပ်သွား၊ ကလေးတွေက ကျောင်းသွားချိန်မှာတော့ တစ်အိမ်လုံးမှာ ထမင်းချက်အဒေါ်ကြီးနှင့် သူမပဲ ကျန်ခဲ့တော့သည်။

အဲဒီအချိန်မှာ သူမက စာဖတ်၊ တီဗွီကြည့်ပေါ့။ သို့သော် သူမ မနေတတ်ပါ။ ထမင်းချက်အဒေါ်ကြီး၏ အလုပ်တွေကို ကူလုပ်ပေးပါသည်။ သူဌေးမက မခိုင်းပေမဲ့ အိမ်သန့်ရှင်းရေးလည်း လုပ်ပေးလိုက်ပါသည်။ ဒီတော့ အဒေါ်ကြီးကလည်း သူမကိုချစ်သည်။ သူဌေးမကလည်း ကြည်ဖြူသည်။ ပြီးတော့ သူမကြောင့် သူတို့ကလေးတွေ အင်္ဂလိပ်စကား ပြောတတ်လာတာကို သဘောကျကြသည်။ သူမမရောက်ခင်က သူတို့အိမ်မှာ တရုတ်လိုသာ

ပြောကြပြီး အခုတော့ ကလေးတွေလည်း အကျင့်ဖြစ်အောင် အင်္ဂလိပ်လိုသာ ပြောကြတော့သည်။ သူဌေးက သူမကို "ရှေ့နေဘွဲ့ရပြီး ဘာဖြစ်လို့ရှေ့နေ မလုပ်တာလဲ"လို့ မေးတော့ သူမက မချိုပြုံးပြုံးကာ "အိမ်ကြီးကြီး ဝယ်ချင်လို့" လို့ နောက်လိုက်တော့ သူတို့ရယ်ကြပါသည်။

ကလေးတွေကလည်း သူမကိုချစ်ကြသည်။ ကျောင်းစာအပြင် သူတို့ကို ပုံပြင်တွေပြောပြတော့ သဘောကျကြသည်။ သူမစကားကိုလည်း ကောင်းကောင်းနားထောင်ကြသည်။ အိမ်ရှင်မိသားစုက စရိုက်မဆိုးဝါးဘဲ စိတ်ထားကောင်းသောကြောင့် အလုပ်လုပ်ရသည်မှာ အဆင်ပြေသည်။ ပျော်လည်း ပျော်ပါသည်။ သို့သော် မိသားစုနှင့် မခွဲဖူးတာမို့ အိမ်လွမ်းသည့်ဝေဒနာက သူမကို ပြင်းပြင်းထန်ထန် နှိပ်စက်လှသည်။ ရောက်ခါစကဆို ဘယ်သူမှမသိအောင် အိမ်သာထဲမှာ သွားငိုနေမိသည်မှာ ခဏခဏပင်။

ယခု နှစ်နှစ်စာချုပ်ပြည့်တော့ နောက်ထပ် နှစ်နှစ်ဆက်နေရန် သူမက သဘောတူသဖြင့် သူဌေးမက မိသားစုဆီ အလည်အပတ်ပြန်ရန် ခွင့်တစ်ပတ်ပေးသည်။ သူမအတွက် အသွားအပြန်လေယာဉ်စရိတ်ကို အကုန်အကျခံသည့်အပြင် မိသားစုအတွက်လည်း လက်ဆောင်ပစ္စည်းတွေ ဝယ်ပေးလိုက်သည်။ ဖြစ်နိုင်လျှင် သူ့ကလေးတွေ အရွယ်ရောက်သည်အထိ နေပေးစေလိုကြောင်း တဖွဖွပြောရှာသည်။ ကလေးနှစ်ယောက်ကလည်း သူမပြန်မည်ဆိုတော့ ပြန်မလာမှာစိုးလို့ဆိုပြီး ငိုကြသည်။ သူမက သူတို့အတွက် လက်ဆောင်ပစ္စည်းတွေ ဝယ်လာမှာ၊ ဆက်ဆက်ပြန်လာမှာ ဖြစ်ကြောင်းပြောပြီး ချော့ရသည်။

လေဆိပ်မှာ အမေ့ကိုမြင်တော့ သူ မမှတ်မိ။ အသားမည်းပြီး ပိန်သွားလိုက်တာ။ အဖေကတော့ အရင်အတိုင်းပါပဲ။ ကျော်ကျော်ကလည်း ဆယ်တန်းအောင်တယ်တဲ့။ ဘိုမကတော့ ပိန်ရှည်ကြီးဖြစ်လို့။ အငယ်ဆုံး ပုံ့ပုံ့လေးလည်း ထွားလာတယ်။ မိသားစုမျက်နှာတွေကိုကြည့်ရင်း စကားတပြောပြောနှင့် ပျော်တပြုံးပြုံး ဖြစ်နေသည့်သူမ၊ အိမ်ရောက်တော့ အပျော်တွေ ကြက်ပျောက် ငှက်ပျောက်ဖြစ်ကုန်ကြသည်။ ကိုယ့်မျက်လုံးပင် ကိုယ်မယုံနိုင်။ အိမ်နောက်ဖေး မီးဖိုချောင်က ယိုင်နဲ့လို့။ ရေကပြင်ကလည်း ဆွေးမြည့်ပြီး တလှုပ်လှုပ်နှင့်။ အိမ်ကို မပြုပြင်ဘဲ ဖြစ်သလို နေနေကြသည်။ သူမ ပို့ပေးသည့် ပိုက်ဆံက မိသားစုစားဖို့နှင့် အိမ်ပြင်ဖို့ကို လောက်ပေါသည်။ ဒါဆို ပိုက်ဆံတွေကို ဘာလုပ်ပစ်ကြသည်လဲ။

"ပိုက်ဆံတွေကို တိုးပွားအောင်ဆိုပြီး ငွေတိုးပေးလိုက်တာ။ အစပိုင်းတော့ အတိုးပုံမှန်ပေးကြပါတယ်။ နောက်ပိုင်းမှာ ထွက်ပြေးတဲ့သူကပြေး၊ အဆင်မပြေကြလို့ မပေးနိုင်တဲ့သူနဲ့ ပိုက်ဆံတွေက ပြန်မရတော့ဘူး။ အမေကလည်း အာကြမ်းလျှာကြမ်းနဲ့ ရန်မတွေ့ရဲတော့…"

အမေ့ရဲ့စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်။ နောက်ဆုံးတော့ သူမသာ သူများနိုင်ငံမှာ နှစ်နှစ် အလုပ်သွားလုပ်တာ အိမ်ရဲ့အခြေအနေကတော့ ဘာမှမတိုးတက် ဒုံရင်း ဒုံရင်းပါပဲ။ ရန်ကုန်ပြန်ရောက်သည့် တစ်ပတ်အတွင်းမှာ သူမ အိမ်တွင်းပဲအောင်းနေမိသည်။ ဘယ်မှလည်း သွားချင်လာချင် လည်ပတ်ချင်စိတ်လည်း မရှိ။ သူငယ်ချင်းအိမ်က ထမင်းစားဖိတ်တာကို သွားစားတာပဲရှိသည်။ ရွှေတိဂုံဘုရားသွားဖို့ အဒေါ်ကခေါ်သည်ကိုလည်း ငြင်းလိုက်သည်။ သူမ၏ ဝေဒနာကို ဘုရားသာ အသိဆုံးမို့ သူမကို ခွင့်လွှတ်မှာပါ။

ပြန်မည့် မနက်မှာ ဘယ်သူမှ လိုက်မပို့ဖို့ ပြောရသည်။ သူမတစ်ယောက်တည်း အငှားကားငှားကာ လေဆိပ်ကိုဆင်းသည်။ ခွဲခွာရမည့်အဖြစ်ကို ဘာသာလ၀ါ (ဘာသိဘာသာ) ပဲ ကျော်ဖြတ်ချင်သည်။ နှုတ်ဆက်မျက်ရည်တွေနှင့် သိဒ္ဓိမတင်ချင်တော့။ မျက်လုံးမှိတ်ထားပေမဲ့ မိသားစုရဲ့ ပုံရိပ်တွေက ကွယ်ပျောက်မသွား။ နှလုံးသားမှာ နက်ရှိုင်းပျော်ဝင်နေတဲ့ အမေ့ရဲ့ အသံ။

"ညည်းအဖေရဲ့ အလုပ်ကလည်း လုပ်တုပ်တုပ်ပဲ။ ကုမ္ပဏီက လူလျှော့မယ်ကြားတယ်တဲ့။ ကျော်ကျော်က ဂျီတီစီအမှတ်မီလို့ ကျောင်းတက်ချင်တယ်။ ဘိုမကလည်း ဖိုတိုရှော့သင်တန်း တက်ချင်တယ်လို့ ပူဆာနေတယ်။ အဲဒါ တတ်ရင် လစာကောင်းတယ်ပြောတာပဲ"

မိသားစုမှာ သူမက အကြီးဆုံးသမီး။ သူမက မိသားစုအတွက် တာဝန်ကျေသော သမီးတစ်ယောက် ဖြစ်ချင်ပါသည်။ ဟိုရောက်ရင် သူဌေးမကို ပြောရမည်။ နောက်ထပ်နှစ်နှစ် ဆက်နေဦးမည်လို့။

*7 Day , September 23, 2010.*

● ● ●

# အဖျား ၁၀၈

အမှန်ဆိုရင်တော့ အဖျား ၁၀၈ ဒီဂရီဆိုရင် တော်တော် အဖျားကြီး နေပြီ။ စိုးရိမ်စရာပါပဲ။ ဒါပေမဲ့ ကျွန်မအဖျားက အပူချိန်တက်တဲ့ အဖျား တော့ မဟုတ်ဘူး။ သီချင်းထဲကလို အချစ်ဖျားတွေတက်တဲ့ ၁၀၈လည်း မဟုတ်ပါဘူး။ ကျွန်မဖျားတဲ့ အဖျားက ကြောက်ဖျားဖျားတာပါ။ ကျွန်မ ၁၀၈ ယာဉ်လိုင်း ဒိုင်နာကားများကို စီးရမှာ ကြောက်ပြီးဖျားနေတာ။

ကျွန်မက မြောက်ဒဂုံ၊ မဟာမြိုင်အိမ်ရာမှာ နေတဲ့သူဆိုတော့ မနက် တိုင်း အလုပ်ကို ၉ နာရီခွဲရောက်ဖို့ အိမ်ကနေ ၈ နာရီ ၁၈ မိနစ်မှာ ထွက်ရ ပါတယ်။ အကြော်တဲမှတ်တိုင်ကနေ ၁၀၈ ကို ပင်းယမှတ်တိုင် အထိစီး၊ ပင်းယကနေ ၁၆၇ ဒတ်ဆန်းကားကို ပြောင်းစီးပြီး အလုပ်ကို သွားနေကျပါ။ ၁၀၈ ဒိုင်နာကားက မနက်ပိုင်းဆို အမြဲပဲ လူကျပ်နေတတ်တယ်။ ဦးဝိစာရ လမ်းတစ်လျှောက်မှာလည်း ၃၇ ဘီအမ်ကားရယ်၊ ၁၀၈ ဒိုင်နာယာဉ်လိုင်း ရယ်ပဲရှိတယ်။ ၃၆ ဒတ်ဆန်းက ရှိတော့ရှိပေမဲ့ ပါချီ ပါချက်ပါပဲ။ ၄၁၊ ၄၂ ရပ်ကွက်နဲ့ တော်ဝင်အိမ်ရာ၊ မဟာမြိုင်အိမ်ရာက သူတွေက ဒီယာဉ်လိုင်း ၃၇ နဲ့ ၁၀၈ကိုပဲ အားကိုးပြီးစီးကြရတယ်။

မနက် အလုပ်သွားချိန်မှာ ကားတွေ ကျပ်ညပ်နေလည်း အလုပ် နောက်မကျဖို့အတွက် သည်းခံပြီး စီးကြရတာပါပဲ။ ကိုယ့်မာနကို ခေါက် သိမ်းပြီး ကားပေါ်မှာ ခြေထောက်နှစ်ချောင်း ပါသွားဖို့အရေးကိုပဲ အာရုံစိုက်နေ ရတာပါ။ ကားထဲမှာ အသားချင်း ထိကပ်နေပေမဲ့ ယောကျ်ား၊ မိန်းမခွဲခြား ဖို့လည်း ဂရုမစိုက်နိုင်။ ကိုယ့်ခြေထောက်ကို သူများနင်းသွားလည်း မသိ ကျိုးကျွံပြု၊ ကားပေါ်အတက်မှာ စပယ်ယာက ကျောကုန်းကို အတင်းတွန်း

လိုက်တာလည်း ဘာမှမဖြစ်သလိုနေ၊ တိုးလာတဲ့လူတွေကြောင့် ခန္ဓာကိုယ် ယိုင်လဲမသွားအောင် ခြေသလုံးသား၊ လက်မောင်းသားတွေကို တောင့်ပြီး ခံထား၊ ဘဝတူချင်း စာနာနားလည်မှုတွေနဲ့ ကိုယ်ခန္ဓာကို တွန့်လိမ်ခေါက် ကွေးပြီး အလိုက်သင့်ကလေးနေနေရတာ။ ဩော် ငါ့နယ် တကယ့်ကို စိတ် ဆင်းရဲ ကိုယ်ဆင်းရဲပါလားလို့ ဆင်ခြင်မိပါတော့တယ်။

အကြော်တဲမှတ်တိုင်ကနေ ဟောင်ကောင်၊ ဖြ လမ်း၊ နာရီစင်၊ ပင်းယ မှတ်တိုင်အထိ လေးမှတ်တိုင်စီးရတဲ့ဘဝဟာ အရှင်လတ်လတ်နဲ့ ငရဲကျနေ သလိုပါပဲ။ ဘယ်ဘဝဝဋ်ကြွေးတွေလဲလို့ ကိုယ့်ဘာသာဝမ်းနည်းစိတ်ဖြစ်ရ ပါတယ်။ ကျွန်မက ငယ်ငယ်ကတည်းက ဘတ်စ်ကားစီးပြီး ကြီးပြင်းလာခဲ့ တဲ့သူပါ။ ဟီးနိုးကားကျပ်တာ၊ စစ်ပြန်ကားကျပ်တာတွေလည်း ခံစားခဲ့ဖူးပါ တယ်။ ဒါပေမဲ့ အခုလို ဒိုင်နာကားကျပ်တာကျတော့ ကိုယ့်ကိုယ်ကို လူဖြစ် ရှုံးနေသလိုပါပဲ။ ဘတ်စ်ကားတွေမှာ မတ်တတ်စီးရတာချင်းတူပေမဲ့ ဒိုင်နာကား အလယ်မှာ ခရီးသည်ကို လေးတန်းရအောင်တန်းစီပြီး ရပ်ခိုင်းတာ ဆိုတော့ စဉ်းစားသာကြည့်တော့။ ကျောချင်းကပ်၊ ရင်ချင်းကပ်၊ တစ်ယောက် မျက်နှာ တစ်ယောက်မကြည့်ရဲ၊ ခန္ဓာကိုယ်လည်း မလှုပ်ရဲ၊ အသက် ပြင်းပြင်းလည်း မရှူရဲနဲ့ စပယ်ယာတွေက ပြောသေးတယ်၊ "ရှုံးချိန်လေးမို့ သည်းခံကြပါ တဲ့"။ အဲဒီအချိန်မှာတော့ "သည်းခံခြင်းသည် အောင်နိုင်ရာ၏" ဆိုတဲ့ စကား ကို ကျွန်မဖြင့် မုန်းလိုက်တာ။

အသွားဒုက္ခပြီးပြန်တော့ အပြန်မှာလည်း ထိုနည်း လည်းကောင်း ပါပဲ။ ပင်းယမှတ်တိုင်မှာ အလာကျဲတဲ့ ၁၀၈ ကားကို အလုအယက်တိုးတက်၊ ၄၅ ဒီဂရီခွေစောင်းစောင်းခန္ဓာနဲ့ အကြော်တဲရောက်တဲ့အထိ ကြိတ်မှိတ်လိုက် ပါ၊ မှတ်တိုင်ရောက်တော့ ရှေ့မျက်နှာနောက်ထားပြီး အတင်းတိုးဖေ့ဆင်း၊ ကားအောက်ရောက်မှ အသက်ကို ဝဝရှူပြီး လွတ်ပြီ ကျွတ်ပြီလို့ စိတ်ထဲက ကြွေးကြော်၊ ဒီလိုနဲ့ပဲ တစ်နေ့တာတွေ ကုန်ဆုံးရတာ။ နေ့တွေသာ ပြောင်းသွား တယ် ကျွန်မရဲ့ ကားစီးရတဲ့ ဘဝပုံစံကတော့ မပြောင်းလဲပါဘူး။

မြောက်ဒဂုံချင်းတူပေမဲ့ မ·ဝ·တ လမ်းဆုံဘက်သွားတဲ့ ယာဉ်လိုင်း တွေက ပေါပါတယ်။ ဘယ်ကားတက်စီးစီး၊ ချောင်ချောင်ချိချိပါပဲ။ မ·ဝ·တ လမ်းဆုံကားတွေ အစီး ၂၀ လောက်လာမှကိုယ်စီးမယ့် ၁၀၈ က တစ် စီးလောက်လာတာ။ လာပြန်တော့လည်း ကားပေါ် တိုးမတက်နိုင်လို့ မျက်နှာ ငယ်ကလေးနဲ့ ကျန်ရစ်ခဲ့ရတာလည်း ခဏ ခဏ။

တကယ်တော့ ဒိုင်နာကားက ကုန်တင်ယာဉ်ပါ။ ကျွန်မတို့လို ဖွံ့ဖြိုးဆဲ နိုင်ငံတွေကတော့ ကုန်တင်ကားကိုပဲ လူစီးယာဉ်အဖြစ် စီးနေကြရတာပါ။ ဒိုင်နာကားရဲ့ ခြေနင်းခုံက မြင့်ပါတယ်။ သာမန် အရပ်လောက်ရှိတဲ့ သူတွေ အတွက် အတက်အဆင်းခက်ပါတယ်။ အထူးသဖြင့် မိန်းကလေးတွေ ကားပေါ် လှမ်းတတ်ဖို့ မလွယ်ကူလှပါဘူး။ စပယ်ယာက လက်မောင်းကို လှမ်းဆွဲပြီး တင်မှ ကားပေါ်ရောက်တာပါ။ အဆင်းမှာလည်း ရိုးရိုးခြေချဆင်းလို့မရပါဘူး။ သတိနဲ့ ခုန်ချပြီး ဆင်းရတာပါ။

တစ်ရက်မှာတော့ မှတ်တိုင်အရောက်မှာ အန်တီကြီးတစ်ယောက် ကားပေါ်ကခုန်အဆင်း စပယ်ယာက မောင်းလို့မပြောသေးဘဲ ကားက ထွက် သွားတော့ ကတ္တရာလမ်းမပေါ် ဖင်ထိုင်လျက်ကျသွားတယ်။ အဲဒီ အန်တီ လည်း ရှက်ရှက်နဲ့ ကုန်းထရှာတယ်။ နာသွားတဲ့ ဒူးတစ်ဖက်ကို လက်က ထိန်းရင်း ထော့နဲ့နဲ့ လျှောက်သွားတာကိုကြည့်ပြီး ကျွန်မဖြင့် စိတ်မကောင်း လိုက်တာ။ မသေကောင်း မပျောက်ကောင်း။ အဲဒီ အန်တီပိန်ပိန်လေးမို့ တော်သေးတာပေါ့။ ဝတဲ့သူဆို ချက်ချင်းထနိုင်ပါ့မလား။ ခြေခေါက်သွား ရင်၊ ခြေကျိုးသွားရင် ဒုက္ခ။ ကျွန်မရင်ဘတ်ဖိပြီး ဘုရားတမိရင်းက ဘဝတူ ခရီးသည်တွေရဲ့ ဘဝလုံခြုံမှုဆိုတာကို တွေးနေမိပါတော့တယ်။

အဲဒီအချိန်ကစပြီး ကျွန်မ ကားပေါ်ကဆင်းရင် ပိုပြီးသတိထားရ တော့တယ်။ စပယ်ယာရဲ့ အသံ၊ ကားရပ်ပုံအနေအထား၊ ကားစက်ရဲ့ အသံ စသည်ဖြင့်ပေါ့။ အလောတကြီးရပ်ပြီး အလောတကြီး မောင်းမယ့်အနေ အထားဆိုရင်တော့ မှတ်တိုင်ကျော်ချင်ကျော်သွားပါစေ၊ မဆင်းတော့ဘူး။ တစ်မှတ်တိုင်လောက် လမ်းပြန်လျှောက်ရတာက အရေးမကြီးဘူး။ ကိုယ် အန္တရာယ်တစ်ခုခု မဖြစ်ဖို့က အရေးကြီးတယ်လေ။

အဲဒီလို ကားစောင့်ရတဲ့ဒုက္ခ၊ ကားပေါ်မှာနေရတဲ့ ဒုက္ခတွေနဲ့ နေ့ တစ်နေ့ရဲ့ အစဒုက္ခနဲ့ အဆုံးဒုက္ခတွေကို ခံစားရင်း ကြောက်ဖျားဖျားနေရတဲ့ ဘဝဟာ ဘယ်လောက်ထိ ကြာရှည်နေဦးမလဲဆိုတာတော့ မသိနိုင်ဘူးပေါ့။ တစ်ချိန်ချိန်မှာတော့ အဖျားပျောက်ဖို့ဆေး ရှိနိုင်ပါရဲ့လို့ မျှော်လင့်ရင်းက ကျွန်မ ၁၀၈ ကားလာရာလမ်းဆီ မျက်နှာမူထားလိုက်ပါတော့တယ်။

*7 Days, December 31, 2009.*

●●●

# မေတ္တာနဲ့ပေါင်းသင်းခြင်း

လူလူချင်း ပေါင်းသင်းဆက်ဆံကြတဲ့အခါ ဘာနဲ့ဆက်ဆံကြတာလဲ။ ဘာကြောင့် ဆက်ဆံကြတာလဲ။ ငွေကြောင့်လား၊ ပညာလား၊ ရာထူးလား၊ ချစ်ခြင်းမေတ္တာလား။ ကျွန်မကတော့ လူတွေကို ချစ်ခြင်းမေတ္တာနဲ့သာ ပေါင်းသင်းတတ်ပါတယ်။ ချစ်ခြင်းမေတ္တာနဲ့ ပေါင်းသင်းဆက်ဆံခြင်းက အတည်မြဲဆုံး၊ အသန့်ရှင်းဆုံးပါပဲ။ ကျွန်မတို့ဟာ ငွေကြေးမရှိတဲ့သူ၊ ပညာမတတ်တဲ့သူ၊ အရှိန်အဝါမရှိတဲ့သူကို အေးအတူပူအမျှ ပေါင်းသင်းဆက်ဆံလို့ရပါသေးတယ်။ ဒါပေမဲ့ မေတ္တာမရှိတဲ့သူကိုကျတော့ မျက်နှာချင်းတောင် ဆိုင်လို့မရကြဘူးမို့လား။

လူတိုင်းအပေါ်မှာ မေတ္တာထားကြပါဆိုတာ ပြောတော့သာလွယ်တာ၊ လက်တွေ့မှာတော့ မလွယ်လှပါဘူး။ မေတ္တာမရှိချင်စရာကောင်းတဲ့သူကို ဘယ်လိုလုပ်ပြီး မေတ္တာထားလို့ရမှာလဲ။ လူတစ်ယောက်ကို မေတ္တာရှိဖို့ဆိုတာ သူ့ရဲ့စိတ်ထားလေးကို ချစ်လို့ရမှ မေတ္တာထားလို့ရမှာပါ။ စိတ်ပုပ်တဲ့သူ၊ ယုတ်မာတဲ့သူကို မေတ္တာထားဖို့ နေနေသာသာ သူ့ရဲ့စိတ်ပုပ်ပုံတွေ၊ ယုတ်မာပုံတွေကို သိမြင်လေ ရွံရှာမုန်းတီးတဲ့စိတ်တွေ တဖွားဖွားပေါ်လာလေပါပဲ။

ဒါကြောင့် မဟာဂန္ဓာရုံဆရာတော်က "စိတ်ကောင်းရှိဖို့ ပထမ" လို့ ဟောကြားခဲ့တာပေါ့။ စိတ်ကောင်းရှိတဲ့သူကျတော့ ဘာပကာသနမှ မရှိလည်း မေတ္တာထားလို့ရနေတာပဲ။ ပညာတွေဘယ်လောက်တတ်တတ် ငွေကြေးအရှိန်အဝါတွေ ဘယ်လောက်ပဲရှိရှိ စိတ်ထားမကောင်းရင်တော့ အထင်ကြီးလေးစားဖို့ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ။ မေတ္တာထားဖို့ဆိုတာတော့ ဝေလာဝေးပေါ့။

တစ်ဦးတစ်ယောက်ကို ငွေကြေးကြောင့်၊ အရိုန်အဝါတွေကြောင့် ပေါင်းသင်းနေရတယ်ဆိုကတည်းက ရှက်စရာ တော်တော်ကောင်းနေပါပြီ။ အဲဒီဆက်ဆံရေးဟာ အယောင်ဆောင်ဆက်ဆံရေးပါပဲ။ ချစ်ခင်ရင်းနှီးမှုမပါတဲ့ ဆက်ဆံရေးဆိုတာ ဘယ်လောက်ကြာကြာ တည်မြဲနိုင်မှာလဲ။ ချစ်ဟန်ဆောင်တယ်ဆိုတာလည်း ခဏပဲပေါ့။ ဘယ်လောက်ကြာကြာ ဟန်ဆောင်နိုင်မှာတဲ့လဲ။

မေတ္တာမပါတဲ့ အိမ်ထောင်ရေးဟာ ဆားမပါတဲ့ဟင်းလို ပေါ့ပြက်ပြက်ပဲလို့ ပြောကြပါတယ်။ မေတ္တာမပါတဲ့ ပေါင်းသင်းဆက်ဆံရေးကျတော့ ဘာနဲ့များ တူနေမလဲနော်။ ကျွန်မ တက္ကသိုလ်တက်တုန်းက အတန်းဖော် သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူက သူငယ်ချင်းကိုရွေးပြီး ပေါင်းတယ်။ အတန်းထဲမှာ မျက်နှာကြီး သားသမီးဆိုရင် သူ သွားကပ်ပြီ။ သူက ကျွန်မကို "အဖေက ဘာလုပ်လဲ" တဲ့။ "ကျန်းမာရေးမှူး" လို့ပြောလိုက်တော့ သူက ကျွန်မရဲ့ မတောက်ပတဲ့အဝတ်အစားကို တစ်ချက်ကြည့်ပြီး တအံ့တသြနဲ့ "ဟင် ဒါဆို ကားနဲ့အကြိုအပို့မလုပ်ဘူးလား" တဲ့။ ကျွန်မလည်း သူ အထင်လွဲသွားပြီဆိုတာကိုသိလိုက်တော့ ပြန်ပြီးရှင်းပြရတယ်။

"နင် ထင်သလိုမဟုတ်ဘူး။ ကျန်းမာရေးမှူးဆိုတာ ဆေးထိုးတဲ့ ဆေးမှူးကိုပြောတာ။ ဆရာဝန်အရောက်အပေါက်နည်းတဲ့ တောနယ်တွေမှာ ဆေးကုတာ။ ဘယ်က ကားရှိရမလဲ"

သူက 'မှူး'ဆိုတာနဲ့ အထင်ကြီးသွားခဲ့တာလေ။ သူ စိတ်ဝင်တစားနဲ့ တခုတ်တရတွဲမယ့် သူငယ်ချင်းမျိုးထဲမှာ ကျွန်မ မပါနိုင်တာမို့ သူ့ကို ကျွန်မ ခပ်ခွာခွာပဲ နေခဲ့ပါတယ်။ သူ့လိုလူမျိုးကိုလည်း သူငယ်ချင်းမတော်ချင်ပါဘူး။ သူကတော့ ကျူတိုရီရယ်ဖြေချိန်ဆိုရင် ကျွန်မအနားကို လာထိုင်တတ်တယ်။ ကျွန်မတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ ရင်ဘတ်မပါတော့ ကျိုးတိုးကျဲတဲပါပဲ။

ကျွန်မ နောက်ဆုံးနှစ်မှာ စိတ်တူကိုယ်တူနဲ့ မခွဲမခွာနေလာတဲ့ သူငယ်ချင်းတွေ ရှိလာပြီ။ တစ်ရက်မှာ ကျွန်မတို့အုပ်စုထဲက သူငယ်ချင်း တစ်ယောက်က သူ့အိမ်ကိုထမင်းစားဖိတ်တယ်။ သူ့အဖေက ဖိတ်ခိုင်းတာတဲ့။ သူ့သမီးနဲ့ တက္ကသိုလ်မှာ လေးနှစ်လုံးလုံး ချစ်ချစ်ခင်ခင်တွဲလာတဲ့ သူငယ်ချင်းတွေကို ရင်းရင်းနှီးနှီး တွေ့ဆုံစကားပြောချင်လို့တဲ့လေ။ ကျွန်မတို့အုပ်စုလည်း ပျော်ပျော်ပါးပါးနဲ့ သူငယ်ချင်းရဲ့အိမ်ကို ချီတက်ခဲ့ကြတာပေါ့။ သူငယ်ချင်းက ချမ်းသာတယ်။ ကားခြောက်စီးကို တစ်နေ့တစ်မျိုးပြောင်းစီးပြီး ကျောင်း

တက်တဲ့သူ။ ဝင်ဒါမီယာမှာနေတာ။ ကျွန်မလည်း ဝင်ဒါမီယာဆိုတာ အဲဒီ တော့မှ ရောက်ဖူးခဲ့တာပါ။

ထမင်းဝိုင်းမှာ သူ့အဖေက ဖော်ဖော်ရွေရွေနဲ့ ကျွန်မတို့ကို ဧည့်ခံ ကျွေးမွေးပါတယ်။ ထမင်းစားပြီးတော့ အချိုပွဲနဲ့ဧည့်ခံပြီး ရှေးဟောင်း နှောင်းဖြစ်တွေ၊ သူ့ဘဝအတွေ့အကြုံတွေ၊ သင်ခန်းစာရခဲ့ပုံတွေကို ပြောပြပြီး ကျွန်မတို့လူငယ်တွေ မမှားသင့်တာတွေ မမှားရအောင် ဆုံးမဩဝါဒပေးပါ တယ်။ ပြန်ခါနီးကျတော့ ကျွန်မတို့ တစ်ယောက်ချင်းစီရဲ့ နေရပ်တွေကို မေးပါတယ်။ အင်းစိန်၊ ဗဟန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ အလုံ စသည်ဖြင့် ကျွန်မတို့လည်း ကိုယ့်နေရပ်ကလေးတွေကို ဖြေခဲ့ကြတာပေါ့။

နောက်တစ်နေ့ကျတော့ သူငယ်ချင်းက ရှီးရှီးသားသား ပြန်ပြော တယ်။ သူ့အဖေက ပြောတယ်တဲ့။

"သမီးပေါင်းတဲ့ သူငယ်ချင်းတွေကလည်း တကယ့်ငမွဲတွေပဲ။ ဘာလို့ လူကုံထံသားသမီးတွေနဲ့ မပေါင်းဘဲ မြို့စွန်က လူတွေနဲ့ပေါင်းရတာလဲ ငါ့သမီးက တော်တော်ချာတာပဲ" တဲ့လေ။

ကျွန်မ မနေ့ကတစ်နေ့လုံး သူများအိမ်မှာ တဟီးဟီး တဟားဟားနဲ့ စားသောက်ပျော်ရွှင်နေခဲ့မိတဲ့ ကိုယ့်အဖြစ်ကို ရှက်လွန်းလို့ မျက်နှာကို ဓားနဲ့ တောင်လှီးပစ်လိုက်ချင်တော့တာပါပဲ။

အခုတော့လည်း အဲဒီလိုလူကိုမကြည့်ဘဲ ကိုယ်ရှိန်ကိုယ်ဝါကိုသာ ကြည့်တတ်တဲ့သူမျိုးတွေနဲ့ တွေ့ရဖန်များလာတော့ ကျွန်မ နည်းနည်းအရေ ထူလာပါပြီ။ အဲဒီလို လူမျိုးတွေကိုလည်း ဒေါသမထွက်မိတော့ဘဲ မေတ္တာ စိတ်နဲ့ သနားနေမိပါတယ်။ ဩော် သူတို့ခမျာ တကယ့်အစစ်အမှန်ကို တန်ဖိုးထားရကောင်းမှန်း၊ မက်မောရကောင်းမှန်း မသိကြရှာဘူး။ တကယ် တော့ ငွေကြေးဆိုတာ ရှာလို့ရပါတယ်။ အပေးအယူ ဖလှယ်နိုင်တဲ့ ပစ္စည်း မျှသာပါ။ မေတ္တာကတော့ ရှာလို့ရတဲ့အရာမဟုတ်သလို ပေးချင်တိုင်းပေး၊ ယူချင်တိုင်းယူလို့လည်း မရပါဘူး။

ဘယ်လောက်ပဲ တိုးတက်ကြတယ် ဆိုပေမဲ့ ကွန်ပျူတာမှာ အန်းတား (Enter) တစ်ချက်ခေါက်ရုံနဲ့ အချက်အလက် (Data) တွေ ထွက်ကျလာ သလိုမျိုးလည်း မေတ္တာက ထွက်ကျလာမှာမဟုတ်ပါဘူး။ ဒါပေမဲ့ လူအတော် များများကတော့ သူတို့အတွက် ငွေသာအရေးအကြီးဆုံး ဖြစ်နေကြပြီး ငွေနောက်ကိုပဲ တကောက်ကောက်လိုက်နေကြတာ စိတ်မကောင်းစရာပါပဲ။

ကျွန်မကတော့ လူတွေကို မေတ္တာနဲ့ပဲ ပေါင်းသင်းဆက်ဆံမြဲပါပဲ။ ချစ်ခြင်းမေတ္တာက ပေါင်းသင်းဆက်ဆံရေးမှာ ရေရှည်တည်တံ့ခိုင်မြဲစေတဲ့ ကြိုးတစ်ချောင်းဆိုတာ ကောင်းကောင်းသိထားသူမို့ ကျွန်မအတွက် နောင်တ ရစရာ အကြောင်းမရှိတော့ပါဘူး။

***7 Day ,October 28, 2010.***

●●●

# ကျွန်မဈေးသည်

အဝတ်က ခပ်နွမ်းနွမ်း၊ လူကပိန်ပိန်ပါးပါး၊ ဆံပင်ဖြူ ကျိုးတိုး ကျဲတဲနှင့် ခါးတစ်ချက်မကိုင်းသေးဘဲ ကျန်းမာသန်စွမ်းနေသော ဒေါ်အေးမေကို အသက် ၇၄ နှစ်ရှိပြီဟုပြောလျှင် ယုံနိုင်ဖွယ်မရှိပါ။ သို့သော် သူမ၏ မျက်လုံးအရောင်ကတော့ လူအိုတစ်ယောက်၏ သရုပ်သကန်ကိုပေါ်လွင်စွာ အရောင်တွေ မှဲ့လို့နေပါပြီ။

"ကြီးကြီး ဆီထမင်းရောင်းတာ ဘယ်လောက်ကြာပြီလဲ"

"ကြာပြီ ၁၅ နှစ်ရှိပြီ"

"တစ်နေ့ ကောက်ညှင်းဘယ်လောက်ကုန်လဲ"

"ငါးလုံးပဲ ကုန်တယ်။ အရင်တုန်းကတော့ ၁၀ လုံး၊ တစ်ပြည်ကုန် တယ်။ အခု ဈေးထိပ်မှာ ဆီထမင်းသည်က သုံးဦးဖြစ်လာတော့ မကုန် တော့ဘူး"

"ငါးလုံးဆိုတော့ အရင်းက ဘယ်လောက်လဲ ကြီးကြီး"

"၇၅၀"

"ရောင်းပြီးရင် ဘယ်လောက်ပြန်ရလဲ"

"၂၀၀၀၊ ၁၈၀၀ ပေါ့"

"အမြတ်နည်းတာပေါ့နော်။ ၁၀၀၀ လောက်ပဲကျန်တာပေါ့။ စား လောက်ရဲ့လား ကြီးကြီးရယ်"

"ဘယ်စားလောက်မလဲ။ သားအငယ်ဆုံးက အလုပ်ရှိတော့ သုံးသောင်းပေးတယ်။ သားအကြီးက ဒုက္ခိတ၊ သားအလတ်က အမူးသမား၊ အလုပ်မရှိဘူး။ လက်ရှိ ဒီသားသုံးယောက်နဲ့နေတယ်။ နေပြည်တော်မှာ

ရှိတဲ့သမီးက လူကြုံနဲ့ တစ်သောင်းပို့ပို့ပေးတယ်။ ကျန်တဲ့သူတွေကတော့ သူတို့ဒုက္ခနဲ့ သူတို့။ မပေးနိုင်ကြပါဘူး"

"သားသမီး ဘယ်နှယောက်ရှိလို့လဲ ကြီးကြီး"

"၁၂ ယောက်မွေးတာ ၇ ယောက်ပဲအဖတ်တင်တယ်။ ကြီးကြီးက ၁၆ နှစ်နဲ့ယောကျ်ားယူခဲ့တာ အဲဒီကတည်းက စပြီး ဈေးရောင်းခဲ့ရတာ ဒီနေ့ထိပါပဲ။ တစ်ချက်ကလေးမှ အနားမယူခဲ့ရဘူး"

ဒေါ်အေးမေ အိမ်ထောင်ကျပြီး ဈေးစရောင်းတော့ မနက်ပိုင်းမှာ ပဲပြုတ်ရောင်းသည်။ နေ့ခင်းဘက်မှာ မုန့်ကြာစေ့၊ သာကူရောင်းသည်။ ရပ်ကွက်သုံးခုလုံးကို မနက်တစ်ခါ နေ့လယ်တစ်ခါဈေးဗန်းရွက်ပြီး လှည့်လည်ရောင်းရသည်ကို မောတယ်ပန်းတယ်မထင်။ ဈေးသည်ဘဝက ငွေမြင်ရတာမို့ ဈေးရောင်းရတာကို ဒေါ်အေးမေ ပျော်သည်။ ကလေးတွေအဖေက ဆိုက်ကား သမား။ ဆိုက်ကားနင်းပြီး ရသမျှပိုက်ဆံကို အရက်သောက်ပစ်သည်။ ဒေါ်အေးမေကို အိမ်စရိတ်မပေး။ ကလေးတစ်ယောက် မွေးတိုင်းတော့ နို့ဆီဘူးအမြဲဝယ်ပေးသည်။ နို့ဆီဘူးကို ပုဆိုးခါးပုံစထဲက ထုတ်ကာ "အေးမေ ရော့ ကလေးအတွက်"ဟုပြောပြီး ပေးတတ်သည်မှာ တစ်ပတ်တစ်ခါ။

ငယ်ငယ်ရွယ်ရွယ် ဘာမှနားမလည်သေးတဲ့ ၁၆ နှစ်မှာ ခိုးရာလိုက်ပြေးသော်လည်း နောက်ဆုံးတော့ အမေ့အိမ်ပေါ်မှာပဲ တက်နေရသည်။ အမေက ဒေါ်အေးမေဈေးရောင်းသွားချိန်တွေမှာ ကလေးတွေ ထိန်းပေးသည်။ "ကလေးမွေးပြီး တစ်လပြည့်တာနဲ့ ဈေးဗန်းဆွဲပြီး ထွက်တော့တာပဲ။ အိမ်မှာ ထိုင်နေရတာကိုပျင်းတယ်။ ဈေးရောင်းပြီး ပြန်လာရင် မနက်ဖြန်အတွက် အရင်းချန်ပြီး ကျန်တဲ့ပိုက်ဆံအမေ့လက်ထဲ ထည့်လိုက်တာပဲ"

နေ့စဉ် ရပ်ကွက်သုံးခုလောက်ကို မနက်တစ်ခါ နေ့ခင်းတစ်ခါ လမ်းလျှောက်နေရ၍လားမသိ။ ဒေါ်အေးမေက ကျန်းမာသည်။ နေထိုင်မကောင်းလို့ ဆေးခန်းသွားရတယ်ဆိုတာ မရှိ။ တော်ရုံတန်ရုံလောက်ကတော့ ပါရာစီတမော့လောက်နှင့် ပြီးသည်။ ဒေါ်အေးမေမရောင်းဖူးသည့် မုန့်ပဲသရေစာဆိုတာလည်း မရှိတော့။ မုန့်ကြာစေ့၊ သာကူ၊ မုန့်လက်ကောက်၊ မုန့်ဖက်ထုပ်၊ ပြောင်းဖူးပြုတ်၊ မြေပဲပြုတ် စသည်ဖြင့်အမျိုးပေါင်းစုံပြီ။ အခု နောက်ဆုံး ဆီထမင်းရောင်းတာမြဲနေသည်။

အသက်ကကြီးလာတော့ အရင်တုန်းကလိုလည်း နေ့ခင်းဘက်ထွက် မရောင်းနိုင်တော့။ ခွေးနှစ်ခါ အကိုက်ခံရပြီးကတည်းက ရပ်ကွက်ထဲ

လှည့်လည်ဈေးရောင်းရသည့်ဘဝကို စိတ်ကုန်သွားသည်။ တောင်ဥက္ကလာ၊ ၁၃ ဈေးထိပ် လက်ဖက်ရည်ဆိုင်ရှေ့လေးမှာပဲ ထိုင်ရောင်းတော့သည်။

မနက် ၄ နာရီထပြီး ကောက်ညှင်းချက်၊ ၆ နာရီခွဲမှာ ဈေးစရောင်းပြီး ၈ နာရီခွဲ ၉ နာရီဆို ကုန်သွားပြီ။ အပြန်မှာ ဈေးထဲက ဟင်းစားဝယ်၊ မနက်အတွက်လိုအပ်တာဝယ်၊ အိမ်ပြန်ပြီး ထမင်း၊ ဟင်းချက်ပြုတ်၊ ရေချိုး၊ ဒုက္ခိတသားနဲ့ အရက်သမားကို ထမင်းခူးခပ်ကျွေး၊ ထမင်းစား၊ နေ့ခင်းတစ်နာရီမှာ အိမ်ရှေ့အိမ်က ဓမ္မမိတ်ဆွေဆီသွားပြီး အမ်အာတီဗွီဖိုးကလာတဲ့ တရားခွေကိုနာ၊ စကားစမြည်ပြော၊ ကော်ဖီသောက်၊ ပြီးရင် အိမ်ပြန်တစ်ရေးအိပ်၊ ညနေကျတော့ ညစာအတွက် တစ်ခါချက်ပြုတ်ဖို့ ပြင်ဆင်၊ မနက်ဟင်းတစ်မျိုး၊ ညဟင်းတစ်မျိုး စားတတ်သည်မှာ ဒေါ်အေးမေ၏ အကျင့်။ သူများတွေလို မနက်စာ၊ ညစာပေါင်းချက်ထားခြင်းမျိုး ဒေါ်အေးမေ မလုပ်။ ညကျတော့ သားတွေကို ထမင်းခူးခပ်ကျွေး။ ဤသည်မှာ ဒေါ်အေးမေ၏ နိစ္စဓူဝဘဝကိစ္စ။

"ယောကျ်ားဆုံးတာ ၇ နှစ်ရှိသွားပြီ။ ကြီးကြီးကတော့ ခုထိ ဘာရောဂါမှ ကြီးကြီးမားမားမရှိသေးဘူး။ အမေထားခဲ့တဲ့ အိမ်လေးရှိတော့ နေဖို့တော့ မပူရပါဘူး။ ဘဝတစ်လျှောက်လုံး အလုပ်နဲ့လက်နဲ့ မပြတ်အောင် ပင်ပန်းဆင်းရဲခဲ့တာ အမေ့ကို စိတ်ဆင်းရဲအောင်လုပ်ခဲ့လို့ပေါ့။ ကြီးကြီး လင်နောက်လိုက်တော့ အမေက ရင်ဘတ်ထုထုပြီးငိုတာ။ ရင်ဘတ်မှာ အညိုအမည်းစွဲထင်နေတော့တာ။ သေတဲ့အထိ မပျောက်ဘူး။ အမေလည်း အဲဒီကတည်းက ကျန်းမာရေး မကောင်းတော့တာပဲ။ သူ့သဘောမတူလို့ တားနေတဲ့ကြားထဲက ကြီးကြီးကဇွတ်လုပ်ခဲ့တာလေ။ မိဘမျက်ရည်တစ်စက် သားသမီးတစ်သက်ဆိုတာ ဟုတ်လိုက်လေ သမီးရယ်"

ဆီထမင်းဇန်းကို ခေါင်းပေါ်ရွက်ရင်း ကြော့ကြော့လေး ထွက်ခွာသွားသော ဒေါ်အေးမေ၏ ခြေလှမ်းများကမူ ယိမ်းယိုင်ခြင်းမရှိသေး။

*7 Day , December 16, 2010.*

❁ ❁ ❁

# ဤခရီးနီးသလား

ဘာလိုလိုနဲ့ ၂၀၀၉ လည်း ကုန်သွားခဲ့ပြီ။ လူတစ်ယောက်နဲ့တစ်ယောက် အပြီးအပိုင် ခွဲခွာသွားရရင် စိတ်မကောင်းခြင်းကြီးစွာနဲ့ 'Good Bye' လို့နှုတ်ဆက်ရသလိုပဲ၊ ကျွန်မ ၂၀၀၉ ခုနှစ်ကို နှမြောတသစွာနဲ့ 'Good Bye' လို့ နှုတ်ဆက်ရတော့မယ်။

တစ်နှစ်ပြီး တစ်နှစ်ကုန်လာသလိုပဲ ကျွန်မတို့ရဲ့ ဘဝဟာလည်း ကုန်ကုန်လာခဲ့ပြီ။ သက္ကရာဇ်တွေကို တစ်နှစ်ပြီးတစ်နှစ် ကျော်ဖြတ်နေကြရတဲ့ ကျွန်မတို့တစ်တွေရဲ့ ဘဝပုံစံတွေဟာ ဘာနဲ့တူသလဲဆိုတော့ ရထားစီးရသလိုပါပဲ။ မီးရထားစီးတဲ့ ခရီးသည်လိုပဲ ကျွန်မတို့လည်း ဘဝဆိုတဲ့ ရထားကိုစီးနေကြတဲ့ သံသရာခရီးသည်တွေပါ။

ခရီးသည်ချင်းတူပေမဲ့ မတူတာတစ်ခုတော့ ရှိတယ်။ ရိုးရိုးခရီးသည်က သူဆင်းရမယ့်ဘူတာကို သိတယ်။ သံသရာခရီးသည်ကတော့ ဘယ်ဘူတာမှာ သူဆင်းရမယ်ဆိုတာ ကြိုမသိဘူး။

မီးရထားစီးတဲ့အခါ ဘူတာတိုင်းကို ရထားကရပ်မှာပဲ။ ခရီးသည်က သူဆင်းချင်တဲ့ ဘူတာမှာ ဆင်းလိုက်ရုံပါ။ ရန်ကုန်ကနေ မန္တလေးသွားမယ့် ခရီးသည်ဟာ ခရီးအကွာအဝေးကိုသိတဲ့အတွက် ခရီးအတွက် လိုအပ်မယ့် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရမယ်။ လိုအပ်တဲ့ ငွေကြေး၊ အသုံးအဆောင်၊ အစားအစာတို့ကို ခန့်မှန်းပြီး ကြိုတင်ပြင်ဆင်လို့ရတယ်။ သူသွားချင်တဲ့ ခရီးကို ဘယ်အချိန်မှာရောက်မလဲဆိုတာ ကြိုတင်တွက်ချက်နိုင်တယ်။

ဘဝရထားကိုစီးတဲ့ သံသရာခရီးသည်ကျတော့ သူသွားရမယ့် ခရီး ဘယ်လောက်ကြာမလဲဆိုတာ မသိဘူး။ ရထားကတော့ သက္ကရာဇ် ဘူတာတွေ

တစ်ဘူတာပြီးတစ်ဘူတာ ရပ်မှာပဲ။ ခရီးသည်က ကိုယ် ဘယ်ဘူတာမှာ ဆင်းရမလဲဆိုတာ မသိဘူး။ ကိုယ်ဆင်းရမယ့်ဘူတာက နီးပြီလား၊ ဝေးသလားဆိုတာလည်း ခန့်မှန်းလို့မရဘူး။ နောက်ထပ် ဘယ်နှဘူတာ ကျန်သေးလဲ။ ကုန်ကျစရိတ်တွေ ဘယ်လောက်များဦးမလဲ။ နောက်ထပ် ထမင်း ဘယ်နှနပ်စားခွင့်ရှိသေးသလဲဆိုတာတွေလည်း မသိနိုင်ဘူး။ သူ့ခရီးစဉ်ဟာ မသေချာ မရေရာဘူး။ သေချာတာတစ်ခုကတော့ ဆင်းရမယ့် မှတ်တိုင်ရောက်ပြီဆို သူဆင်းရတော့မှာပဲ။ ကိုယ့်အလုပ်တာဝန်တွေ မပြီးသေးလို့၊ နောက်ကြောင်းမအေးသေးလို့ဆိုပြီး မဆင်းချင်လို့ကို မရတော့ဘူး။

အဲဒီတော့ ကျွန်မတို့ သံသရာခရီးသည်တွေအတွက် ကြိုတင်ပြင်ဆင်ချိန်ဟာ မရှိသလောက်ကို နည်းပါတယ်။ ရထားပေါ်က အချိန်မရွေး ဆင်းသွားနိုင်တဲ့၊ ဆင်းသွားရမယ့်သူတွေဆိုတော့ ရထားပေါ်မှာရှိနေတဲ့ အခိုက်အတန့်လေးပဲ ကျွန်မတို့အတွက် အချိန်ရတယ်။ အဲဒီအချိန်လေးမှာပဲ ကျွန်မတို့က ကျွန်မတို့ခရီးအတွက် 'ဒါန၊ သီလ၊ ဘာဝနာ'ဆိုတဲ့ ရိက္ခာလေးတွေကို ဖြည့်ဆည်းထားရမှာ။ မန္တလေးသွားမယ့်ခရီးသည်က လမ်းက ဘူတာတွေမှာ ထမင်းစားလိုက်၊ လက်ဖက်ရည်သောက်လိုက်၊ ရေဝယ်လိုက်နဲ့ သူ့ရိက္ခာကို မန္တလေးမရောက်မချင်းဖြည့်တင်းရသလိုပဲ သံသရာခရီးသည်က လည်း သက္ကရာဇ်ဘူတာတွေမှာ ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာပွားလို့ ခရီးဆုံးမရောက်မချင်း သူ့ရိက္ခာကိုဖြည့်တင်းသွားရမှာ။

အခုတော့ ၂၀၁၀ ဘူတာကို ရောက်ပြီ။ ကုန်လွန်ခဲ့တဲ့ ၂၀၀၉ ဘူတာမှာ ကျွန်မ ဘာရိက္ခာတွေ ယူပြီးခဲ့ပြီလဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်တော့ ဟိုလိုလို ဒီလိုလိုနဲ့ အပျင်းထူခဲ့တာတွေပဲများတယ်။ ဘာမှ မည်မည်ရရ ဖြစ်မြောက်အောင် မလုပ်ခဲ့ရဘူး။ ပြီးသွားတာတွေကို ပြန်လွမ်းနေလို့လည်းရထားက နောက်ကြောင်းပြန်လှည့်မှာမှ မဟုတ်တာ။ ရှေ့ဆက်ပြီး နောက်ထပ်ဘူတာတွေမှာ အပျင်းမထူမိအောင်ပဲ ကြိုးစားရတော့မယ်။

၂၀၀၉ ဘူတာမှာ ကျွန်မချစ်တဲ့မောင်လေးက ကျွန်မတို့ကို နှုတ်မဆက်ဘဲ ဆင်းသွားခဲ့တယ်။ ရုတ်တရက်ကြီးဆိုတော့ ကျွန်မတို့အားလုံး အငိုက်မိသွားကြတယ်။ ကျွန်မတို့က ကျွန်မတို့နဲ့အတူတူ သူ ခရီးဆက်ဦးမယ် လို့ ထင်ထားခဲ့တာ။ မောင်လေးက ကျွန်မထက် အသက် ၁၀နှစ်ငယ်တယ်။ ကျွန်မကရော ဘယ်ဘူတာမှာ ဆင်းရမှာလဲ။ ကျွန်မအတွက် အချိန်ဘယ်လောက်ကျန်သေးလဲ။

'ဒါန၊ သီလ၊ ဘာဝနာ' ဆိုတဲ့ ရိက္ခာက အသက်ကြီးတာ၊ ငယ်တာနဲ့ မဆိုင်။ ကိုယ်ဆင်းရမယ့်ဘူတာနဲ့သာ ဆိုင်တာပဲလို့တွေးမိပါတော့တယ်။

*7 Day , December 31, 2009.*

❖ ❖ ❖

# အမေနေကောင်း သားဆုတောင်း

သူငယ်ချင်းတွေက ကျွန်တော့်ကိုတွေ့ရင် 'အမေနေကောင်း သားဆုတောင်း' လို့ စကြ နောက်ကြတယ်။ သူတို့စမယ်ဆိုရင်လည်း စချင်စရာပါပဲ။ ကျွန်တော်က အမေ့ဆီကိုစာရေးပြီး ပိုက်ဆံလှမ်းတောင်းတိုင်း ဒီစကားနဲ့ အစချီနေကျကိုး။

ဒီအခေါက်နဲ့ဆိုရင် ကျွန်တော် ရန်ကုန်ရောက်တာ သုံးခေါက်ရှိပြီပေါ့။ ဒီတစ်ခေါက်ကတော့ အကြာဆုံးပဲ။ အေးဂျင့်အစ်ကိုက "မင်းအတွက် ခေါ်စာကျတော့မယ်။ ပြန်နေရင် လမ်းစရိတ်ကုန်နေမယ်။ ငါ့ဆီမှာနေ" ဆို တာနဲ့ ကြာသွားတာ။ ကျွန်တော်ကလည်း ရန်ကုန်ကနေ မပြန်ချင်တာနဲ့ အတော်ပဲဖြစ်သွားတာပေါ့။

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်က အိမ်ခြေတစ်ရာကျော်သာရှိတဲ့ သာယာကုန်းရွာကလေးမှာ ကြီးပြင်းလာတဲ့သူက ရန်ကုန်လိုနေရာမျိုးမှာ မပျော်ဘဲရှိမလားဗျာ။ အားလုံးဟာ အသစ်အဆန်းတွေပဲလေ။ မမြင်ဖူး၊ မတွေ့ဖူး၊ မစားဖူးတာတွေနဲ့ စွဲမက်စရာတွေအပြည့်ပဲ မဟုတ်လား။ ကျွန်တော်ကတော့ နေ့တိုင်းပဲ မြို့ထဲကို ထွက်ချင်နေတော့တာပဲ။ တစ်နေ့တစ်နေ့ ဘာရယ်လို့မဟုတ် ဆူးလေတစ်ပိုက်နဲ့ ပန်းဆိုးတန်းမှာ တဝဲလည်လည်နဲ့ ကျင်လည်သွားလာရတာလည်း အရသာတစ်မျိုးပဲလေ။

ရန်ကုန်ကို ရောက်ခါစကတော့ လမ်းတွေ ခဏခဏမှားတယ်။ အေးဂျင့်အစ်ကိုက မြို့ထဲမှာ အဓိကလမ်းကြီးသုံးလမ်းဖြစ်တဲ့ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းနဲ့ ဗိုလ်ချုပ်လမ်းကိုမှတ်မိရင် သွားတတ်ပြီလို့ပြောတယ်။ ဒါပေမဲ့ အဆောက်အအုံတွေ၊ လမ်းတွေက ဆင်တူရိုးမှားတွေမို့

ဒီသုံးလမ်းကိုပဲ ခဏခဏများနေတော့တာပဲ။ အခုမှသာ တစ်ယောက်တည်း သွားလာတတ်ပြီး လည်လည်ဝယ်ဝယ်ရှိလာတာ။

ကျွန်တော့်အတွက်တော့ တစ်သက်နဲ့တစ်ကိုယ် မလေးရှားဆိုတာ အိပ်မက်တောင်မက်ဖူးတာ မဟုတ်ပါဘူး။ မလေးရှား မလေးရှားနဲ့ ဒီမလေးရှားရောဂါက ကျွန်တော်တို့ဆီမှာ တော်တော်လေး ခေတ်စားနေတာကြာပြီ။ ရွာနီးချုပ်စပ်က လူတွေလည်း သွားလိုက်ကြတာ သောက်သောက်လဲပါပဲ။ ကျွန်တော်ကတော့ စိတ်မဝင်စားဘူး။ ဒါပေမဲ့ အမေကတော့ စိတ်ဝင်စားတယ်။ သူများတွေ ပါးစပ်ဖျားက မလေးရှားက အမေ့ပါးစပ်ဖျား ရောက်လာတော့တာပဲ။ သူများတွေလို 'သားက မလေးရှားမှာ' လို့ အော်ချင်တယ် ထင်ပါရဲ့။ ကျွန်တော့်ကို မလေးရှားသွားဖို့ အတင်းတိုက်တွန်းတော့တာပဲ။

ကျွန်တော်တို့က မိသားစုသုံးယောက်ပဲရှိတယ်။ အမေရယ်၊ ညီမလေးရယ်၊ ကျွန်တော်ရယ်။ ညီမလေးက ကိုးတန်း၊ ကျွန်တော်က ဆယ်တန်း နှစ်ခါကျ။ အမေ့ရဲ့ အိမ်ဆိုင်ကလေးနဲ့ စားဖို့၊ နေဖို့ပူစရာမလိုပါဘူး။ ကျွန်တော်ကလည်း မနက်ခင်း သီးနှံရောင်းတာတစ်ထောင်၊ ထောင့်ငါးရာလောက်တော့ ကျန်တာပဲ။ ညောင်ပင်ဆိပ်ကနေ စက်လှေစီးပြီး လှေကြီးချိုင် ဆိပ်ကမ်းရွာကို သွားရောင်းတာ။ အသွားအပြန် နှစ်နာရီလောက်တော့ စီးရတယ်။ ငရုတ်သီး၊ ဘူးသီး၊ ချဉ်ပေါင်၊ နံနံ၊ ပဲသီး စတဲ့ခြံထွက်သီးနှံလေးတွေပေါ့။ မွန်းတည့်ချိန်ဆို ရွာကိုပြန်ရောက်ပြီ။ နေ့လယ်နဲ့ ညတွေမှာ အားနေတော့ ဘိလိယက်ထိုး၊ ဘောလုံးကန်၊ ပြီးရင် အရက်ဆိုင်ကိုတော့ ပုံမှန်သွားတယ်။ ဒါ ကျွန်တော့်ရဲ့ တစ်နေ့တာဘဝပဲ။

တစ်ခါတလေမှာ ကျွန်တော်ပျင်းရင် ဟင်းရွက် သွားမရောင်းတော့ဘူး။ မနက်အစောကြီးထပြီး တစ်မနက်လုံး ဈေးရောင်းတာ တစ်ထောင်လောက်ပဲကျန်တယ်။ ကျွန်တော် တစ်နေကုန်အောင် ဘိလိယက်ထိုးရင် လေးထောင်၊ ငါးထောင်လောက်က အသာလေး နိုင်တာပဲ။ ဒီတော့ ကျွန်တော့်စိတ်က ဈေးရောင်းတာထက် ဘိလိယက်ထိုးရတာ ပိုပျော်တယ်။ ဒါကို အမေကမကြိုက်ဘူး။ ရှင်းရှင်းပြောရရင် ကြည့်မရဘူးပေါ့။ ကျွန်တော့်ကို ပုံမှန်အလုပ်လုပ်စေချင်တယ်။ အလုပ်ရဲ့ တန်ဖိုးကိုသိစေချင်တယ်။ ညနေတိုင်း အရက်ဆိုင်သွားတာလည်း မကြိုက်ဘူး။ မလေးရှားရောက်သွားရင် အလုပ်ကို စည်းကမ်းတကျလုပ်ရမယ်။ လူလည်း လက်ကြောတင်းပြီး အပိုးကျိုးသွားလိမ့်မယ်လို့ မျှော်လင့်ပုံရတယ်နဲ့ တူတယ်။

“နင့်အတွက် စိတ်မအေးဘူး။ နင် မလေးရှားရောက်ရင် ငါသေပျော်ပြီ” လို့ ပြောနေတော့တာ။ ကျွန်တော်လည်း ဇွတ်မငြင်းချင်တော့ဘူး။ ဒီလောက်တောင်ရှိလှ သွားမယ်ကွာဆိုပြီး ရန်ကုန်ကိုထွက်လာခဲ့တာပဲ။

ကျွန်တော်က ဘဝတွေ၊ အနာဂတ်ဆိုတာတွေကို သိပ်ခေါင်းထဲထည့်တဲ့သူမဟုတ်ဘူး။ ပြောရမယ်ဆိုရင် ပေါ့ပေါ့နေ ပေါ့ပေါ့စားပေါ့။ အမေရှိတာလည်း တစ်ကြောင်းပေါ့လေ။ ဘဝကို အပူအပင်မဲ့ နေလာခဲ့ပြီး ရောက်တဲ့နေရာမှာ ပျော်တတ်တဲ့ကောင်။ အခုလို မြို့ကြီးပြကြီးမှာ ပိုပျော်တာပေါ့။

အေးဂျင့်အစ်ကိုက အိမ်ခေါ်ထားပြီး ထမင်းကျွေးပေမဲ့ အသုံးစရိတ်ကတော့ လိုသေးတာပဲ။ ရန်ကုန်ရဲ့ရသကလည်း ရေလောင်းမှနေကောင်းတာဆိုတော့ ရွာကပါလာတဲ့ ငွေနှစ်သိန်းလည်း ကုန်ပြီ။ အမေ့ဆီလည်း လူကြုံနဲ့ ပိုက်ဆံထပ်တောင်းတာ နှစ်ခါရှိပြီ။ အမေ့ဆီ ပိုက်ဆံတောင်းရတာလည်း မျက်နှာတော့အပူသား။ မလေးရှားကို မရောက်သေးဘူး။ ရန်ကုန်မှာ သောင်တင်ပြီး ပိုက်ဆံကုန်နေတာကိုး။

အေးဂျင့်အစ်ကိုကလည်း ကိုယ့်နယ်ကပဲဆိုတော့ အားနာစရာတော့မရှိပါဘူး။ သူက စောင့်လက်စနဲ့ စောင့်ဦးဆိုတာနဲ့ ရန်ကုန်မှာ သုံးလလောက်ကြာနေပြီ။ ဒီလကုန်အထိ ခေါ်စာ (Calling) မကျသေးရင်တော့ ရခိုင်ပြန်ဦးမလားလို့ စိတ်ကူးတာပဲ။

တစ်ချိန်မှာတော့ အမေမျှော်မှန်းသလို မလေးရှားက ပြန်ရောက်ပြီးမှ အပိုးကျိုးတဲ့သား ဖြစ်မဖြစ်တော့မသိဘူး။ လောလောဆယ်တော့ အသုံးစရိတ်ပြတ်နေတာမို့ မျက်နှာပူပူ အားနာနာနဲ့ပဲ အမေ့ဆီစာရေးရတော့မှာ ပဲ။

‘အမေနေကောင်း သားဆုတောင်း ပေးလိုက်ပါဦး ငွေနှစ်သောင်း’ လို့။

***7 Day, February 10, 2011.***

❁❁❁

# နှုတ်ဆက်ခြင်း

ဒီဇင်ဘာလ ၃၁ ရက်ရောက်ပြီဆိုတော့ ကျွန်မရဲ့မိတ်ဆွေတွေအားလုံးကို နှုတ်ဆက်ရတော့မယ်။ ကျွန်မချစ်တဲ့သူတွေ၊ ကျွန်မမုန်းတဲ့သူတွေ၊ ကျွန်မ မသိကျိုးကျွံပြုနိုင်တဲ့သူတွေ၊ ကျွန်မ အသိအမှတ်ပြုဂုဏ်ပြုနိုင်တဲ့သူတွေ၊ ကျွန်မနဲ့ ဆက်စပ်ထိတွေ့ခဲ့ရတဲ့ ပတ်ဝန်းကျင်။ အရာအားလုံးကို ကျွန်မက ချန်ထား စွန့်ခွာသွားရတော့မှာလေ။

ကျွန်မရှိနေတဲ့အတောအတွင်းမှာ ကမ္ဘာလောကကြီးဟာ သာသာယာယာ ရှိခဲ့သလို မသာမယာတဲ့ အဖြစ်အပျက်အခြေအနေတွေလည်း ရှိခဲ့ကြတာပါပဲ။ ဒါကလည်း အကောင်းနဲ့အဆိုးဒွန်တွဲနေတတ်တဲ့ လောကရဲ့ နိယာမပဲ မဟုတ်လား။ ဒီနိယာမကိုလည်း လူသားတွေကနားလည် သဘောပေါက်စွာ လောကဓံတရားကို ကြံ့ကြံ့ခံနေကြရတာပဲလေ။ ကောင်းတစ်ခါ၊ ဆိုးတစ်လှည့်နဲ့ လူသားတွေရဲ့ ရှင်သန်မှုဘဝဟာ အသည်းတထိတ်ထိတ်နဲ့ စိတ်ဝင်တစားကြည့်နေရတဲ့ အက်ရှင်ကားတစ်ကားပါပဲ။

သုတေသီတွေကတော့ နိုင်ငံတစ်နိုင်ငံ ဆင်းရဲရတဲ့အကြောင်းရင်းမှာ အချက်လေးချက် ရှိသတဲ့။ သဘာဝသယံဇာတ ထောင်ချောက်၊ ပြည်တွင်းစစ်၊ အိမ်နီးချင်းဆိုးတွေနဲ့ ဆိုးဝါးတဲ့အစိုးရတို့ ဖြစ်သတဲ့။ စမ္မဆာ ပုံသဏ္ဌာန်နဲ့ လှပတဲ့ နိုင်ငံလို့ အများကခေါ်ကြတဲ့ မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ၊ အရွေ့တွေက မသိမသာရော သိသိသာသာပါ ပြောင်းလဲရွေ့လျားနေပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတတွေ ပေါများကြွယ်ဝလှတဲ့နိုင်ငံပါ။ ဒီသဘာဝသယံဇာတတွေကပဲ ထောင်ချောက်ဖြစ်နေပြီး ဆင်းရဲရတဲ့အကြောင်းတစ်ခု ဖြစ်နေပြန်ပါတယ်။

နိုင်ငံရေးပါတီတွေ၊ လွှတ်တော်တွေနဲ့ တိုင်းပြည်က လှုပ်လှုပ်ရှားရှား ဖြစ်လာပြီဆိုတော့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်နေပါပြီ။ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအဖွဲ့၊ လူ့အခွင့်အရေးကော်မရှင်အဖွဲ့၊ လွှတ်ငြိမ်းချမ်းသာခွင့်တွေနဲ့ ပြည်သူအများ မျှော်လင့်နေတဲ့ အိပ်မက်တွေ ဖြစ်လာကြသလို တစ်ဖက်ကလည်း ပြည်တွင်းစစ်ပဋိပက္ခတွေကို ဖြေရှင်းတုန်း၊ ဗုံးတွေလည်းပေါက်ကြတုန်းပါပဲ။ ကောင်းတဲ့ သဘောတရားလေးတွေနဲ့ ဆိုးတဲ့သဘောတရားတွေပါပဲလေ။

ပင်စင်စားတွေကို လစာတိုးပေးလို့ တစ်တိုင်းပြည်လုံး ပျော်လိုက်ကြရတာ။ လူသာစုခေါ်၊ နတ်သာစုခေါ်ကြရတဲ့ အပြောင်းအလဲပါပဲ။ ကျပ်တည်းခက်ခဲနေတဲ့ အဘိုး အဘွားတွေ၊ ထမင်းစားရဖို့အတွက် သားသမီး မျက်နှာ ကြည့်နေရတဲ့ အဘိုးအဘွားတွေပဲလေ။ ဒါပေမဲ့ ပင်စင်လစာထုတ်ရမယ့်ရက်ကို ရက်ချိန်းပေးလို့သွားပေမဲ့ တိုကင်ယူရ၊ သောင်းဂဏန်းလောက်ရှိတဲ့ ကိုယ့်လိုမျိုး ပင်စင်စားတွေကြားမှာ စာရေးမရဲ့အသံကတိုးတာမို့ ကိုယ့်နာမည်ကြားရဖို့အရေး လူအုပ်ကြားထဲတိုးလို့ မူးမေ့သွားရတဲ့ အဘွားတွေ ရှိနေပြန်တော့ အဘိုးကြီး၊ အဘွားကြီးတွေ ကိုယ့်ပိုက်ဆံကိုယ် တိုးဝှေ့ယူနေရတဲ့အဖြစ်က စိတ်မချမ်းသာစရာပါ။ အဆင်ပြေမှုကနေ အဆင်မပြေမှုတွေ ဘာလို့ဖြစ်နေရတာလဲ။ အဲဒါ မြန်မာစတိုင်လားလို့တောင် မေးရမလိုဖြစ်နေပါပြီ။

ဘာပဲပြောပြော တစ်သက်လုံး တစ်ပတ်ရစ်ကားတွေပဲ စီးလာရတဲ့ မြန်မာတွေ ကားသစ်လေးတွေ စီးခွင့်ရပြီဆိုတော့ ကျေနပ်ပီတိဖြစ်စရာပါပဲ။ ဈေးချိုချိုနဲ့ လူအများစု စီးလာနိုင်မယ်ဆိုရင်တော့ အတိုင်းထက်အလွန် ကျေးဇူးတွေ တင်ရမှာပါ။

အရင်နှစ်တွေကလောက် ဘတ်စ်ကားတွေ သိပ်မကျပ်တော့ပေမဲ့ စပယ်ယာတွေရဲ့ ဟောက်စားလုပ်မှုတွေ၊ ယာဉ်မောင်းတွေရဲ့ကားပြိုင်မောင်းမှုတွေကတော့ သိပ်ပြီးမထူးလှပါဘူး။ ပြည်သူတွေကလည်း ကားပေါ်တက်တာနဲ့ ဘုရား တရားတပြီး အာရုံပြုနေကြတာ မပျက်ကွက်တဲ့ အစဉ်အလာတစ်ခုလိုဖြစ်နေပါပြီ။ အပြောင်းအလဲတွေ တစ်ဖက်ကရှိသလို မပြောင်းလဲဘဲ ပိုနေမြဲ ကျားနေမြဲအဖြစ်တည်ရှိနေတာကတော့ အခြေခံလက်လုပ်လက်စားတွေရဲ့ ဘဝတွေပါပဲ။ သူတို့ခမျာ မိုးလင်းမိုးချုပ် ပင်ပင်ပန်းပန်း အလုပ်လုပ်ရပြီး ထမင်းနဲ့ဟင်းကို ဖြစ်သလို စားနေရတဲ့ဘဝကို စိတ်ညည်းညူ မနေအားဘဲ

နောက်တစ်နေ့ အလုပ်မရှိတော့မှာ၊ အလုပ်မရတော့မှာကို စိုးရိမ်နေကြရတဲ့ သူတွေပါ။ ပဲဟင်းတစ်ရာဖိုး၊ ချဉ်ပေါင်ကြော်နှစ်ရာဖိုးနဲ့ မိသားစု တစ်နပ်စာ ဖြေရှင်းရတဲ့ အိမ်ရှင်မတွေ၊ အချိုမှုန့်ဆိုတာအာဟာရမဖြစ်မှန်း၊ ဆိုးကျိုးရှိမှန်း သိပေမဲ့ လျှာအရသာရှိအောင် သူ့ကိုပဲ အထောက်အကူပြုနေကြတဲ့ အိမ်ရှင်မ တွေ၊ ရောဂါတွေတန်းစီဖြစ်မယ်ဆိုတာ သိလျက်နဲ့ အဆင့်နိမ့်စားအုန်းဆီကိုပဲ စားဖို့အခွင့်အရေးရှိနေသေးတဲ့ အိမ်ထောင်စုတွေ များနေသေးတော့ မြန်မာ နိုင်ငံမှာ အချိုမှုန့်နဲ့စားအုန်းဆီက ပန်းပန်လျက်ပါပဲ။

တကယ်တော့ စားအုန်းဆီဆိုတာ မြန်မာနိုင်ငံရဲ့သယံဇာတထွက်ကုန် မဟုတ်ပါဘူး။ မြန်မာနိုင်ငံက ပဲဆီထွက်ပါတယ်၊ နှမ်းဆီထွက်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေက အန္တရာယ်မကင်းတဲ့ တခြားနိုင်ငံက စားအုန်းဆီကို ဘာလို့စားသုံးရမှာလဲ။ ဘာလို့ နိုင်ငံခြားကို ပိုက်ဆံပေးပြီး တင်သွင်းရမှာလဲ။ အင်း ကျွန်မရဲ့မေးခွန်းတွေ များနေပြီ။

ရန်ကုန်မှာ ကားဝယ်စီးဖို့အရေး၊ ကိုယ်ပိုင်မြေ၊ အိမ်နဲ့နေရဖို့အရေး၊ ကိုယ့်ရဲ့ သမားရိုးကျဝင်ငွေနဲ့ မအပ်စပ်မိလေတော့ ထီကိုပဲအားကိုးပြီး ဖိထိုး ကြတော့တယ်။ ဆိုက်ကားသမားလည်းထီပြောင်းရောင်း၊ ဘွဲ့ရအလုပ်လက်မဲ့ လည်း ထီးလှည်းကလေးနဲ့။ သူ့အရပ်နဲ့ သူ့ဇာတ်ကတော့ ဟုတ်နေကြတာပဲ။ ရန်ကုန်မှာက အိမ်ငှားခက နေရင်းထိုင်ရင်းနဲ့ကို တက်တက်နေတာဆိုတော့ တစ်လလုံးရှာတဲ့ပိုက်ဆံက တစ်ဝက်ပဲ ကိုယ်စားရမှာ။ တစ်ဝက်က အိမ်ငှားခ ဖြစ်နေကြရတာကိုး။

အဲဒီလိုအပြောင်းအလဲတွေ၊ မပြောင်းမလဲတွေနဲ့ ဖြစ်တည်နေတဲ့ မြန်မာပြည်ကြီးကို ပြောစရာတွေတစ်ပုံတစ်ပင်နဲ့ ကျွန်မက မခွဲခွာလှချင် သေးပေမဲ့ သွားရတော့မယ့်အချိန်ရောက်ပြီဆိုတော့ ကျွန်မ နှုတ်ဆက်ရတော့ မယ်။ မြန်မာပြည်ကြီးနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးကို နှုတ်ဆက် ခဲ့ပါတယ်။ ကျွန်မချစ်တဲ့ မြန်မာပြည်ကြီးဆင်းရဲခြင်းက ကင်းဝေးပါစေ၊ နိုင်ငံသူ နိုင်ငံသားတွေလည်း ကျန်းမာကြပါစေ၊ ပျော်ရွှင်ကြပါစေ၊ ချမ်းသာ ကြပါ စေ။

မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့အကျိုးကို သယ်ပိုးနေကြတဲ့ အမှုထမ်း၊ အရာထမ်းတွေကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ပင်စင်စားအဘိုး၊ အဘွားတွေ ကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ စာရေးဆရာ၊ ကဗျာဆရာများနဲ့ စာနယ် ဇင်းသမားများကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ယာဉ်မောင်းတွေနဲ့ စပယ်ယာ

တွေကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ အလုပ်သမား၊ လယ်သမားတွေ သာမန်ပြည်သူတွေအားလုံးကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်တွေကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ အနုပညာသမားအားလုံးကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတကြီး ဦးသိန်းစိန်ကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) ကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်မ သွားတော့မယ်။

ကျွန်မက လူအများ စိတ်ဝင်တစားနဲ့ စောင့်ကြည့်ခံခဲ့ရတဲ့ သက္ကရာဇ် ၂၀၁၁ ခုနှစ်ဆိုတဲ့ ကာလလေးတစ်ခုရယ်ပါ။

*7 Day , January 5, 2012.*

❁ ❁ ❁

# ကိုယ်ပိုင်ကမ္ဘာလေး တည်ဆောက်ကြမယ်

လူတစ်ယောက် လူပီပီသသ လွတ်လပ်ပျော်ရွှင်စွာ ကိုယ်ပိုင်ကမ္ဘာလေး တည်ဆောက်နိုင်ဖို့ ပန်းခြံလှလှလေးတွ လိုအပ်ပါတယ်။

စင်ကာပူမှာတော့ ကမ်းခြေတွေ၊ ပန်းခြံတွေက ပေါများလှပါတယ်။ စင်ကာပူနိုင်ငံသားတွေက အလုပ်ပိတ်ရက်တွေမှာ တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ မိသားစုအလိုက် ပန်းခြံတွေမှာ အပန်းဖြေလေ့ရှိကြတယ်။ ပန်းခြံသွားဖို့အတွက် ပိုက်ဆံမကုန်ရတော့ လူတိုင်းလိုလို ပန်းခြံကိုရောက်ဖြစ်ကြတယ်။ အိမ်ကနေ စားသောက်စရာတွေပြင်ဆင်ပြီး ထည့်သွားရုံပါပဲ။ ၂၄ နာရီ ဖရီး (Free) ဖွင့်ထားပြီး ကလေးတွေအတွက်လည်း ကစားကွင်းတွေ ရှိတယ်။ ကစားဖို့အတွက် ပိုက်ဆံပေးစရာမလိုဘူး။

၂၄ နာရီလုံးလုံး လွတ်လွတ်လပ်လပ် အပန်းဖြေခွင့်ရတာကို အခွင့်ကောင်းယူပြီး စည်းမဲ့ကမ်းမဲ့ အော်ဟစ်ရမ်းကားနေတဲ့သူလည်း မရှိဘူး။ စိတ်အနှောင့်အယှက်ဖြစ်စရာ လမ်းလျှောက်ဈေးသည်တွေမရှိသလို ပန်းခြံဖွင့်ချိန်ပိတ်ချိန်ကိုလည်း ကြောင့်ကြနေစရာ မလိုတော့ဘူး။ ညကြီးမင်းကြီး မိန်းကလေးတစ်ယောက်တည်းမို့လို့လည်း ဘယ်သူ့ကိုမှ ကြောက်စရာမလိုသလို ဘယ်သူမှလည်း မစော်ကားရဲဘူး။ ဝင်ကြေးလည်းမရှိတော့ အဆင်ပြေတယ်။

ကျွန်မကတော့ စင်ကာပူမှာနေရတဲ့ အရသာကိုကြိုက်တယ်။ လုပ်ငန်းခွင်မှာ အလုပ်ရှင်က ကျွန်မကိုပိုင်ပြီး သူစေခိုင်းတဲ့အတိုင်း လုပ်ရပေမဲ့ အလုပ်ခွင် ပြီးဆုံးချိန်မှာတော့ ကျွန်မရဲ့ကိုယ်ပိုင်ကမ္ဘာကို ကျွန်မဘာသာ တည်ဆောက်လို့ရတယ်။ ကျွန်မရဲ့စိတ်စေစားရာအတိုင်း ကျွန်မရဲ့ကိုယ်ပိုင်

ကမ္ဘာကို ပန်းခြံထဲမှာ၊ ကမ်းခြေတွေမှာ တည်ဆောက်ယူတယ်။ ပန်းခြံထဲမှာ ထိုင်ပြီး ရှုခင်းအလှအပတွေကို ငေးမောခံစားရင်း စိတ်လွတ်ကိုယ်လွတ် အတွေးနယ်ကျွံလို့လည်း ရတယ်။ သီချင်းတွေကို စိတ်လိုလက်ရ ဆိုညည်း နေလို့ ရတယ်။ စာအုပ်တစ်အုပ်ကို စိတ်ဝင်တစားနဲ့ သဲကြီးမဲကြီး ဖတ်နေလို့လည်းရတယ်။ ဘဝတူ သူငယ်ချင်းတွေနဲ့ လွတ်လပ်စွာ စကားတွေဖောင်ဖွဲ့၊ စားသောက်ပျော်ရွှင်လို့လည်း ရတယ်။ ညဉ့်နက်သန်းခေါင် မိန်းကလေး တစ်ယောက်တည်းထိုင်နေလို့ ဘယ်သူမှ ကိုယ့်ကို မျက်စမပစ်ပြသလို ခေါင်း ညိတ်ပြီး ခေါ်တဲ့သူလည်း မရှိဘူး။

တစ်ခါတစ်ခါမှာ ကမ်းခြေမှာ တစ်ယောက်တည်း သွားထိုင်ရင်း မိသား စုကိုလွမ်းလို့ တိတ်တိတ်မျက်ရည်ကျနေလို့လည်း ရတယ်။ ကျွန်မရဲ့ လွတ်လပ်စွာနေထိုင်ခွင့်ကို ဘယ်သူမှ အနှောင့်အယှက်မပေးကြဘူး။ ဒါ ကျွန်မရဲ့ ကိုယ်ပိုင်ကမ္ဘာပဲ။

ရန်ကုန်ကိုပြန်ရောက်တော့ လေးနှစ်ကြာ ခွဲခွာခဲ့ရတဲ့ ရန်ကုန်ဟာ ဘာမှ ထူးထူးခြားခြား ပြောင်းလဲသွားတာ သိပ်မရှိပါဘူး။ လူတွေရဲ့ အမူ အကျင့်တွေ၊ စိတ်နေစိတ်ထားတွေလည်း မပြောင်းကြသေးဘူး။

ဘတ်စ်ကားပေါ်ကနေ အမှိုက်တွေကိုပစ်ချတတ်တာ၊ ဒိုင်နာကား ပေါ်မှာ ခဲရာခဲဆစ် မတ်တတ်ရပ်နေရတဲ့ ကလေးအမေကို နေရာဖယ်မပေးဘဲ ခပ်တည်တည်ထိုင်နေတတ်တဲ့ ယောကျ်ားတွေ၊ လက်ထဲမှာ အကြွေ ၅၀ တန်တွေရှိပေမဲ့ ချက်ချင်းပြန်မအမ်းသေးဘဲ ခရီးသည်ရဲ့အတောင်းကို စောင့် နေတဲ့ စပယ်ယာတွေ၊ နေ့ခင်းကြောင်တောင်ကြီးကိုပဲ မိန်းကလေး တစ်ယောက် တည်းမြို့ထဲမှာ လမ်းလျှောက်ရင် မယောင်မလည်နဲ့ နောက်က လိုက်လာ တတ်ပြီး မဟန်တော့မှ ပြန်လှည့်သွားတတ်တဲ့ ယောကျ်ား ကြီးကြီးရွယ်ရွယ် တွေ၊ အများသုံးအိမ်သာတွေမှာ ထိုက်တန်တဲ့ဝန်ဆောင်မှု မရှိဘဲနဲ့ ၅၀၊ ၁၀၀ ပေးရပြီး အသုံးပြုနေရတာတွေ ဒါတွေဟာ ခုချိန်ထိ ရှိနေကြသေးတယ်။

စင်ကာပူမှာတော့ စားသောက်ဆိုင်တွေ၊ ဘတ်စ်ကားမှတ်တိုင်တွေ၊ ပန်းခြံတွေမှာ အိမ်သာတွေကို အခမဲ့သုံးခွင့်ရှိတယ်။ အဲဒီကိစ္စအတွက် ဘယ် သူမှ ပိုက်ဆံမကုန်ရဘူး။ ဘာမှမပြောင်းလဲတဲ့အပြင် ကျွန်မအထင်တော့ ရန်ကုန်ဟာ ပိုပြီး ဆုတ်လာသလိုလိုပဲ။ ကားမှတ်တိုင်တွေမှာ ခရီးသည်ကို စောင့်ပြီး အော်ခေါ်နေတဲ့ စပယ်ယာတွေရဲ့ ရင်ကွဲထွက်မတတ် အော်ဟစ် နေတဲ့အသံတွေကြားနေရတာ စိတ်မချမ်းသာစရာပါ။ အထူးသဖြင့် ရုံးချိန်

မဟုတ်တဲ့အချိန်တွေမှာ လူမရှိဘဲနဲ့ မှတ်တိုင်တွေမှာ အကြာကြီးရပ်ပြီး အော်ခေါ်နေကြတာ (နေပူပူမှာ) ငယ်သံကိုပါရောပဲ။ ကျွန်မရဲ့စိတ်ထဲမှာ တော့ ကူပါ ကယ်ပါ တစာစာနဲ့ အော်နေကြသလိုမျိုးပဲခံစားရတယ်။ ကျွန်မ တို့ မြန်မာတွေ ထမင်းတစ်ဝမ်းစားရဖို့အရေး အဲသလောက်တောင် အောက် ကျနောက်ကျဖြစ်နေကြသလားလို့ တွေးမိပါတော့တယ်။

ဘဝမှာ အပျော်တွေလည်းရှိသလို အမောတွေလည်း ရှိပါတယ်။ ဘဝရဲ့ အပျော်တွေ၊ အမောတွေနဲ့ ရှင်သန်နေကြရတဲ့ ကျွန်မတို့တစ်တွေဟာ လူသားပီပီသွားလာ လှုပ်ရှားနေထိုင်ရဖို့ အရေးကြီးပါတယ်။ လွတ်လပ် စွာပျော်ရွှင်မြူးထူးမယ်။ လွတ်လပ်စွာ ကစားမယ်၊ လွတ်လပ်စွာ ခံစားမယ်၊ လွတ်လပ်စွာ ကျွန်မတို့ရဲ့စိတ်ကူးစိတ်သန်းတွေကို ပုံဖော်ထုဆစ်မယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့ လွတ်လပ်ခြင်းဟာ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ အပြစ်ကင်းရ ပါမယ်။

လူနေမှုထူထပ်ကျပ်ညပ်နေတဲ့ ရန်ကုန်မှာ၊ တိုက်ခန်းတွေမှာ နေနေ ရတဲ့သူတွေအတွက် လူအပန်းဖြေ၊ စိတ်အပန်းဖြေဖို့ ပန်းခြံလေးတွေလိုအပ်ပါ တယ်။ အိမ်မှာ ဧည့်သည်ရောက်နေလို့ လူကြီးတွေ အလုပ်ရှုပ်နေကြတဲ့ အချိန် မှာ ကလေးတွေလွတ်လွတ်လပ်လပ် ဆော့ကစားနိုင်ဖို့ ပန်းခြံလေးတွေ လိုအပ် ပါတယ်။ ကျောင်းစာတွေ ကျက်ရလွန်းလို့ ထိုင်းမှိုင်းငြီးငွေ့နေတဲ့ ကျောင်းသား တွေအတွက် အပျင်းပြေလမ်းလျှောက်စရာ ပန်းခြံလေးတွေ၊ ကမ်းခြေလေးတွေ လိုအပ်ပါတယ်။

တစ်နေ့တာ လှုပ်ရှားသွားလာနေရလို့ ပင်ပန်းနွမ်းနယ်နေတဲ့ ခန္ဓာ ကိုယ်ကို လန်းဆန်းစေဖို့ ပန်းခြံလေးတွေလိုအပ်ပါတယ်။ နိစ္စဓူဝ စိတ်ဒဏ်ရာ အနာတရတွေနဲ့ ထုံမှိုင်းနေတဲ့ နှလုံးသားတွေကိုလည်း ထွက်ပေါက်ပေးဖို့ ပန်းခြံလေးတွေ လိုအပ်လှပါတယ်။

ကျွန်မတို့တစ်တွေ၊ ကျွန်မတို့တစ်တွေနဲ့ ကိုယ်ပိုင်ကမ္ဘာကို တည် ဆောက်နိုင်ဖို့ ပန်းခြံလှလှလေးတွေ၊ ကမ်းခြေလှလှလေးတွေ လိုအပ်နေပါတယ်။

***7 Day , April 4, 2012.***

●●●

# အချိန်တွေပြန်ပေးပါ

'အချိန်' ဆိုသောအရာသည် လူတိုင်း ပိုင်ဆိုင်စေနိုင်သော အရာဖြစ်သည်။ ကျွန်မတို့တစ်တွေသည် အခြားသော ရုပ်ဝတ္ထုပစ္စည်းများ၊ အခွင့်အရေးများကို ပိုင်ဆိုင်မှုညီမျှချင်မှညီမျှကြမည်။ 'အချိန်'ဆိုသောအရာကိုတော့ ကျွန်မတို့တစ်တွေ သာတူညီမျှ အတူတကွပိုင်ဆိုင်နိုင်ကြပါသည်။

ညနေပိုင်းရုံးဆင်းချိန် မြောက်ဥက္ကလာအဝိုင်းမှတ်တိုင်တွင် မြောက်ဒဂုံသို့သွားမည့် ၂၀၂ ဘတ်စ်ကားသည် တော်တော်နှင့်မထွက်သေး။ ကားပေါ်မှာလည်း လူတွေပြည့်ကျပ်နေပြီ။ သို့သော် စပယ်ယာကနောက်ကားအလာကို တကြည့်ကြည့်ဖြင့် လူစောင့်ပြီးတင်နေသည်။ ဒရိုင်ဘာကလည်း ကားစက်ကိုနှိုးထားပြီး ထွက်တော့မည့်ဟန်နှင့်။ တစ်ပတ်နှစ်ပတ်လောက် ဘီးလိမ့်လိုက်၊ ပြန်ရပ်လိုက်နှင့် ဟန်ရေးပြနေသည်။ ခရီးသည်တွေခမျာမှာတော့ ငါးမိနစ်လောက်မောင်းလျှင် ကိုယ့်အိမ်ရောက်ရမည့်အရေးကို မှတ်တိုင်တွင် ၁၅ မိနစ်လောက် အချိန်တွေကုန်နေရသည်ကို အောင့်အည်း သည်းခံကာနေကြရသည်။ ထိုင်ခုံနေရာရသူတွေရော မတ်တတ်ရပ်နေရသူပါ ပင်ပန်းနွမ်းနယ်နေကြပြီ။

ကျွန်မတို့လူမျိုးသည် အချိန်တွေကို ခဏခဏ လွှင့်ပစ်နေကြသည်ဟု ကျွန်မ ထင်သည်။ အစည်းအဝေး ၁ နာရီ ဖိတ်ထားလျှင် များသောအားဖြင့် ၂ နာရီမှ စဖြစ်သည်။ ၁ နာရီခွဲလောက်မှ လူတွေ တဖွဲဖွဲရောက်လာကြပြီး လူမစုံသေး၍စောင့်ရင်းဖြင့် ၂ နာရီမှ စဖြစ်သည်။ ဟောပြောပွဲကျင်းပလျှင်လည်း ဤသို့ပင်။ ဖိတ်စာထဲတွင်တော့ အစီအစဉ်က ၇ နာရီစမည်။ ၇ နာရီထိုးသော်လည်း ဟောပြောမည့်ပုဂ္ဂိုလ်က ရောက်မလာသေး။ ဧည့်ပရိသတ်

တွေက ဟောပြောမည့်ပုဂ္ဂိုလ်ကို နာရီဝက်၊ တစ်နာရီကြာအောင် ထိုင်စောင့်နေကြရသည်။ ထိုပုဂ္ဂိုလ်က ၄င်းတို့အားလုံး၏ အချိန်တွေကို ပေးထားသည်ထက် ပိုယူထားလိုက်ပြီ။

စတိတ်ရှိုးပွဲတွေလည်း ထိုနည်းလည်းကောင်းပင်။ အချိန်မှန် ပွဲစနိုင်သည်က အင်မတန်ရှားသည်။ တချို့ရုံး ဌာနတွေမှာလည်း မကြာသင့်ဘဲ ကြာနေကြရသည်။ လက်မှတ်ကလေးတစ်ချက်ထိုးဖို့ကို ထမင်းစားနေ၍ ထိုင်စောင့်ရသည်မှာ တစ်နာရီကျော်ကြာသည်။

ကျွန်မတို့သည် တစ်နေ့တစ်နေ့ အချိန်တွေကြာမှန်းမသိ၊ ကြာမှန်းသိသိနှင့် ကြာနေကြရသည်။ ဘတ်စ်ကားမှတ်တိုင်တွေမှာ ကြာသည်။ ဘတ်စ်ကားတွေပေါ်မှာ ကြာသည်။ ဘူတာရုံတွေမှာ ကြာသည်။ ရုံး ဌာနတွေမှာ ကြာသည်။ အစည်းအဝေးခန်းမတွေမှာ ကြာသည်။ ယာဉ်ကြောပိတ်ဆို့မှုတွေမှာ ကြာသည်။ ဆေးရုံတွေမှာ ကြာသည်။ တရားရုံးတွေမှာ ကြာသည်။ ပင်စင်လစာထုတ်ဖို့ ကြာသည်။ ထောင်ဝင်စာတွေ့ဖို့ကြာသည်။ ထိုသို့သော ကြာချိန်များသည် ကျွန်မတို့အတွက် 'အပိုချိန်' တွေသာ။

အရာရာမြန်ဆန်နေသောခေတ်ကြီးတွင် ကျွန်မတို့တစ်တွေက ကြာမြဲတိုင်း ကြာနေသည်။ ဆုံးဖြတ်ချက်တစ်ခုချဖို့ကြာသည်။ စီမံကိန်းတစ်ခုဖြစ်မြောက်ဖို့ ကြာသည်။ စီရင်ချက်တစ်ခုခုချဖို့ကြာသည်။ အခမ်းအနားတစ်ခုဖြစ်မြောက်ဖို့ ကြာသည်။ လုပ်ငန်းတစ်ခု စတင်ဖို့ ကြာသည်။ ပြဿနာတွေဖြေရှင်းဖို့ကြာသည်။

'အချိန်'နှင့်စား၊ 'အချိန်'နှင့်သွားဟုဆိုလျှင် လူရှင်တော်တွေ၏ ပြက်လုံးကိုသာ သတိရကြသည်လားမသိပါ။ 'အချိန်'နှင့် မသွား၊ 'အချိန်'နှင့် မစားတတ်သော လူတွေများနေသရွေ့ ကျွန်မတို့တစ်တွေ၏ ကိုယ်ပိုင်အချိန်တွေကို အချည်းနှီးပေးဆပ်ကြရဦးမှာပင်။

တစ်နေ့တစ်နေ့ ကျွန်မတို့၏ ကိုယ်ပိုင်အချိန်တွေကို ဖွဲ့ဖွဲ့ပေးနေကြရသည်မှာ မည်မျှရှိနေပြီလဲ မသိနိုင်ပါ။ ကျွန်မတို့၏ ကိုယ်စွမ်းကိုယ်စကို မသုံးစွဲရဘဲ အကျိုးမရှိခဲ့သော အချိန်တွေ ကျွန်မတို့ဘဝမှာ ဘယ်လောက်တောင်များနေကြပြီလဲ။

ကျွန်မတို့တစ်တွေ ဆံဖြူသွားကျိုး ခါးကိုင်းသည်ထိ ကျွန်မတို့၏ ကိုယ်ပိုင်အချိန်တွေကို ဘယ်သူ့အတွက်၊ ဘာအတွက် အလဟဿပေးဆပ်ရလေဦးမည်လဲ။

ကျွန်မတို့အားလုံး၏ အချိန်တွေကို ကျွန်မတို့အားလုံးအကျိုးရှိရှိ မျှမျှ တတ အသုံးချနိုင်လျှင်ကောင်းလေစွ။

***7 Day , December 13, 2012.***

● ● ●

## ညှောင်ရေအိုးရေလဲကြသူများ

"တော်လှန်ရေးဆိုတာ အကြမ်းပတမ်းတိုက်ခိုက်တဲ့ ကိစ္စကိုမှ တော်လှန်ရေးလို့ ဆိုလိုတာမဟုတ်ဘူး။ လက်ရှိစနစ်ဟောင်းကို တော်လှန်ပြီး စနစ်သစ် ဘွားခနဲ ပေါ်ပေါက်လာတာကို ဆိုတာပဲ"

ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှစ်သစ်ကူး မိန့်ခွန်းစကားလေးပါ။ ဒီစကားလေးက ယခုလက်ရှိ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေနဲ့အံဝင်ခွင်ကျ ကွက်တိပဲလို့ခံစားမိပါတယ်။ များသောအားဖြင့်တော့ ကျွန်မတို့လို သာမန်ပြည်သူတွေနားလည်ထားတာက 'တော်လှန်ရေး' ဆိုရင် လက်နက်ကိုင်တော်လှန်ရေးလောက်ပဲ ပြေးမြင်မိတတ်ကြတယ်လေ။ တော်လှန်ရေးနဲ့ တော်လှန်ရေးသမားလို့ဆက်စပ်စဉ်းစားမိတော့ မီဒီယာသမားတွေကို ပထမဦးဆုံး သတိရလိုက်ပါတယ်။ အပတ်စဉ်ထုတ်ဂျာနယ်တွေဟာ ဟိုအရင်တုန်းကလို မဟုတ်တော့ဘဲ ဖတ်ရတာ စီးစီးပိုင်ပိုင်ရှိလှတာ၊ မှန်လည်းမှန်၊ မြန်လည်းမြန်တာမို့ သတင်းတွေဟာ လတ်ဆတ်သစ်လွင်တောက်ပနေကြတာ မီဒီယာရဲ့ကျေးဇူးပါ။ မီဒီယာသမားတွေဟာ အကြောက်တရားတွေထဲကနေ အားကောင်းမောင်းသန်ရုန်းကြွပြီး တက်ညီလက်ညီ လက်ကုန် လွှင့်ခဲ့ကြလို့သာ စာနယ်ဇင်းလွတ်လပ်ခွင့် ဆိုတဲ့ရေစီးကြောင်းမှာ စီးမျောခံစားခွင့် ရခဲ့ကြတာပါ။ မီဒီယာသမားတွေဟာ တော်လှန်ရေးသမားတွေပါ။

ယခု ကျွန်မတို့နိုင်ငံမှာက စနစ်ဟောင်းတွေ၊ မူဟောင်းတွေကနေ စနစ်သစ်၊ မူသစ်တွေကို ဖြည်းဖြည်းချင်းပြောင်းလို့တစ်မျိုး၊ ဝုန်းခနဲ ဒိုင်းခနဲ ပြောင်းလို့တစ်သွယ် အပြောင်းလဲကြီး ပြောင်းနေကြပါပြီ။ သမ္မတကြီး

ဦးသိန်းစိန်က တော်လှန်ရေးသမားတစ်ယောက်ဆိုတာ ကျွန်မတို့ မျက်ဝါးထင်ထင်မြင်တွေ့နေကြရပါပြီ။

နိုင်ငံခြားသွားမယ့်သူတွေ ပုံစံ ၁၉ တို့၊ D Form တို့မလိုတော့ဘူး။ ဧပြီလ ၁ ရက်မှာ ဆင်းမ်ကတ်တွေ တစ်သောင်းအောက် ရောင်းတော့မယ်။ ဝန်ထမ်းနဲ့အငြိမ်းစားတွေ လစာတိုးပြီ။ သင်္ကြန်မှာ မိန်းကလေးတွေ ဝတ်စားဆင်ယင်မှုထိန်းရတော့မယ်။ ငွေကြေးလဲလှယ်ရာမှာ အက်ဖ်အီးစီတွေ ဖျက်သိမ်းတော့မယ်။ တချို့စီမံကိန်းတွေက ဒေသခံပြည်သူတွေ မကြည်ဖြူရင် မလုပ်တော့ဘူး။ ကေအိုင်အေနဲ့ အစိုးရ ထာဝရငြိမ်းချမ်းရေးရတော့မယ်။

အဲဒီလို စိတ်ချမ်းမြေ့စရာ အပြောင်းအလဲတွေကြုံတွေ့ရသလို တစ်ဖက်ကလည်း စိတ်မချမ်းမြေ့စရာ လက်ပံတောင်း၊ မိတ္ထီလာကိစ္စတွေလည်း ဖြစ်ခဲ့ကြတယ်။ ဒါပေမဲ့ အကြီးအကဲတွေ၊ ခေါင်းဆောင်တွေက ကိုင်တွယ် ဖြေရှင်းနိုင်ခဲ့ကြလို့ ကျွန်မတို့တစ်တွေ စိတ်အေးရပြန်ပါတယ်။

အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ တော်လှန်ရေးသမားတွေ အများကြီးပါပဲ။ အပြောင်းအလဲကိုလိုလားတဲ့ သမ္မတကြီးနဲ့ လွှတ်တော်အမတ်တွေရှိတယ်။ အများက စိတ်ချယုံကြည်တဲ့ အန်တီစုလည်းရှိတယ်။ ပညာရှုထောင့်ကနေ စီစစ်၊ ဝေဖန်၊ ထောက်ပြနိုင်တဲ့ နယ်ပယ်ပေါင်းစုံက ပညာရှင်တွေရှိတယ်။ အမှန်၊ အမှားကို ဓမ္မနည်းလမ်းကျစွာ ပိုင်းခြားထင်ထင် ခွဲခြားသိမြင်စေနိုင်တဲ့ ဆရာတော်၊ သံဃာတော်တွေလည်း ရှိတယ်။ ယုံကြည်ရာကို ရဲရဲတွေး ရဲရဲရေးရဲတဲ့ စာရေးဆရာတွေလည်းရှိတယ်။ နိုင်ငံရေးရင့်ကျက်တဲ့၊ နိုင်ငံရေးသမ္မာရှိတဲ့ နိုင်ငံရေးသမားဟောင်းတွေ၊ မျိုးဆက်သစ် လူငယ်နိုင်ငံရေးသမားတွေလည်း ရှိတယ်။

ဒီလိုလူတွေ၊ ဒီလိုတော်လှန်ရေးသမားတွေနဲ့အတူ နေထိုင်နေကြရတဲ့ ကျွန်မတို့ပြည်သူတွေက ဘယ်လိုအမှောင့်ပယောဂကိုမှ ကြောက်နေစရာလိုတော့မလဲလေ။

ရွှေတိဂုံဘုရားမှာ ပန်းကပ်ကြတဲ့အခါ တစ်ယောက်တစ်မျိုးစီ ပန်းမျိုးစုံကို ပန်းအိုးကြီးတွေထဲမှာ ထိုးစိုက်သွားကြတယ်။ ဒါပေမဲ့ ပန်းအိုးထဲက ပုန္နေးနေတဲ့ရေ၊ ပုပ်ဆွေးနေတဲ့သစ်ရွက်၊ သစ်ခက်တွေကြောင့် ရေညှိတက်နေတဲ့ ရေတွေကို မလဲလှယ်ဘဲ ပန်းအသစ်တွေသာ ထိုးစိုက်နေကြမယ်ဆိုရင်တော့ ဒီပန်းတွေဟာ နေ့ချင်း ညချင်းပဲညှိုးရော် ခြောက်သွေ့ကုန်မှာပဲလေ။ နည်းနည်းလေး အချိန်ကုန်ခံ၊ အင်အားစိုက်လိုက်ပြီး ပုပ်သိုးနေတဲ့ရေတွေကို သွန်ပစ်ပြီး

အသစ်လဲမယ်။ ပန်းအိုးထဲက ညှိုးရော်နေတဲ့ပန်းတွေ၊ သစ်ရွက်ဆွေးတွေကို စွန့်ပစ်မယ်။ ပြီးတော့မှ ကိုယ်ကပ်မယ့် ပန်းကိုထိုးစိုက် လိုက်မယ်ဆိုရင် ပန်းတွေလည်းကြာရှည်ခံပြီး လန်းလန်းဆန်းဆန်းပန်းတွေနဲ့အတူ ပန်းအိုးကြီးလည်း လှပနေတော့မှာပါ။

ကျွန်မကတော့ တော်လှန်ရေးသမားတွေကို ညောင်ရေအိုးရေလဲကြသူများလို့ မြင်ပါတယ်။ ကျောင်းတွေ၊ ဆေးရုံတွေဆောက်၊ လမ်းတံတားတွေဖောက်နေကြတာကတော့ ပန်းအိုးထဲ ပန်းထိုးစိုက်ကြသူတွေပေါ့။

ကျွန်မတို့တစ်တွေ ရွှေတိဂုံဘုရားပေါ် တက်တာလည်း အတူတူ၊ ပန်းကပ်ကြတာလည်း အတူတူပါပဲ။ ကျွန်မတို့တစ်တွေ တစ်ယောက်တစ်လက်နဲ့ တက်ညီလက်ညီ ညောင်ရေအိုးရေလဲကြရအောင်။

***7 Day , April 4, 2013.***

● ● ●

## ဘာတွေကို ယုံကြည်ရမလဲ

ကြာပါပြီ။ ရက်ပေါင်းအတော်ကြာကြာ ကျွန်မရဲ့အတွေးထဲမှာ နေ့နေ့ညည လွှမ်းမိုးနေတဲ့အကြောင်းအရာက တောင်ကိုရီးယား၊ မြောက်ကိုရီးယား နျူးစစ်ပွဲလည်းမဟုတ်၊ ကုန်ဈေးနှုန်းသတင်းလည်း မဟုတ်၊ အပူလွန်ကဲတဲ့ ကိစ္စလည်းမဟုတ်။ ကျွန်မတို့နေ့စဉ်စားသုံးနေရတဲ့ အစားအစာတွေကို ဘယ်လိုယုံကြည်ရမလဲ၊ ဘာတွေကို စားသောက်ကြမလဲဆိုတာပါပဲ။

ကျွန်မတို့နေ့စဉ်စားနေကြတဲ့ အစားအစာတွေဟာ ကျွန်မတို့ အတွက် တကယ်ရော ခွန်အားတွေရှိသလား။ ခန္ဓာကိုယ်အတွက် အာဟာရဖြစ်စေသလို ဘယ်လိုဆိုးကျိုးတွေ၊ ဆုတ်ယုတ်မှုတွေရှိနေပြီလဲ။ အစာလည်းဆေး ဆေးလည်း အစာဆိုတာ ဆောင်ပုဒ်တစ်ခုအဖြစ်သာ တည်ရှိပြီး လက်တွေ့မှာတော့ အစာလည်းအဆိပ် အဆိပ်လည်းအစာဖြစ်နေ ပြီလားဆိုတာ စဉ်းစားစရာပါ။

ဆရာဝန်တွေညွှန်ကြားတဲ့ ဓာတ်စာ၊ ကျန်းမာရေးအတွက် ဟင်းသီးဟင်းရွက် သစ်သီးဝလံတွေက ရေနဲ့သန့်စင်စွာအထပ်ထပ်ဆေးရုံနဲ့လုံလောက်ရဲ့လား၊ ဘေးကင်းရဲ့လားဆိုတာ သံသယဖြစ်စရာပါပဲ။ ယနေ့ခေတ်အစားအစာတွေက သဘာဝကိုလွန်ကဲစွာ ပြုပြင်စီရင်ထားတဲ့ အစားအစာတွေ။ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာအတွေအပြင် အသီးကြီးအောင်၊ အမှည့်မြန်အောင် ပြုပြင်စီရင်ထားကြတယ်။

သဘော်သီး၊ မာလကာသီး၊ ဖရဲသီးတွေဆို အလုံးတွေကြီးလိုက်တာ အယ်နေတာပဲ။ စားကြည့်ရင်တော့ အရသာမရှိဘူး။ သရက်သီးတွေ အပင်ပေါ်မှာ စိမ်းလို့ကောင်းတုန်းအချိန်မှာ သံဈေးအနီးတစ်ဝိုက်မှာတော့ သရက်သီးမှည့် အလုံးထွားထွားကြီးတွေ တစ်ထောင်ဖိုး သုံးလုံး၊ လေးလုံးလို့ အော်ရောင်း

နေကြပြီ။ အရိုးတုတ်တုတ်ကြီးတွေနဲ့ အရွက်ဖားဖား ဟင်းနုနွယ်ရွက်ကြီးတွေက ဓာတ်မြေဩဇာလွန်ကဲထားမှန်း သိသာပါတယ်။ တစ်လံလောက်ရှိတဲ့ ပဲတောင့်ရှည်ကြီးတွေ၊ ဂေါ်ဖီပန်းပွင့်တွေက ကြော်စားလို့ကောင်းကို မကောင်းတော့တာ။

နန္ဒင်းမှုန့်က ဘာတွေ ရောထားလည်းမသိဘူး။ ဆီသတ်ရင် များများထည့်မှ အရောင်ထွက်တယ်။ ငရုတ်သီးအစိမ်းမှုန့်အရောင်က စပ်ဖြဲဖြဲ နီရဲနေတာ ဆိုးဆေးတွေပါမှာပဲ။ မနက်ပိုင်းစားတဲ့အီကြာကွေးက ဆော်ဒါနံ့တထောင်းထောင်းနဲ့။ ဂျုံကိုပွအောင်ဆော်ဒါထည့်ရပေမဲ့ လိုတာထက်ပိုပွစေချင်လို့ ဆော်ဒါကိုပိုထည့်လို့ အနံ့ထွက်တာ သိလျက်နဲ့ အီကြာကွေး ကြိုက်တော့လည်း စားရတာပဲ။ ပဲပြုတ်လည်း ဆော်ဒါနံ့တသင်းသင်းနဲ့ပါ။

ကော်ဖီမစ်ထဲမှာ ကော်ဖီ၊ သကြားအပြင် တခြားဘာအမှုန့်တွေပါလဲ မသိနိုင်ဘူး။ အကြော်ဆိုင်တွေက အကြော်တွေက ဆီသန့်၊ မသန့်စဉ်းစားရပြီ။ ရေသန့်တွေကလည်း ဘယ်လောက်အထိ သန့်သလဲမသိ။ တစ်ခါတစ်ခါမှာ ရေသန့်ဘူးတွေက ညစ်ထေးထေး၊ တစ်ခါတစ်ခါ ရေတွေထဲမှာ အနည်ကလေးတွေပါလို့။ အိမ်အရောက် ၃၅၀၊ ၄၀၀ပေးပြီး ဝယ်သောက်ကြရတာပဲလေ။ ငါးတွေကို ကြီးထွားဆေးတွေထည့်ထားတဲ့ ကန်ထဲမှာ မွေးကြတယ်။ ကျွန်မတို့မြန်မာတွေ တခုတ်တရ စားကြတဲ့ ငါးပိကိုလည်း မြန်မြန်နပ်အောင် ဓာတ်မြေဩဇာတွေထည့်ကြတယ်ဆိုတဲ့ သတင်းလည်း ဖတ်ရတယ်။ အတိုင်းတိုင်းအပြည်ပြည် ကြားလို့မှကောင်းကြသေးရဲ့လား။ အရာရာ မြန်နေတဲ့ခေတ်ကြီးမှာ အစားအစာတွေလည်း အမိုလိုက်ပြီး မြန်ခိုင်းနေကြသလားမသိ။ မြန်မြန်စိုက်၊ မြန်မြန်သီး၊ မြန်မြန်ကြီး၊ မြန်မြန်ရောင်းဖို့ အဓိက။ စားသုံးသူအတွက် စေတနာက ပဓာနမဟုတ်တော့။ စားသုံးသူကလည်း သိလျက်နဲ့ စားရေးသောက်ရေးက နေ့စဉ်အမှုကိစ္စဆိုတော့လည်း မသိကျိုးကျွံပြုပြီး စားနေကြရတာပါပဲ။

ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ဆော်ဒါတွေ၊ အရောင်ချွတ်ဆေးတွေ၊ ဆိုးဆေးတွေ၊ ဓာတ်မြေဩဇာအဆိပ်အတောက်တွေက ကျွန်မတို့ မသွတ်သွင်းဘဲနဲ့ အလိုလိုရောက်နေခဲ့ကြတာ ပိုက်ဆံပေးပြီး ရောဂါတွေယူနေရသလိုပါပဲ။ ငယ်ငယ်တုန်းကလို မာလကာသီးချိုချိုစိမ်းစိမ်း ပွပွကြွပ်ကြွပ်ကို ဂွပ်ခနဲ၊ ဂွပ်ခနဲမြည်အောင် ကိုက်မစားရတာအတော်ကြာပါပြီ။

*7 Day , May 4, 2013.*

## နေပြည်တော်ကြီး သိပါလေစ

မူလတန်းပညာရေးဟာ ကလေးတစ်ယောက်အတွက် ဘဝမှာ အရေးကြီးဆုံးလို့ နားလည်ယူဆထားတဲ့ ကျွန်မ မှားများမှားနေပြီလလားလို့ သံသယဖြစ်ချင်ချင်ပါပဲ။ မူလတန်းအရွယ်ကတည်းက ရေခံမြေခံကောင်း စိတ်ဓာတ်အခြေခံကောင်းတွေရှိထားရင်၊ သိထားရင် အရွယ်ရောက်လာတော့ လူဆိုးသူခိုးတွေမဖြစ်ဘဲ လူတော်လူကောင်းတွေဖြစ်ကြမှာပဲလို့ ကျွန်မက ယုံကြည်ထားမိသူကိုး။

အသက် ၅ နှစ်ကနေ ၁၀နှစ်၊ ၁၁နှစ်အတွင်း ကလေးတွေဆိုတာ ကျောက်ရိုင်းတုံးကလေးတွေလိုပါ။ မသိနားမလည်သေးတဲ့အရွယ်၊ အိမ်ကနေပြင်ပကမ္ဘာကို အခုမှ ဝင်ဆံ့ရတဲ့သူကလေးတွေ။ ဆရာတွေက ကကြီး၊ ခခွေးအစ စာသင်ပေးရတဲ့အပြင် လိမ္မာယဉ်ကျေးမှုရှိအောင်၊ စာရိတ္တတွေကောင်းအောင် သားသမီးနဲ့မခြား ပြုစုပျိုးထောင်ပေးကြရတယ်။

ကျွန်မ မူလတန်းကျောင်းတက်တော့ အတန်းပိုင်ဆရာကို လက်ဦးဆရာအဖြစ် ချစ်ကြောက်ရိုသေရပါတယ်။ ဒုတိယတန်းတုန်းက အတန်းထဲမှာလိမ္မာတဲ့ကလေးတွေလည်းရှိ၊ ဂျစ်ကန်ကန်ပေတိပေကပ်နဲ့ ဆိုဆုံးမမလွယ်တဲ့ ကလေးတွေလည်းရှိကြတာပေါ့။ အတန်းထဲမှာ ခဲတံ၊ ခဲဖျက်လှလှတွေ၊ ချွန်စက်၊ ပေတံတွေဆိုတာ ခဏခဏပျောက်ကြတယ်။ ကလေးတွေဆိုတော့လည်း လှတာလေးမြင်တော့ လိုချင်တဲ့စိတ်နဲ့ခိုးမိကြတာပေါ့။

တခြားအချိန်မှာ ဆရာက သဘောကောင်းပြီး မျက်နှာချိုသလောက်၊ ပစ္စည်းပျောက်သံကြားပြီဆိုရင် မျက်နှာကြီးနီပြီး တအားစိတ်ဆိုးတော့တာပဲ။ ဆရာကအားလုံးရဲ့ လွယ်အိတ်တွေကို စစ်ရတော့တာပေါ့။ ပျောက်တဲ့ပစ္စည်း

ရှာမတွေ့မချင်း အားလုံးကခုံပေါ်တက်မတ်တတ်ရပ်နေကြရတာ။ ကျောင်းဆင်းခေါင်းလောင်းထိုးပေမဲ့ ဆရာကပေးမဆင်းဘူး။ ပစ္စည်းယူထားသူမိမှ ကျောင်းဆင်းပေးပါတယ်။

နောက်တစ်နေ့မှာတော့ ပစ္စည်းခိုးတဲ့သူကို 'ကျွန်တော် သူခိုးပါ' စာတန်းကို လည်ပင်းမှာ ချိတ်ဆွဲပြီး ကျောင်းကိုတစ်ပတ်ပတ်စေပါတယ်။ ''မင်းတို့ကို ငါစာသင်တာ ဂျပိုးသူခိုးလုပ်နိုင်းဖို့ မဟုတ်ဘူးကွ'' ဆိုပြီး ကြိမ်လုံးနဲ့လည်း ရိုက်ပါသေးတယ်။ အတန်းထဲမှာ စာမရတဲ့၊ မကြိုးစားတဲ့ သူတွေကိုလည်း ''နင်တို့ စာမတတ်ရင်ကြီးလာရင် ဂျပိုး သူခိုးတွေပဲဖြစ်လိမ့်မယ်'' လို့ ကြိမ်းမောင်းလေ့ရှိပါတယ်။

အိမ်ကျတော့လည်း အဖေ၊ အမေတွေက စာမကျက်တာတွေ့ရင် ''စာမကျက်ဘူးလား၊ စာမတတ်ရင် လမ်းဘေးမှာဈေးရောင်းစားရမယ်၊ ဈေးသည်ပဲ ဖြစ်လိမ့်မယ်''လို့ ကြိမ်းမောင်းပြန်ပါရော။ ကျွန်မ လေးတန်းတုန်းကလည်း အဖော်တွေကခေါ်လို့ ကျောင်းမတက်ဘဲ ကျောင်းနောက်က ရေကန်ကြီးဆီသွားပြီး တစ်နေကုန် ကြာပန်းခူးကြ၊ ကြာရိုးတွေနဲ့ ပုတီးလုပ်တမ်းကစားကြနဲ့။ အိမ်ရောက်တော့ အဖေကသိသွားပြီး ကျွန်မကိုမရိုက်မနှက်ဘဲ တစ်ခွန်းတည်းနဲ့ နာအောင်ပြောတယ်။ ''နင်ခွေးဖြစ်ချင်ရင် ကျောင်းပြေး''တဲ့။

အဲဒီလို ဆိုဆုံးမမှုတွေ၊ ကြိမ်းမောင်းမှုတွေ၊ ဖိအားတွေနဲ့ကြီးပြင်းလာခဲ့ရတဲ့ ကျွန်မတို့ကလေးတွေဟာ ပညာတတ်တွေဖြစ်ခဲ့ကြပါတယ်။ လူကြီးတွေရဲ့ ကျေးဇူး၊ ဆရာ ဆရာမတွေရဲ့ ကျေးဇူးကြောင့်ပါ။ အခုတော့လည်း ပညာတတ်တိုင်းလည်း လူလိမ္မာတွေမဖြစ်၊ လူဆိုးသူခိုး ဖြစ်နိုင်တာပဲဆိုတာ ဘဝပေးအသိတွေအရ နားလည်လာခဲ့ရပါပြီ။

ငယ်ငယ်ကသမဆိုင်မှာ ဆန်သွားထုတ်လို့ အိမ်ပြန်ရောက်ရင် အမေ့ရဲ့ညည်းညူရေရွတ်သံကို ကြားရစမြဲပါ။ သမဆိုင်ကဝန်ထမ်းတွေ နောင်ဘဝကျရင် မျက်နှာခွက်မယ်တဲ့လေ။ သူတို့ ခြင်တွယ်လိုက်တဲ့ဆန်က အိမ်ရောက်ရင် ဘယ်တော့မှမပြည့်ဘူးတဲ့။ သမဆန်ဆိုင်က ဝန်ထမ်းတွေဟာ ဘွဲ့ရတွေ၊ အနည်းဆုံး ဆယ်တန်းအထိတော့ ပညာသင်ခဲ့ကြတာပါ။

အခုခေတ်မှာလည်း စက်သုံးဆီ ၂၂ ဆိုင်အား ထပ်မံအရေးယူတဲ့။ ယခုလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကို စစ်ဆေးရာခြင်တွယ်မပြည့်မီသောကြောင့် ယာယီ

ပိတ်သိမ်းအရေးယူခံရသည့်ဆိုင် ၃၈ ဆိုင် ရှိပြီဖြစ်သည်တဲ့။ သတင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ဆီဆိုင်ကဝန်ထမ်းတွေ၊ မန်နေဂျာတွေကလည်း ပညာမဲ့တွေ မဟုတ်ကြပါဘူး။ ပညာတတ်တွေပါ။

မကြာသေးမီက မန္တလေးက ကဗျာဆရာမ၊ စာရေးဆရာမတစ်ယောက်နဲ့ဆုံကြပြီး ရောက်တတ်ရာရာ စကားပြောဖြစ်ကြတော့ လူတွေအကျင့်စာရိတ္တမကောင်းတာ မွေးရာပါဗီဇ အကျင့်မို့လို့ပြင်လို့မရဘူး။ ခိုးတဲ့သူက ခိုးမှာပဲလို့ဆိုပါတယ်။ သူပြောတာက မှန်သင့်သလောက်မှန်ပေမဲ့ ရာခိုင်နှုန်းပြည့်တော့ လက်ခံလို့မရပါဘူး။

ကျွန်မတို့ခပ်ငယ်ငယ်က ခါးပိုက်နှိုက်တွေပေါတယ်။ သူခိုးတွေလည်း ရှိတယ်။ ဒါပေမဲ့ အခုလို ဘာမဟုတ်တဲ့ငွေကြေး၊ ပစ္စည်းတွေလောက်နဲ့ လူမသတ်ဘူး။ အခုခေတ်က လူတစ်ယောက်ကိုသတ်ဖို့ ဝန်မလေးကြတော့ဘူး။ အဲဒါဘာလို့လဲဆိုတော့ ဟိုအရင်တုန်းက အိမ်ထောင်ဦးစီးဖခင် တစ်ယောက်အလုပ်လုပ်ရင် တစ်မိသားစုလုံး ထိုင်စားလို့ရတယ်။ အဲဒီမိသားစုဟာ ဆင်းရဲရင်ဆင်းရဲမယ်၊ ထမင်းတော့မငတ်ဘူး။

အခုကျတော့ အိမ်ထောင်စု လူဦးရေငါးဦးရှိရင် ငါးဦးလုံးအလုပ်လုပ်နိုင်မှ ထမင်းစားရမှာ။ မိသားစုမှာ အလုပ်မလုပ်နိုင်တဲ့အရွယ်တွေများနေရင်၊ နာမကျန်းဖြစ်နေတဲ့သူတွေရှိနေရင် အဲဒီအိမ်မှာ ထမင်းမဝတော့ဘူး။ ဒါကြောင့် သတင်းတွေမှာပါနေတဲ့ ငွေကြေး၊ ပစ္စည်းကြောင့်ကျူးလွန်တဲ့လူသတ်မှုအမျိုးမျိုးတွေဟာ တိုင်းပြည်က ထမင်းဝအောင်မကျွေးလို့။ ကျွန်မတို့လူမျိုးတွေက များသောအားဖြင့် ဘာသာတရားရဲ့အဆုံးအမအောက်မှာ နေထိုင်ခဲ့ကြတာပါ။ ဗိုက်သာဝနေရင် သူများရဲ့ ပိုက်ဆံအိတ်ကို လွယ်လွယ်နဲ့ မျက်စောင်းမထိုးကြပါဘူးလို့ ကျွန်မကရှင်းပြတော့ စာရေးဆရာမလည်း ဘာမှမပြောသာတော့ဘူး။

ကမ္ဘာမှာဆင်းရဲတဲ့ နိုင်ငံတွေ ရှိပါတယ်။ ကျွန်မတို့နိုင်ငံလည်း ဆင်းရဲပါတယ်လို့ တရားဝင် ကြေညာထားတာပါ။ ဒါပေမဲ့ ဆင်းရဲတာထက်ကို လူ့အောက်ကျနောက်ကျ ဖြစ်နေကြရတာကတော့ အင်မတန် ရင်နာစရာကောင်းလှပါတယ်။ လမ်းမတွေပေါ်မှာ၊ ဘုရားတွေမှာ သက်ကြီးဝါကြီး၊ အဘိုးကြီး၊ အဘွားကြီးတွေ၊ ကလေးတွေ တောင်းရမ်းစားသောက်နေကြတယ်။ ခြေလက်အင်္ဂါ အကောင်းပကတိတွေနဲ့ သူတို့တွေကို သူတောင်းစားတွေလို့ ဘယ်သူ ခေါ်ရက်ကြပါ့မလဲ။

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့အမှိုက်ပုံကို အမှီပြုနေထိုင်ပြီး ရှာဖွေစားသောက်နေကြတာက ကျွန်မတို့ ရွှေမြန်မာတွေတဲ့။ သူတို့က တစ်ကောင်ကြွက်တွေလည်းမဟုတ်၊ ပြစ်မှုကျူးလွန်လို့ တိုင်းပြည်က ထွက်ပြေးကြသူတွေလည်း မဟုတ်။ တစ်ချိန်က လယ်ယာစိုက်ပျိုးခဲ့သူတွေ၊ လယ်တွေ အရှုံးပေါ်လို့ အလုပ်အကိုင်ရှားပါးလို့၊ နယ်မြေမတည်ငြိမ်လို့ ရေကြည်ရာ မြက်နုရာ အမှိုက်ပုံမှာ ရှာဖွေစားသောက်နေကြရတာ။ အဲဒါတစ်ရွှေတည်း ရွှေနေကြတဲ့ ကျွန်မတို့ ရွှေမြန်မာတွေပါ။ အိမ်ထောင်စု ၁၀၀ ကျော်ရှိလေသတဲ့။

နောက်ထပ် ရင်နာစရာကောင်းတဲ့သတင်းကတော့ မန္တလေး မဟာမြတ်မုနိဘုရားအနီးမှာတောင်းရမ်းစားသောက်နေတဲ့ ကလေးတွေ၊ ဆယ်ကျော်သက်တွေ၊ အိမ်ကပိုက်ဆံရှာခိုင်းလို့ ဘုရားဖူးတွေဆီက တောင်းရမ်းစားသောက်ရသူတွေ။ တချို့လည်း နေစရာမရှိလို့ ဘုရားအနောက်မုခ်ဘက်မှာ စုအိပ်ကြ၊ အမိုးအကာခြုံစရာမရှိ၊ သမံတလင်းပေါ်အိပ်၊ ပျံကျဈေးက မုန့်ကိုစားပြီးနေကြရ။ သူတို့ခမျာ ဗိုက်မဆာအောင် ကော်ရှူကြသတဲ့။ တချို့ဆို ကော်ရှူသက်တမ်း ၃ နှစ်ခန့်ရှိပြီး မရှူရရင်မနေနိုင်တော့။ ဘိန်းဖြူစွဲသလို ဖြစ်နေရပြီ။ ကော်ရှူပြီးရင် မူးပြီးမှိန်းသွားတယ်။ ချေးစေးတွေပြန်တော့ ရင်တုန်တာ၊ ကယောင်ကတမ်းလျှောက်ပြောတာတွေ ဖြစ်တတ်ပြီး ဗိုက်ဆာတာလည်း ခံနိုင်တယ်။ ဤသို့သော ကော်ရှူခြင်းဖြင့်နိုင်ငံခြားသားများကို ဆွဲဆောင်နေသတဲ့။ ကလေးငယ်များ ရာချီပြီးရှိနေသတဲ့။

ဩော်… ကျွန်မတို့ရွှေမြန်မာတွေ ပညာတတ်တွေလည်း ကလိမ်ကကျစ်တွေဖြစ်၊ ပညာမဲ့တဲ့ ကလေးတွေလည်းတောင်းစားသူဖြစ်နဲ့ ကမ္ဘာမှာ သေးသိမ်နေကြရတာ၊ အောက်ကျ နောက်ကျဖြစ်နေကြတာ ရွှေရောင်လွှမ်းတဲ့ ရွှေနေပြည်တော်ကြီးက ကြားသိပါရဲ့လားလေ။

*7 Day, May 11, 2013.*

● ● ●

# သဘာဝရဲ့လက်ဆောင်

*"သဘာဝပတ်ဝန်းကျင် အရည်အသွေးနဲ့ စီးပွားရေးဖွံ့ဖြိုးမှုကြားမှာ အငြင်းပွားစရာရှိလာခဲ့ရင် ကျုပ်ကတော့လှပတဲ့ရှုခင်း၊ သန့်စင်တဲ့လေ၊ ကြည်လင်တဲ့ရေကိုပဲ ရွေးမယ်ဗျာ"*

***ဂျင်မီကာတာ***

ကျွန်မတို့ဆီမှာ သဘာဝအတိုင်း လှပနေကြတဲ့ ရှုခင်းတွေ၊ အပန်းဖြေနားခိုစရာနေရာဒေသတွေ တစ်ပုံတစ်ပင် ရှိကြပါတယ်။ အင်းလေး၊ ငပလီ၊ ကျိုက္ကမီ၊ တောင်ကြီး၊ ပင်းတယ၊ ပြင်ဦးလွင်စတဲ့ နေရာဒေသတွေက အတတ်ပညာတွေနောက်၊ ရုပ်ဝတ္ထုပစ္စည်းတွေနောက် တကောက်ကောက် လိုက်နေကြရင်းအမောကြီးမောနေကြတဲ့ ကျွန်မတို့လူသားတွေအတွက် သဘာဝက ပေးတဲ့ လက်ဆောင်မွန်တွေပါ။

ကျွန်မတို့ဆီမှာ သဘာဝပတ်ဝန်းကျင်အရည်အသွေးဖြစ်တဲ့ လှပတဲ့ရှုခင်းတွေ ရှိနေသေးတယ်။ ဒါပေမဲ့ သန့်စင်တဲ့လေ၊ ကြည်လင်တဲ့ရေဆိုတာကတော့ ရာဇဝင်ထဲမှာ ကျန်ခဲ့ပြီလို့ဆိုရတော့မလိုပါပဲ။ 'ရေ'က လူ့အဖွဲ့အစည်းအတွက် အသက်သွေးကြောပါ။ ဒီနှစ်နွေရာသီက အပူလွန်ကဲလို့ အစားအသောက်တွေပျက်ပြီး ရေပဲဖိသောက်ကြရပါတယ်။ နွေနေပူပူမှာ ရေသန့်လိုက်ပို့တဲ့ တွန်းလှည်းကလေးတွေ တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ ရပ်ကွက်တွေထဲ လှည့်လည်နေကြတာ နေ့စဉ်မြင်တွေ့နေရတဲ့ မြင်ကွင်းတွေပါ။

ကျွန်မတို့ငယ်ငယ်တုန်းကတော့ ရေသန့်ဆိုတာ မပေါ်သေးဘူး။ မိုးရေ၊ ကန်ရေကိုပဲ သောက်ခဲ့ကြတယ်။ အဝီစိတွင်းရေကိုတော့ သုံးရေ၊ ချိုးရေအဖြစ် သုံးခဲ့ကြတယ်။ ကျွန်မတို့သိထားတာက ရေတွေထဲမှာ မိုးရေက

အသန့်စင်ဆုံးလို့ပဲ သိကြတယ်။ မိုးရေကို အိုးကြီး၊ အိုးငယ်နဲ့ တခုတ်တရ ခံယူကြပြီး ညသိပ်ရေအဖြစ် မက်မက်မောမော သောက်ခဲ့ကြတယ်။ သဲအိုး၊ မြေအိုးထဲမှာ ထည့်ထားတော့ရေတွေက အေးမြနေတာပါ။ ကလေးတွေ မျက်စိနာရင်လည်း မိုးရေကိုပဲမျက်စဉ်းအဖြစ် ခတ်ပေးကြတယ်။

အခုတော့ ဒီမိုးရေတွေက မသန့်စင်တော့ဘူးတဲ့။ ပြည်တွင်း ပြည်ပ စက်ရုံ၊ အလုပ်ရုံတွေက ထုတ်လွှတ်တဲ့မီးခိုးတွေ၊ အဆိပ်အတောက်ဖြစ်စေတဲ့ ဓာတ်ငွေ့တွေ၊ အက်ဆစ်တွေက မိုးနဲ့အတူပါလာကြပြီ။

ရယူမှုတိုင်းမှာ ထိုက်တန်တဲ့ပေးဆပ်မှုကတော့ ရှိစမြဲပါ။ ခေတ်မီလှပပြီး စွဲမက်စရာရုပ်ဝတ္ထုပစ္စည်းတွေကို လွန်ကဲစွာရယူမှုအတွက် သဘာဝက ပေးတဲ့လက်ဆောင်တွေကို ကျွန်မတို့ ဆုံးရှုံးကြရပါပြီ။ ကျွန်မတို့ဘိုးဘွားတွေ လက်ထက်ကတည်းက ဖောဖောသီသီသုံးလာခဲ့ကြတဲ့ အလကားရတဲ့ ရေက တစ်နှစ်ထက်တစ်နှစ်ပိုပိုရှားလာပါပြီ။ ကမ္ဘာဂြိုဟ်ရဲ့ သုံးပုံနှစ်ပုံဟာ ရေဖြစ်ပေမဲ့ သဘာဝကပေးနိုင်တာထက်ပိုပြီး ထုတ်ယူသုံးစွဲခြင်းတွေကြောင့် ဂေဟစနစ်တွေ ပျက်စီးပြီး ယခု ကျွန်မတို့ဆီမှာ ဘယ်တုန်းကမှမကြုံကြရတဲ့ ရေရှားခြင်း ပြဿနာတွေ ကြုံတွေ့နေကြရပြီ။

ရန်ကုန်မှာထက် နယ်တွေအတော်များများမှာ ရေပြဿနာတွေဖြစ်နေကြပါတယ်။ မိသားစုအလှည့်ကျ ရေချိုးရတာတို့၊ ရေကန်တစ်ကန်ထဲကို ရွာဆယ်ရွာက ဝိုင်းခပ်ကြရတာတို့၊ ရေတစ်ပုံးရဖို့ အချိန်နှစ်နာရီကြာတာတို့ စတဲ့သတင်းတွေဖတ်ရတယ်။ စစ်ကိုင်း၊ မန္တလေး၊ မကွေး စတဲ့တိုင်းဒေသကြီးတွေမှာ မန္တလေးက ရေလိုအပ်ချက်အကြီးမားဆုံးဖြစ်ကြောင်း အစိုးရအဖွဲ့ ကွင်းဆင်းလေ့လာတော့ ပြည်သူက ရေပဲပူဆာကြတယ်ဆိုတဲ့သတင်းဖတ်ပြီး ကျွန်မတော်တော်စိတ်မချမ်းမသာဖြစ်ရပါတယ်။ ဪ ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်ဆိုတာကိုး။ ရေပဲတောင်းရှာမပေါ့။

မြို့ပြကျေးလက်ဒေသတွေထက် ရေပြဿနာနည်းပေမယ့် လေထုညစ်ညမ်းမှု (Air Polution) ဒဏ်ကိုတော့ ကျေးလက်တွေထက်ပိုပြီး ခံစားကြရပါတယ်။ စက်မှုဇုန်တွေအများအပြားက ထုတ်လွှတ်တဲ့ ကာဗွန်တွေ၊ အဆိပ်တွေက လေထုထဲမှာပျံ့နှံ့နေပြီး ကျွန်မတို့ရှူရှိုက်ရတဲ့လေက မသန့်စင်တော့ပါဘူး။ ကျွန်မတို့ရဲ့ မိုးကောင်းကင်ကမှ အပြာရောင်ဖြစ်နေသေးတယ်။ အိမ်နီးချင်းဘန်ကောက်မှာတော့ ကောင်းကင်က မပြာတော့ဘူး။ မှုန်မှုန်မှိုင်းမှိုင်းမီးခိုးရောင်။

ရန်ကုန်မှာက အထပ်မြင့်အိုးအိမ်တိုက်တာ အဆောက်အအုံတွေနဲ့ ကျပ်ညပ်နေတော့ သန့်စင်တဲ့လေ၊ သာယာလှပတဲ့ ရှုမျှော်ခင်းဆိုတာတွေ အရှားသားပဲ။ ကန်တော်ကြီး၊ မြေပဒေသာကျွန်း၊ ရှုခင်းသာစတဲ့ နေရာတွေကိုလည်း တကူးတကမသွားဖြစ်။ မြကျွန်းညိုညို တို့တက္ကသိုလ်ဆိုတာနဲ့လည်း ဝေးဆိုတော့ ပြည်လမ်းပေါ်မှာ ကားစီးလာရင်းနဲ့ အင်းလျားကန်ပေါင်ကို ဘွားခနဲ မြင်လိုက်ရတဲ့အခါတိုင်း စိတ်ကြည်နူးလန်းဆန်းသွားမိတာ အခါခါ။ အဒေီလမ်းနားအရောက် အင်းလျားလေးရေပြင် (ယခင် အာစီ တူးအင်းလျားလေး) ကိုဖြတ်တိုက်လာတဲ့ ရေငွေ့ပါတဲ့ လေနုအေးလေးတွေကို အငမ်းမရ ရှူရှိုက်ရင်း ခဏတာ အမောပြေစေခဲ့တာ အခါခါနဲ့ ရသလောက်လေး ကြံဖန်ပြီး ကိုယ့်ကိုယ်ကိုယ် အပန်းဖြေရတာပါပဲ။

တကယ်တော့ ကျွန်မတို့လည်း လူသားတွေပဲ။ ကျွန်မတို့လည်း သဘာပတ်ဝန်းကျင်ကို ချစ်တတ်ပါတယ်။ မြတ်နိုးတတ်ပါတယ်။ ဒါပေမဲ့ ရန်ကုန်မှာဘဝတစ်ခုရပ်တည်ရေးက ခက်ခဲကျပ်တည်းကြတော့ စားဝတ်နေရေးထက် ဘယ်အရာကမှ အရေးမကြီးနိုင်။ စမ်းချောင်းကလေးတွေ စီးဆင်းနေတာကိုလည်း ထိုင်မကြည့်အား၊ ရေကန်ထဲက ကြာပန်းကလေးတွေလည်း မခံစားအား၊ သစ်ပင်သစ်တောဆိုတာကို မခင်တွယ်သလို ဟန်ဆောင်ပြီး ခပ်စိမ်းစိမ်းနေလာခဲ့ကြတာဆိုတော့ တကယ့်ကို လူသားမဆန်လိုက်ကြတာ များနော်။

ဂျင်မီကာတာ ပြောသလိုပါပဲ။ ကျွန်မတို့လည်း သဘာဝရဲ့လက်ဆောင် လေ၊ ရေ၊ မြေ၊ တော၊ တောင်၊ စိမ့်၊ စမ်းတွေကို လူသားဆန်စွာ ခံစားရယူချင်ပါတယ်။ သဘာဝကိုဖျက်ဆီးကြတာဟာ အကြမ်းဖက်တာပါပဲ။ လူသားတွေရဲ့ သယံဇာတရပိုင်ခွင့်တွေကို အကြမ်းဖက်တာ။

ကျွန်မတို့အတွက် ကျွန်မတို့ဆီမှာ လှပတဲ့ရှုခင်းတွေ ပျောက်ပျက်မသွားဖို့သန့်စင်တဲ့လေ၊ ကြည်လင်တဲ့ရေကို ခံစားရဖို့ ကျွန်မတို့ အားလုံးမှာ တာဝန်ရှိပါတယ်။ ဒီတာဝန်ကလည်း ကျွန်မတို့အားလုံးရဲ့ မဖြစ်ညစ်ကျယ် အင်အားကလေးတွေနဲ့ မိုးကောင်းကင်ကို ခေါင်းနဲ့ တိုက်ရသလိုပါပဲနော်။

*7 Day , May 9, 2013.*

●●●

# ထေရဝါဒဗုဒ္ဓဘာသာ

ဗုဒ္ဓဘာသာဆိုတာ ကမ္ဘာမှာအသန့်ရှင်းဆုံးဘာသာလို့ မှတ်ကျောက်တင်ခြင်းခံရတော့ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာ ကျွန်မတို့ ကံကောင်းလှပါတယ်။

ငယ်ငယ်က နွေရာသီကျောင်းပိတ်ရက်ရှည်တွေမှာ အဘိုးရှိရာရွာကို သွားရရင် ကျွန်မတို့ကလေးတွေ သိပ်ပျော်ပါတယ်။ ရန်ကုန်မှာ အိမ်ပေါ်က ဆင်းလိုက်ရင် ကားလမ်းမရောက်နေတော့ မြေကြီးပေါ်ဆင်းဆော့ဖို့အခွင့်အရေးက ကျေးလက်တောရွာရောက်မှပဲ ရတာလေ။ ကျွန်မရဲ့အဘိုးက ရွာလူကြီး၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီး၊ လယ်သမားကြီးတစ်ဦးပါ။ ပင်စင်ယူပြီးကတည်းက ဘာသာရေးအလုပ်ကို တစိုက်မတ်မတ်လုပ်နိုင်ပြီး အဘိုးရဲ့ဘဝက ငြိမ်းချမ်းပါတယ်။

နံနက်တိုင်း လေးနာရီထ၊ ဘုရားရှိခိုး၊ တရားထိုင်ပြီးရင် နံနက်စာစား၊ ခြောက်နာရီဆို လယ်ထဲကိုသွား၊ တဲစောင့် လင်မယားနဲ့ အလုပ်သမားတွေကိုစီမံခန့်ခွဲ၊ ကိုယ်တိုင်ဝင်လုပ်ချင်လုပ်၊ တစ်နေကုန်လယ်ထဲမှာနေပြီး ညနေလယ်သိမ်းချိန် မှောင်ရီပျိုးစ ညီအစ်ကို မသိတသိအချိန်ကျမှ ရွာထဲကအိမ်ကို ပြန်လာပါတယ်။ ဒါက အဘိုးရဲ့ တစ်နေ့တာလှုပ်ရှားမှု အချိန်ဇယားပါ။

နွေရာသီမှာ ကျွန်မတို့မြေးတွေရောက်လာပြီဆို အဘိုးအတွက် တာဝန်တွေ ပိုလာပါတော့တယ်။ အဘွားချက်ပြုတ်ပေးလိုက်တဲ့ ထမင်းချိုင့်ကြီးကိုဆွဲပြီး ကျွန်မတို့ကိုလယ်ထဲခေါ်သွားပါတယ်။ ကျွန်မတို့ကို "ရန်ကုန်သူတွေ ထမင်းဘယ်ကရသလဲသိအောင်၊ လယ်သမားဘဝကိုသိအောင် လယ်ထဲဆင်းရမယ်" ဆိုပြီး ကျွန်မတို့ကလေးတွေနဲ့ တန်တဲ့အလုပ်ကို လုပ်ခိုင်း

ပါတယ်။ စပါးသယ်၊ ကောက်သင်းကောက်၊ ပေါင်းသင် စသည်ဖြင့်ပေါ့။ ရွာက ဘုန်းကြီးကျောင်းမှာသင်္ကြန်တွင်း တရားစခန်းဖွင့်ဖို့ အဘိုးကစပြီး ကမကထပြု ဆောင်ရွက်ခဲ့တာပါ။

သင်္ကြန်မှာ ကျွန်မတို့ကလေးတွေကို ရေမဆော့ခိုင်းဘဲ ဥပုသ်စောင့်စေပါတယ်။ တစ်နေကုန် ဘုန်းကြီးကျောင်းမှာ တရားစခန်းဝင်သူတွေ၊ ဥပုသ်စောင့်သူတွေနဲ့အတူတူ ကျွန်မတို့ကလေးတွေလည်း တရားထိုင်၊ တရားနာရပါတယ်။ တရားဘယ်လိုထိုင်ရတယ်ဆိုတာ အဘိုးက သင်ပြပေးပါတယ်။ ကျွန်မတို့တွေလည်း လူကြီးတွေနည်းတူ တရားထိုင်ပေမဲ့ ဆယ်မိနစ်လောက်ပါပဲ။ တစ်ယောက်လက် တစ်ယောက်ကုတ်၊ အလှူ့အလှူ ကျောင်းပေါ်က ဆင်းပြီး ကျောင်းထောင့်တစ်နေရာမှာ သွားဆော့ကြတာပါပဲ။ အခုအချိန်ထိ သင်္ကြန်ဆို လျှောက်မလည်တတ်ဘဲ ဘုန်းကြီးကျောင်းသွားတတ်တဲ့အကျင့်က ငယ်ငယ်ကတည်းကရခဲ့တာပါ။

သင်္ကြန်ဆို တရားစခန်းဝင်ဖို့ပဲ ဆန္ဒရှိတာမို့ မဟာစည်တရားစခန်း၊ မိုးကုတ်တရားစခန်းတွေကို အလျဉ်းသင့်သလိုဝင်ပြီး တရားအားထုတ်ဖြစ်ပါတယ်။ အကျင့်တစ်ခုလိုစွဲမြဲနေလို့သာ တရားစခန်းဝင်ဖြစ်နေပေမဲ့ တရားထိုင်၊ တရားနာရတာ မပျင်းမရိပေမဲ့ တရားထိုင်ချိန်တွေမှာ ထိထိမိမိ မထိုင်နိုင်ပါဘူး။ ဝေဒနာတက်လာရင် ကြာကြာသည်းမခံနိုင်ဘဲ ဟိုဘက်ဒီဘက် ဣရိယာပုတ်ပြင်ထိုင်လိုက်တာပါပဲ။ လူကလည်း မငြိမ်သလို စိတ်ကလည်း သမာဓိ မတည်နိုင်ပါဘူး။

တရားစ ထိုင်ထိုင်ချင်း ဝင်လေသိ၊ ထွက်လေသိမှတ်နေရင်း ဆယ်မိနစ်လောက်အကြာမှာတော့ စိတ်တွေကကျောင်းရောက်လိုက်၊ အိမ်ရောက်လိုက်၊ သီချင်းတွေဆီရောက်၊ ကြည့်ခဲ့တဲ့ရုပ်ရှင်တွေအကြောင်းရောက်နဲ့ ဂနာမငြိမ်တော့ပါဘူး။ သတိရမိချိန်မှာ ဟိုဟိုဒီဒီရောက်နေတဲ့စိတ်ကို ပြန်ခေါ်၊ နှာသီးဖျားဆီပို့၊ ဝင်လေထွက်လေပြန်မှတ်နဲ့ သမာဓိထူထောင်နေတာနဲ့ပဲ ဝိပဿနာအဆင့်ဆီမရောက်နိုင်ဘဲ အချိန်စေ့သွားတော့တာပါပဲ။

တရားနာချိန်တွေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဆရာတော်ဆယ်ခွန်းလောက်ပြောတဲ့ထဲက နှစ်ခွန်းလောက်ပဲ အမှတ်ထင်ထင်ဖြစ်မိ၊ ကျန်တဲ့အချိန်တွေကတော့ စိတ်သွားရာမျောပါနေတာကများပါတယ်။ အဲဒီလို အချိန်တန်ရင် တရားစခန်းသာပြီးသွားတာ တကယ့်တရားအစစ်နဲ့ကတော့ မထိခလုတ် ထိခလုတ်နဲ့ ဝေးနေသေးတာပါ။ ဒါပေမဲ့ ကျောက်တုံးအချင်းချင်း

ကြိမ်ဖန်များစွာ ပွတ်တိုက်ရင် မီးပွင့်လာသလိုပါပဲ။ တရားဓမ္မနဲ့ကြိမ်ဖန်များစွာ ထိတွေ့ဖန်များလာတော့၊ အရွယ်ကလေးကလည်း ရလာတော့ တရားအသိတွေ တိုးတိုးလာတော့တာပါပဲ။ တကယ်လုပ်ပြီး တကယ် အကျိုးရှိချင်လာတယ်။

တကယ်လုပ်ပြီး တကယ်အကျိုးရှိအောင် တရားနာချိန်တွေမှာ စိတ်ပျံ့လွင့်မနေဘဲ ဆရာတော်ဟောတဲ့ စကားလုံးတိုင်း စကားလုံးတိုင်းကို ခြေရာကောက်သလိုအမှတ်ထင်ထင် လေ့လာမှတ်သားမိလာ၊ တရားထိုင်ချိန်မှာလည်း အာနာပါနဝင်လေထွက်လေ ရှုနေရာကနေ ဝေဒနာတက်လာတော့ သမာဓိပြုတ်ပြီး ဝေဒနာလေးကိုကိုယ်နဲ့မဆိုင်သလို၊ ကိုယ်နာပေမဲ့ စိတ်မနာအောင်ကျင့်ကြံကြိုးစားမိလာ၊ စိတ်သပ်သပ်၊ ကိုယ်သပ်သပ်ခွဲ ခြားမြင်လာအောင်အားထုတ်ရတာပျော်လာတော့ ဩော် ငါတစ်သက်လုံး တရားစခန်းတွေဝင်လာတာ ယောဂီမဖြစ်ဘဲ ယောပလီ ဖြစ်ခဲ့တာပါလား။ အခုမှပဲ မဟာကုသိုလ်စိတ်နဲ့ တရားဓမ္မစစ်ကို ကျင့်ကြံပွားများနိုင်တာပါလားလို့ ကိုယ့်ကိုယ်ကိုယ် သံဝေဂရမိပါတော့တယ်။

တရားတွေနာ၊ တရားတွေပွားလာမှပဲ တရားရဲ့အဆီအနှစ်တွေကို ထဲထဲဝင်ဝင်နားလည်သိရှိလာခဲ့ပြီး အရင်တုန်းကအမည်ခံ ဗုဒ္ဓဘာသာ၊ မိရိုးဖလာဗုဒ္ဓဘာသာဖြစ်ခဲ့ပါလားလို့ ကိုယ့်ကိုယ်ကိုယ်ပြန်ဆင်ခြင်မိပါတယ်။ အရင်တုန်းက အဘွားတို့၊ အမေတို့ခိုင်းတဲ့အတိုင်း စာမေးပွဲအောင်အောင်၊ ဈေးရောင်းကောင်းအောင် မနဲ့လေးလည်း ဘဲဥဆက်ခဲ့၊ အိမ်တွင်းဖခင်ကြီးလည်း ယပ်ခတ်ခဲ့၊ ကိုယ်တော်တို့လည်း ဖောင်းတော်ဆက်ခဲ့နဲ့ ကိုယ့်အဖြစ်က သရဏဂုံပျက်ခဲ့တာကို မသိနားမလည်ခဲ့ဘူးလေ။

အခုကျမှ ဆရာတော်၊ သံဃာတော်တွေဆုံးမ ဟောဖော်ညွှန်ကြားချက်တွေကို သေချာနာယူနိုင်ခဲ့လို့၊ မိုးကုတ်ဆရာတော်ဘုရားကြီး တရားခွေတွေကို သေချာနာခံမှတ်သားမိလို့ ဒီလိုအသိတွေရှိလာပြီး မိစ္ဆာဒိဋ္ဌိအယူတွေကို ပယ်သတ်နိုင်ခဲ့တာ။

ဟိုတုန်းကတည်းက တရားတွေကို သေချာနာယူမှတ်သားခဲ့မိဖို့ကောင်းတာလို့ ကိုယ့်ကိုယ်ကိုယ်အပြစ်တင်နေမိပါတယ်။

အဲဒီလို တရားစစ်၊ တရားမှန်တွေကို ခံစားသိမြင်နားလည်လာတော့ တစ်ချိန်က ဝေဝေဝါးဝါးဗုဒ္ဓဘာသာအဖြစ်ကနေ ထေရဝါဒဗုဒ္ဓဘာသာ စစ်စစ်ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကြိုးစားအားထုတ်နေမိရင်းက တရားဓမ္မကို

မွေ့လျော်အောင်၊ လမ်းကြောင်းမှန်ပေါ် ရောက်အောင်ဆွဲတင်ပေးခဲ့တဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ အဘိုးရဲ့ကျေးဇူးတွေကို အထူးသတိရနေမိပါတော့တယ်။

မြတ်ဗုဒ္ဓရဲ့ တရားအဆီအနှစ်တွေနှလုံးသားမှာ ကိန်းအောင်းစိမ့်ဝင်နေတဲ့ ထေရဝါဒဗုဒ္ဓဘာသာဝင်စစ်စစ် အမျိုးသမီးတစ်ယောက်အတွက်တော့ ဘယ်မျိုးစောင့်ဥပဒေ ဘယ်အမျိုးသားရေးဝါဒနဲ့မှ ထိန်းကျောင်းစည်းကြပ်နေစရာမလိုပါဘူးလေ။

***7 Day , June 26, 2013.***

● ● ●

# သူ့ရဲ့ကောင်းတွေ အလိုရှိတယ်

ရှစ်လေးလုံးအရေးအခင်းနှစ်ပတ်လည်လည်း ငွေရတုသို့ တိုင်ခဲ့ပါပြီ။ ကျွန်မတို့ တိုင်းပြည်ရဲ့ ဒီမိုကရေစီခရီးကြမ်းကြီးက ရှည်လျားလိုက်တာ။ နှစ်ကာလနဲ့ကြည့်ရင်တော့ ခရီးအတော်ပေါက်ခဲ့ပြီပေါ့။ ပန်းတိုင်ကတော့ ရောက်တော့မယ် နီးလာပြီလို့ ပြောရမလား၊ ဝေးနေဆဲလို့ပြောရမလား။ ကျွန်မတို့ပြည်သူတွေအတွက်တော့ အတိုင်းအဆကိုခန့်မှန်းရခက်နေဆဲပါပဲ။ ဘာပဲပြောပြော နိုင်ငံရေးအမြင်ရှိတဲ့ဆရာတွေပြောကြတဲ့အတိုင်း ဖန်ခွက်ထဲမှာ ရေတစ်ဝက်တော့ရှိပြီးနေပြီ၊ ရေအပြည့်ရှိအောင် ဘယ်လောက်ကြာဦးမလဲ၊ ဘယ်လောက်ကြာကြာထပ်ဖြည့်ဆည်းကြရဦးမလဲဆိုတာ စိတ်ဝင်စားစရာပါ။

ပြီးခဲ့တဲ့ နှစ်နှစ်ကထက်စာရင် ၂၀၁၃ ဟာ ပြောင်းလဲတိုးတက်လာတာ တော့အမှန်ပါ။ ဒါပေမဲ့ အဖြစ်အပျက်တွေက ကျေနပ်ရတာလည်းရှိ၊ အားမလို အားမရမိရတာလည်း ရှိနေကြဆဲပါပဲ။ ဒီမိုကရေစီဆိုတာကလည်း ဝုန်းခနဲ ချက်ချင်းနတ်ရေကန်ထဲ ချလို့ရတဲ့အရာမှ မဟုတ်တာ။ တဖြည်းဖြည်းနဲ့ လူက လုပ်ယူမှရတာဆိုတော့။ လူဆိုတဲ့အမျိုးကလည်း တစ်ယောက်တစ်ပေါက်၊ မတူစိတ်ထားတွေရှိကြပြန်တော့ မတူတာကိုတူအောင်ညှိယူဖို့ဆိုတာ အချိန် တော့ လိုဦးမှာပေါ့။ ဒါပေမဲ့ အားလုံးသိကြတဲ့အတိုင်း အချိန်တွေကြာလေ တိုင်းပြည်နာလေပဲမို့ မကြာသင့်တာ မကြာရအောင်၊ မနှောင့်နှေးသင့်တာ တွေ မနှောင့်နှေးရအောင် နိုင်ငံရေးသမားတွေက အဓိက စွမ်းဆောင်ကြ ရမှာပါ။

အခုဆို တိုင်းပြုပြည်ပြု လွှတ်တော်ဆိုတာရှိနေတော့ တိုင်းပြည်ရဲ့ ကံကြမ္မာက လွှတ်တော်ပေါ်မှာ မူတည်ပါတယ်။ လွှတ်တော်ထဲက လွှတ်တော်

အမတ်တွေ တော်ရင်တော်သလို ရှော်ရင်ရှော်သလို တိုင်းပြည်ကအဖြေထွက်မှာပါ။

လွှတ်တော်ထဲမှာ ပြည်သူ့ဘက်ကရပ်တည်တဲ့ လွှတ်တော်အမတ်တွေ၊ ပြောရဲ ဆိုရဲ လုပ်ရဲ ကိုင်ရဲတဲ့ လွှတ်တော်အမတ်တွေ များများလိုပါတယ်။ ဒါမှ ခရီးအမြန်ရောက်မှာပါ။ လွှတ်တော်မင်းသားကြီးလို့ အမည်ထွက်တဲ့ သဃ်န်းကျွန်းအမတ် ဦးသိန်းညွန့်တို့လို ပုဂ္ဂိုလ်မျိုးတွေ များများလိုပါတယ်။ ဘယ်သူမဆို အမှားနဲ့မကင်းနိုင်ကြပါဘူး။ ဦးသိန်းညွန့်လည်း မှားမှာပါပဲ။ ထို့အတူ အန်တီစု၊ သမ္မတကြီးဦးသိန်းစိန်နဲ့ သူရဦးရွှေမန်းတို့လည်း ဘုရားမဟုတ်တော့ မှားကြမှာပါပဲ။ ဒါပေမဲ့ ငါ့အတွက်၊ ငါ့ပါတီအတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့မဟုတ်ဘဲ ငါ့တိုင်းပြည်အတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အမှားဖြစ်သွားမယ်ဆိုလည်း မှားသွားမှာကြောက်လို့ ဘာမှမပြောရဲ၊ မလုပ်ရဲတာထက်စာရင် အရှေ့မရောက်ပေမဲ့ တိုင်းပြည်နည်းနည်းတော့ လှုပ်နိုင်သေးတာပေါ့။

လွှတ်တော်ထဲက တပ်မတော်သားတွေကလည်း ဘာသားနဲ့မှထုဆစ်ထားကြတာ မဟုတ်ပါဘူး။ အသွေးအသားနဲ့ လူသားတွေပါ။ တိုင်းချစ်ပြည်ချစ်စိတ်နဲ့ တိုင်းပြည်အတွက်အသက်ပေးထားတဲ့ စွန့်လွှတ်စွန့်စားရဲတဲ့ သူတွေပါ။ တိုင်းပြည်ကောင်းဖို့ဆိုရင် စစ်မြေပြင်မဟုတ်တဲ့ လွှတ်တော်ရင်ပြင်မှာ အခြေခံဥပဒေပြင်ဆင်ဖို့ကို ခေါင်းမော့ရင်ကော့ပြီး လက်ခံရဲရမှာပါ။ တပ်မတော်ထဲမှာ ၈၈မျိုးဆက်တွေ၊ ၈၈ သွေးတွေလည်းရှိနေပါတယ်။ ဒီသွေးတွေက မရဲပါဘူးလို့ ဘယ်သူပြောနိုင်မှာပါလဲ။

ဒီမိုကရေစီတိုက်ပွဲဝင်ရင်း ထောင်ထဲမှာ ဘဝတွေရင့်ကျက်ခဲ့ရတဲ့၊ ထောင်ထဲမှာ ဘဝတွေပြန်လည်ပျိုးထောင်လေ့ကျင့်ခဲ့ရတဲ့ ဒီမိုကရေစီဘက်တော်သားစစ်စစ်တွေ လွှတ်တော်ထဲမှာများများရှိဖို့လိုပါတယ်။ ကျွန်မအထင်တော့ ပြီးခဲ့တဲ့ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ ၈၈ တွေက အန်တီစုကိုမဝန်းရံလည်း ပြည်သူတွေကဝန်းရံလို့ အန်တီစုကနိုင်မှာပါ။ အဲဒီရွေးကောက်ပွဲမှာသာ ၈၈က ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်လိုက်ရင် (ပြည်သူက အန်တီစုကို ဝန်းရံသလိုပဲ ၈၈ ကိုဝန်းရံမှာပါ) အခုလောက်ဆို လွှတ်တော်ထဲမှာ လွှတ်တော်မင်းသားကြီးတွေ အပြိုင်းအရိုင်းနဲ့ ပွဲကလှနေတော့မှာပါ။

ရှစ်လေးလုံးငွေရတုအထိမ်းအမှတ်အဖြစ် တီရှပ်၊ ပိုစတာနဲ့ အမှတ်တရပစ္စည်းများကို အနုပညာရှင်များက လက်မှတ်ရေးထိုး ရောင်းချတယ်ဆိုတော့ နည်းနည်းတော့လွဲသွားပြီလို့ ခံစားမိပါတယ်။ ဖြစ်သင့်တာက

ရှစ်လေးလုံးကို ဦးဆောင်ခဲ့သူတွေ၊ အရေးတော်ပုံကာလတစ်လျှောက် ထဲထဲဝင်ဝင် လှုပ်ရှားခဲ့သူတွေ၊ သုမနကျောမှာ ဒဏ်ရာအပြည့်တွေနဲ့ တိုင်းပြည်ရွှေအောင်ရွှေခဲ့တဲ့ သမိုင်းတွင်မယ့်သူတွေသာ လက်မှတ်ထိုးရမှာပါ။

တကယ်တော့ အခုခေတ်က ပြည်သူကို လှည့်တွက်လို့မရပါဘူး။ အခုခေတ်က ကျွန်မတို့ငယ်ငယ်တုန်းကလို မင်းသား၊ မင်းသမီးတွေကို ခရေဇီဖြစ်တဲ့ခေတ် မဟုတ်တော့ပါဘူး။ သူရဲကောင်းတွေကို ခရေဇီဖြစ်တဲ့ ခေတ်ပါ။ တိုင်းပြည်အတွက် ပြောရဲ ဆိုရဲ လုပ်ရဲ ကိုင်ရဲတဲ့ သူရဲကောင်း တွေကို ခရေဇီဖြစ်တဲ့ခေတ်ပါ။

အကောင်းမြင်သမားနဲ့ အဆိုးမြင်သမားတွေပြောကြသလို ဖန်ခွက်ထဲမှာ ရေတစ်ဝက်ပဲရှိတယ်လို့ ပြောပြော၊ ဖန်ခွက်ထဲမှာ ရေတစ်ဝက်ကြီးများတောင်လို့ပဲဆိုဆို ကိုမင်းကိုနိုင်ကပြောဖူးပါတယ်။ ငါးတွေအတွက်ကတော့ ရေက အသက်ပါပဲတဲ့။ ရေအလုံအလောက်ရဖို့ အရေးကြီးပါတယ်တဲ့။ ဖန်ခွက်ထဲမှာ ရေတစ်ဝက်ရှိနေခဲ့တာ ကြာပါပြီ။ ရေနည်းငါးတွေအတွက် ဖန်ခွက်ထဲမှာ ရေပြည့်သွားအောင် အမြန်ဖြည့်ဖို့ လွှတ်တော်ထဲမှာ သူရဲကောင်းတွေများများ လိုပါတယ်။

*7 Day , August 8, 2013.*

❁ ❁ ❁

## ဆင်းရဲခြင်းပြဿနာ

ကျွန်မတို့ကျောင်းသူဘဝက အစားအသောက် သောင်းကျန်းတဲ့သူ၊ အစားကြီးတဲ့သူကိုတွေ့ရင် အီသီယိုးပီးယားကလာတာလို့ အချင်းချင်း စကြ ပြောင်ကြတယ်။ အဲဒီအချိန်တုန်းက ကျွန်မတို့ နိုင်ငံကဆင်းရဲတဲ့ နိုင်ငံရယ်လို့ ကျွန်မတို့တစ်တွေ မသိကြဘူး။ အစိုးရကလည်း မကြေညာဘူး။ ကမ္ဘာက လည်း မသိဘူး။ သဘာဝသယံဇာတတွေ ပေါများကြွယ်ဝတဲ့နိုင်ငံမို့လို့ ဆင်းရဲတဲ့နိုင်ငံဖြစ်လိမ့်မယ်လို့ စိတ်ကူးထဲတောင် ထည့်မကြည့်မိပါဘူး။ ဒါကြောင့် ဆင်းရဲမွဲတေ အစာရေစာရှားပါးတဲ့အကြောင်း ခိုင်းနှိုင်းစရာရှိရင် အီသီယိုးပီးယားကိုပဲ တန်းမြင်ကြတာပါ။

အခုတော့ ကျွန်မတို့နိုင်ငံ ဆင်းရဲတာကို ကျွန်မတို့သိပြီ။ အစိုးရက လည်း တရားဝင်ကြေညာပြီ။ ကမ္ဘာကလည်းသိပြီ။ အဘက်ဘက်က ယိုယွင်း ပျက်စီးနေတဲ့ နိုင်ငံ၊ အဘက်ဘက်က လိုအပ်ချက်တွေရှိနေတဲ့ နိုင်ငံ၊ အဘက် ဘက်က နောက်ကျနေတဲ့ နိုင်ငံရယ်လို့ ဖြစ်တည်နေတဲ့ မြန်မာနိုင်ငံ။ သဘာဝ သယံဇာတတွေ ပေါများကြွယ်ဝခြင်းက တိုင်းပြည် တိုးတက်မှုနှောင့်နှေးရခြင်း၊ ဆင်းရဲခြင်းရဲ့ တရားခံလို့ ပြောကြတဲ့အဆိုကို လက်သင့်မခံချင်ပေမဲ့ ကျွန်မတို့ လက်ခံရပါပြီ။ သယံဇာတတွေ ပေါများလွန်းတော့ သယံဇာတအပေါ် မှီခိုလွန်း အားကြီးသွားကြတာ အခုထိကို တားမြစ်နေတဲ့ကြားထဲက ကျွန်းသစ်တွေ ခိုးထုတ်လို့ ကောင်းကြတုန်းပါပဲ။

အရာရာနောက်ကျနေတဲ့ ကျွန်မတို့နိုင်ငံကတော့ ကမ္ဘာမှာ စံတင် လောက်ပါတယ်။ သူများတွေ ဒီပလိုမေစီအကြောင်း ဆွေးနွေးနေချိန်မှာ ကျွန်မတို့တစ်တွေက ဒီမိုကရေစီကို မရသေးဘူး။ သူများတွေ နည်းပညာ

တွေကို ငြီးငွေ့ကုန်လို့၊ နည်းပညာတွေနဲ့ ကင်းဝေးအောင် ခဏတာထွက်ပြေး နေချိန်မှာ ကျွန်မတို့ပြည်သူတွေက ကွန်ပျူတာတစ်လုံးတောင် မဝယ်နိုင် သေးဘူး။ သူများတွေ မိုးပျံရထားတွေစီးနေချိန်မှာ ကျွန်မတို့ပြည်သူတွေက လူကိုလူချင်းစီးတဲ့ အနေးယာဉ်ကိုစီးနေကြတုန်း။ သူများတွေ ဆဲလ်ဖုန်းတွေ ကို နာရီကြာမြင့်စွာပြောရင် ရောဂါဖြစ်နိုင်ကြောင်း ဆော်ဩနေရတဲ့အချိန်မှာ ကျွန်မတို့ပြည်သူတွေက ဖုန်းပိုင်ဆိုင်ရဖို့အတွက် အသဲအသန်မဲနှိုက်နေကြ ရတုန်းပါ။

နောက်ကျခြင်းတွေကိုသာ ထိုင်ပြီး ပြောစတမ်းဆိုရင် တစ်ထောင့် တစ်ညပုံပြင်လို ဆုံးမှာမဟုတ်တော့ပါဘူး။ တိုင်းပြည်တိုးတက်အောင် လုပ်ကြ ရာမှာ အဓိကဇာတ်ကောင်တွေဖြစ်တဲ့ တိုင်းသူပြည်သားတွေ သက်ရှည်ကျန်း မာချမ်းသာပါမှလည်း ဖြစ်မှာပါ။ တိုင်းပြည်တိုးတက်ဖို့၊ သူများနဲ့ရင်ပေါင် တန်းဖို့ဆိုတာ အသာထား။ အရင်ဦးဆုံး တိုင်းသူပြည်သားတွေ ဆင်းရဲတွင်း ကလွတ်ကင်းအောင်၊ ဗလငါးတန်နဲ့ပြည့်စုံအောင် အစိုးရကလုပ်ပေးရမှာပါ။ သမ္မတကြီးက ဆင်းရဲမွဲတေမှုပပျောက်ရေးအဖွဲ့ ဖွဲ့ခဲ့ပေမဲ့ ပြည်သူပြည်သား တွေကတော့ ဆင်းရဲမြဲ ဆင်းရဲလျက်ပါပဲ။ တစ်နှစ်ထက်တစ်နှစ် ဆင်းရဲတွင်းက နက်သထက်နက်နေတာပါ။ ဆင်းရဲရတဲ့ကြားထဲ ရာသီဥတု ဆိုးရွားတဲ့ဒဏ် တွေကြောင့် ပြည်သူတွေမှာပိုပြီးခက်ခဲ ကျပ်တည်းကုန်ကြပါပြီ။ တစ်ဖက်က မိုးခေါင်လို့ လွန်ဆွဲပွဲတွေကျင်းပပြီးမိုးကိုခေါ်ကြလို့၊ တစ်ဖက်က မိုးရွာလွန်းလို့ လယ်တွေ၊ အိမ်တွေမြုပ်လို့ မိုးနတ်မင်းရဲ့ကျီစားပြက် ရယ်ပြုမှုလေလား၊ နိုပ်စက်ကလူပြုမှုလေလား မသိနိုင်အောင်ပါပဲ။

တိုင်းပြည်မှာ ပြည်သူအများစုက ဆင်းရဲကြတော့ အစိုးရကိုပဲပုံပြီး အားကိုးနေလို့ မရပါဘူး။ ဆင်းရဲခြင်းပြဿနာကို ဘယ်လိုတိုက်ဖျက်ကြ မလဲဆိုတာ စဉ်းစားရမှာပါ။ ကျွန်မအမြင်တော့ နာရေးကူညီမှုအသင်းတွေ လိုမျိုး ဆင်းရဲခြင်း ပပျောက်ရေးအသင်းအဖွဲ့ဆိုပြီး အဖွဲ့တွေများများ ဖွဲ့နိုင်ရင် အောင်မြင်မှာပါ။ အဲဒီအသင်းအဖွဲ့တွေက ရန်ပုံငွေတွေရှာပြီး တကယ်အလုပ် လုပ်မယ့်သူတွေ၊ တကယ်လိုအပ်နေတဲ့သူတွေကို ကူညီပေး၊ ဖြည့်ဆည်း ပေးမယ်ဆိုရင် ရပ်ကွက်တွေထဲမှာ ငွေတိုးချေးစားသူတွေ၊ အပေါင်ဆိုင်တွေ လက်ထဲကနေ သူတို့ဘဝတွေ လွတ်ကြမှာပါ။ စိတ်ကူးယဉ်ဆန်တယ်လို့ပဲ ဆိုဆို တစ်ချိန်ကျရင် အဲဒီစိတ်ကူးတွေက လက်တွေ့ဖြစ်မလာဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲနော်။

တစ်ချိန်က ထိုင်းနိုင်ငံမှာ ဝန်ကြီးချုပ်ဟောင်းသက်ဆင်ကို သဘောကျတဲ့ ပြည်သူတွေရှိခဲ့တယ်။ သူက လယ်သမားတွေကို ငွေထုတ်ပေးပြီး လယ်သမားဘဝကို မြှင့်တင်ပေးခဲ့တယ်။ လက်တွေ့ကျကျဖြေရှင်းပေးခဲ့ တယ်။ အခုထိ သူ့ကိုသဘောကျကြတဲ့ ပြည်သူတွေရှိနေသေးတယ်။

ကျွန်မတို့ဆီမှာ အင်န်ဂျီအိုအများစုက ဘုန်းတော်ကြီးပညာသင်ကျောင်းတွေ၊ ဝေးလံတဲ့ကျေးလက်ဒေသက နွမ်းပါးတဲ့စာသင်ကျောင်းတွေဆီ သွားပြီး ကူညီကြတယ်၊ လှူဒါန်းကြတယ်။ ကောင်းမွန်တဲ့လုပ်ရပ်၊ ကောင်းမွန်တဲ့ရည်ရွယ်ချက်ပါပဲ။ တိုင်းပြည်ရဲ့အနာဂတ်အတွက် ပညာရေးကလည်း အရေးကြီးပါတယ်။ ထို့အတူပဲ ပြည်သူတွေ ထမင်းဝဝစားရဖို့လည်း အရေးကြီးပါတယ်။ ခက်ခဲကျပ်တည်းနေကြတဲ့ ပြည်သူတွေရဲ့စားဝတ်နေရေး ပြဿနာတွေကို လျစ်လျူရှုလို့မရပါဘူး။ အနယ်နယ်အရပ်ရပ်မှာ ထမင်းဖြစ်ရုံ၊ ဟင်းဖြစ်ရုံနဲ့ အသက်ဆက်နေကြရတဲ့ ပြည်သူတွေအများကြီးပါ။ သူတို့တွေအတွက် ဖေးကူမယ့်လက်တွေလိုအပ်နေပါပြီ။

ဩဂုတ် ၈ ရက် 7 Day Daily မှာ ရွှေကြွေးကျန်များကို နိုင်ငံတော်က လျှော်ပေးရန် ကိုယ်စားလှယ်အချို့ တိုက်တွန်းကြောင်း လုပ်ငန်းရှင်များမှ သတ္တုတွင်းဝန်ကြီးဌာနသို့ ပေးသွင်းရန် ရွှေအကြွေးမှာ ၃၃၉ ပိဿာနှင့် ၃ ဒသမ ၂၂ ကျပ်သားရှိကြောင်း ဖတ်ရပါတယ်။ ရာသီဥတုဒဏ်ကြောင့် လယ်တွေရေမြုပ်ကုန်တဲ့ လယ်သမားတွေရဲ့ အကြွေးတွေလည်းလျှော်ပစ်ရင် ကောင်းမှာလို့ တွေးမိတုန်း သတင်းကိုဆက်ဖတ်တော့ ရာသီဥတုဖောက်ပြန်ခြင်းများကြောင့် နစ်နာဆုံးရှုံးရသော လယ်သမားများအတွက် စိုက်စရိတ်ချေးငွေကို ပြန်ဆပ်ကာလရွှေ့ဆိုင်းပေးရန် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီကတင်ပြရာ လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေအရ နှစ်ချင်းချေးငွေဖြစ်၍ ထိုကဲ့သို့ ရွှေ့ဆိုင်းပေးရန်မဖြစ်နိုင်ကြောင်း၊ အကယ်၍ကြီးမားသော သဘာဝဘေးနှင့် ထူးခြားဝိသေသများကြောင့် ပျက်စီးလျှင် ဒေသဆိုင်ရာ အစိုးရအဖွဲ့၏ထောက်ခံချက်ဖြင့် တင်ပြလာပါက ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လယ်ဆည်ဝန်ကြီးဌာနဒုဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားတဲ့။ သည်အတိုင်းဆိုလျှင်တော့ဖြင့် လယ်သမားတွေခမျာ ငွေတိုးချေးစားသူတွေလက်ထဲမှာ ရေမြုပ်စပါးတွေလို မြော့မြော့သာရှိတော့မှာကို မြင်ယောင်မိပါသေးတော့။

***Daily,***

# သတိအညာကိုင်တတ်သည်

နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်ဖြစ်ကြခြင်းရဲ့ အဓိကအကြောင်းတရားများက များသောအားဖြင့် နယ်မြေကျူးကျော်ချင်လို့၊ နယ်မြေသိမ်းပိုက်ချင်ကြလို့ပါ။ ဟိုးရှေးရှေးတုန်းက ကျွန်မတို့မြန်မာဘုရင်များဟာလည်း ကိုယ့်ရဲ့အင်ပါယာကိုချဲ့ထွင်ချင်တော့ ကိုယ့်ရဲ့အင်ပါယာကို ကျူးကျော်ခံရတော့ အိမ်နီးချင်းနိုင်ငံများနဲ့ စစ်ခင်းခဲ့ကြရတယ်။ ယိုးဒယား-မြန်မာစစ်ပွဲ၊ တရုတ်-မြန်မာစစ်ပွဲတွေဆိုတာ မြန်မာ့သမိုင်းမှာရှိခဲ့ကြတယ်။

ဒီဘက်ခေတ်မှာတော့ စစ်ပွဲဆိုရင် ကျွန်မတို့ ကြုံတွေ့ခံစားကြရတာက ပြည်တွင်းစစ်ပါပဲ။ နှစ်ပေါင်းငါးဆယ်ကျော်ရှည်လျားစွာ ဖြစ်နေခဲ့တဲ့ ပြည်တွင်းစစ်ကိုအားလုံးက အသိရှိရှိနဲ့ငြိမ်းချမ်းရေးရအောင် ကြိုးပမ်းနေကြတဲ့ အချိန်မှာ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေက မကြာခဏဆိုသလိုဖြစ်ပေါ်နေလေတော့ ပြည်သူတွေမှာ မထိတ်သာ မလန့်သာ စိုးတထိတ်ထိတ်နဲ့ အနာဂတ်အရေးကြိုတွေးပြီး ပူပန်နေကြရပြန်ပါပြီ။

အခုဖြစ်နေကြတဲ့ ပဋိပက္ခတွေကလည်း စစ်ပွဲလိုပါပဲ။ စစ်မြေပြင်က စစ်ပွဲကတော့ ရန်သူကိုပေါ်ပေါ်ထင်ထင် မြင်ရတယ်။ စစ်ကြေညာပြီး တိုက်ကြတာဆိုတော့ ကြိုတင်ကာကွယ်မှုတွေ၊ ပြင်ဆင်မှုတွေလုပ်လို့ရတယ်။ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခစစ်ပွဲကတော့ ဆရာဝင်းဇော်လတ် ပြောသလို မြေမြှုပ်ဗုံးလိုပါပဲ။ ဘယ်အချိန်၊ ဘယ်ဒေသမှာပေါက်ကွဲမလဲ မသိတဲ့ မိုင်းဗုံးတွေဆိုတော့ ကာကွယ်တားဆီးဖို့ရာ ခက်ခဲလှပါတယ်။

အစိုးရသစ်လက်ထက်မှာ ပြည်သူတွေက နိုင်ငံရေးအသိအမြင်ရေချိန်မြင့်ပြီး နား၊ မျက်စိတွေ အစွမ်းကုန်ဖွင့်ထားချိန်၊ အစိုးရသစ်နဲ့ လွှတ်တော်

နိုင်ငံရေးကို သတိကြီးကြီးနဲ့ စောင့်ကြည့်နေချိန်၊ နိုင်ငံရေးအင်အားစုတို့နဲ့ အစိုးရသစ်တို့အပြန်အလှန် ယုံကြည်မှုတည်ဆောက်နေချိန်၊ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေကြချိန်မှာ ခြေလှမ်းတွေနှေးကွေးသွားစေမယ့်၊ ခြေလှမ်းတွေ ရှေ့မရောက်နိုင်ဖို့ ဟန့်တားစေမယ့်မငြိမ်မသက်မှုတွေက ဟိုနေရာ ဒီနေရာကဖြစ်ပေါ်နေကြတာ တမင်ဖန်တီးမှုတွေဆိုတာ သိကြပေမဲ့ စိတ်မသက်မသာဖြစ်ရတာကတော့ အမျိုးသမီးတွေကို ပစ်မှတ်ထားကြတာပါပဲ။ အမျိုးသမီးတွေနဲ့ ထောင်ချောက်ဆင်ကြပြီး ပဋိပက္ခဖြစ်အောင် ဖန်တီးကြတာကိုပါပဲ။

ရခိုင်ပဋိပက္ခ၊ လားရှိုး၊ ထန်းကုန်းရွာဖြစ်စဉ်တွေမှာ အမျိုးသမီးတွေကို ပစ်မှတ်ထားကြတာ ဘာကြောင့်များ အမျိုးသမီးတွေကို ပစ်မှတ်ထားသလဲဆိုတာ စဉ်းစားကြည့်တော့ အဖြေက ရှင်းရှင်းလေးပါ။ အမျိုးသားတွေနဲ့ ရန်ဖြစ်ချင်လို့ပါ။

ရန်ဖြစ်တယ်ဆိုတာ တစ်ဦးတည်း တစ်ဖက်တည်းနဲ့ ရန်ဖြစ်လို့မရပါဘူး။ နှစ်ဦးနှစ်ဖက်ပါဝင်ပတ်သက်မှ ရန်ပွဲအထမြောက်တာပါ။ တစ်ဦးက တုတ်ဆွဲရင် တစ်ဖက်က ဓားဆွဲပါမှ ရန်ပွဲဖြစ်မြောက်မှာပါ။ ဒီတော့ တစ်ဖက်က တုတ်ဆွဲချင်တော့ အခြားတစ်ဖက်ကို ဓားဆွဲအောင် လှုံ့ဆော်ရမှာပေါ့။ တစ်ဖက်က သွေးအေးနေတာကိုသွေးပူအောင်၊ သွေးကြွအောင်နှိုးဆွရာမှာ လက်နက်အဖြစ် အမျိုးသမီးတွေကိုအသုံးချလာတာပါပဲ။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ရှိနေတဲ့ အမျိုးသားတွေကို တုတ်တစ်ပြက် ဓားတစ်ပြက်ဖြစ်လာအောင် အမျိုးသမီးတွေနဲ့ထောင်ချောက်ဆင်လိုက်တာပါ။

ကမ္ဘာမှာ Lady First ဆိုတဲ့ စကားရှိသလိုပဲ ကျွန်မတို့မြန်မာလူမျိုးတွေကလည်း ဟိုးရှေးပဝေသဏီကတည်းက အမျိုးသမီးတွေကို ဦးစားပေးတတ်ကြတာပါ။ အားနွဲ့တဲ့ မိန်းမသားတွေဆိုပြီး ညှာတာကြ၊ သနားကြင်နာကြသူတွေပါ။ အမေအရွယ်၊ အဘွားအရွယ်ကို ကိုယ့်အစ်မ၊ ကိုယ့်အဘွားလို၊ နှမအရွယ်၊ အစ်မအရွယ်တွေကို ကိုယ့်နှမ၊ ကိုယ့်အမလို နှမသားချင်း စာနာစိတ်ထားခဲ့ကြသူတွေပါ။ မိန်းကလေး တစ်ယောက်ကို မကျေနပ်ခဲ့ရင် ရန်ဖြစ်ချင်ရင်တောင် မိန်းကလေးမို့လို့ဆိုတဲ့ အသိနဲ့ဒေါသကို ဖြေသိမ့်တတ်ကြပါတယ်။ မယားထိ ဓားကြည့်၊ နှမထိဓားကြည့်ဆိုတဲ့ ဗမာလူမျိုးတွေက တခြားကိစ္စမတော်မတရားလုပ်တာတွေကို မတတ်သာလို့ သည်းခံချင် သည်းခံနိုင်မယ်။ မိန်းကလေးတွေနဲ့ပတ်သက်လာရင် သည်းမခံ

နိုင်လောက်အောင် အကဲဆတ်ကြတာပါ။ ဒါကလည်း အားနွဲ့တဲ့မိန်းမသားကို ကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့အသိ၊ အနိုင်မကျင့်သင့်ဘူးဆိုတဲ့ အသိက ယောကျ်ားသားတွေရဲ့ နှလုံးအိမ်မှာ ဘယ်သူကမှ ရိုက်မသွင်းဘဲနဲ့တည်ရှိနေတဲ့ စိတ်အခံပါ။ စိတ်အညာပါ။ ဒီစိတ်အညာကို ရန်ဖြစ်ချင်တဲ့သူက ကိုင်လှုပ် လိုက်တာပါပဲ။

တကယ်တော့ မြန်မာလူမျိုးတွေဟာ ယဉ်ကျေးသိမ်မွေ့တဲ့လူမျိုးပါ။ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားစိတ်ထားပြီး ဂါရဝ တရားရှိကြသူတွေပါ။ ဆူပူမှုဖြစ်ခဲ့ကြတဲ့ သာဓကတွေမှာလည်း မင်းမဲ့စရိုက် ဆန်ဆန် တုတ်၊ ဓားတွေနဲ့ အိမ်တွေဖျက်ကြ၊ မီးရှို့ကြတာ တော်ရုံတန်ရုံ သွေးမဆူဘဲနဲ့တော့ ဖြစ်စရာမရှိပါဘူး။ နောက်ထပ်လည်း ပွဲဆူစေချင်တဲ့ သူတွေကတော့ သွေးဆူအောင်ဖန်တီးကြဦးမှာပါပဲ။ ပွဲဖျက်ချင်ကြတဲ့သူတွေ ကတော့ ပွဲပျက်အောင်ထပ်ဖျက်ကြဦးမှာပါပဲ။

အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ကြမယ့် အမျိုး ကောင်းသားတို့အနေနဲ့ အမျိုးသားအလံကို လွှင့်ထူနေရုံနဲ့၊ သာသနာ့အလံကို လွှင့်ထူနေရုံနဲ့ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်ရာ မရောက်သေး ဘဲ အမျိုးဘာသာ သာသနာ့ဂုဏ်ကို ညစ်နွမ်းစေမယ့်၊ ယုတ်လျော့စေမယ့် အပြုအမူစရိုက်မျိုးတွေကို ရှောင်ကြဉ်ကြရမှာပါ။ မလိုလားအပ်တဲ့(တစ်ဖက်က လိုလားတဲ့)မင်းမဲ့စရိုက်ဆန်ဆန်တွေကို မပြုလုပ်ကြဘဲ သတိကြီးစွာနဲ့ အညာကိုင်နေသူများကို ဖော်ထုတ်နိုင်ဖို့ကြိုးစားကြရမှာဖြစ်ပါတယ်။ အမျိုး ကောင်းသားများ သတိရှိကြပါ။

*7 Day , September 8, 2013.*

# ခြင်တစ်ကောင်အတွက် သေဒဏ်

သတင်းတွေထဲမှာ မဖတ်ချင်ဆုံးသတင်းက ရက်ခြားဆိုသလို ဖတ်နေရတဲ့ မုဒိမ်းမှုတွေပါ။ အနုယ်နယ်အရပ်ရပ်က မုဒိမ်းမှုသတင်းတွေ ဖတ်တိုင်း လက်သည်းဆိတ်တော့ လက်ထိပ်နှာသလို ကျွန်မဒေါသက ငယ်ထိပ် တက်ဆောင့်တော့တာပါပဲ။ ကလေးသူငယ် မုဒိမ်းမှုဆိုရင်တော့ ရင်ထဲ အသည်းထဲကို ကျွဲဝင်ခတ်သွားသလို နာကျင်ခံစားရပါတော့တယ်။

အရင်နှစ်တွေထက်စာရင် ဒီနှစ်မှာ မုဒိမ်းမှုတွေက ပိုပြီးများလာ သလားပဲ။ ရက်ခြားဆိုသလို သတင်းစာတွေမှာ နိုင်ငံရေးသတင်းတွေနဲ့အပြိုင် မုဒိမ်းမှုတွေက နေရာယူထားလေတော့ ဒီအကြောင်းတွေမပြောချင်၊ မရေးချင် ပေမဲ့ ရက်ရက်စက်စက် ပက်ပက်စက်စက်ဖြစ်အင်တွေက နှလုံးသားကို လာပြီး တွန်းတိုက် ရိုက်ခတ်ကြလေတော့ ကျွန်မ မနေသာတော့။

ယဉ်ကျေးလှပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းကြီးမှာ မြင့်မြတ်တဲ့ဘဝကို ရကြပါတယ်ဆိုတဲ့ ပုရိသကြီးကြီးရွယ်ရွယ်တွေက အားနွဲ့တဲ့မိန်းမသား ကြီးကြီး၊ ငယ်ငယ်တွေကို စိတ်ရှိတိုင်း ရိုင်းနေကြတဲ့အဖြစ်။ အသက် ၅ နှစ်ကနေ ၈၀ ကျော်အထိ အမျိုးသမီးတွေရဲ့ ဘဝလုံခြုံမှုကို စိတ်ခေါ်နေ ကြပြီ။

ချဉ်ပေါင်ရွက်ကလေးခူးတာ ဘဝပေးလိုက်ရသတဲ့။ ဆန်ပေးမယ် ဆိုလို့ ဖခင်ကယုံကြည်ပြီး သမီးကိုလိုက်သွားခိုင်းလိုက်တာ ရလာပါတယ် ဆန်နှစ်ပြည်။ ပေးလိုက်ရတာက အပျိုစင်ဘဝ။ အိမ်ဘေးနားက စာသင်တဲ့ ဆရာက ၇ နှစ်အရွယ်လေးကို စာသင်ရင်း သားမယားအဖြစ် ကြံစည်တော့ ကလေးက ထုံအအကလေး မဟုတ်လို့သာပေါ့။ နို့မို့ဆို ကိုယ်ကျိုးနည်းတော့

မှာ။ မိန်းကလေးတွေကို ကြက်ကလေး၊ ငှက်ကလေးတွေလိုများ သဘော ထားကြလေတော့သလား။ တဏှာရူးတွေရဲ့ ဆင်ခြင်မဲ့လုပ်ရပ်ကကြောက် စရာ၊ ရွံစရာ လူသားကမ္ဘာကြီးကို ဖန်တီးနေကြသလိုပါပဲ။

အခုတောင် ဒီလိုဖြစ်နေရင် နောက် ၁၀နှစ်၊ ၁၅နှစ်အကြာမှာ ကျွန်မတို့ လူ့အဖွဲ့အစည်းက ဒီထက်ပိုပြီး ဆိုးရွားနေကြမလားပဲ။ ဒီထက်ပိုပြီး ဆိုးရွားမလား၊ ဒီထက်ပိုပြီး တော်လာမလားဆိုတာ မခန့်မှန်းနိုင်ပေမဲ့ ဒီထက် ပိုပြီး တော်လာတဲ့လူ့အဖွဲ့အစည်းဖြစ်ဖို့က အခုလက်ရှိမျိုးဆက်တွေရဲ့တာဝန်ပါ။ ကလေးတွေတက်နေကြတဲ့ ယဉ်ကျေးလိမ္မာသင်တန်းတွေကို လူကြီးတွေပါ တက်ခိုင်းရမလိုပါပဲ။ အသက် ၁၈ နှစ်ပြည့်ရင် လူကြီးဖြစ်ပြီ ဆိုတော့ လူကြီးလိမ္မာသင်တန်းဆိုပြီးတော့ပေါ့။ လောကနီတိတွေ၊ ၃၈ဖြာ မင်္ဂလာ တွေကို ပြန်သင်ပေးပြီး စိတ်ဓာတ်တွေပြုပြင်ပေးရမလို ဖြစ်နေပြီ။

ငယ်ငယ်က မုဒိမ်းကောင်ကို မြင်ဖူးတာက ရုပ်ရှင်ထဲမှာပါ။ အကယ် ဒမီ မင်းသားကြီး ဦးကျော်လုံးပေါ့။ ရုပ်ရှင်ထဲမှာတော့ သူကအမြဲလိုလို ဗီလိန်သမား၊ စားနေကျကြောင်ဖား။ သူ့ရဲ့ သရုပ်ဆောင်ချက်ကပဲ ပီပြင်လွန်း တာလား၊ သူ့ရုပ်သွင်ပြင်ကပဲ ဗီလိန်ရုပ်ပေါက်နေတာလားတော့ မသိပေမဲ့ သူ့ကိုမြင်တာနဲ့ ကျွန်မတို့ကလေးတွေ ရွံမုန်းကြတာတော့အမှန်ပဲ။ နောက် တော့ အံ့ကျော်ခေတ်။ အကယ်ဒမီအံ့ကျော်ကလည်း မိုက်မယ်၊ ကြမ်းမယ်၊ ရမ်းမယ်ဆိုတဲ့ လူကြမ်းရုပ်၊ ဗီလိန်ရုပ်ကို အပီအပြင် သရုပ်ဆောင်နိုင်တာပါ။ ရုပ်ရှင်ထဲမှာ ဦးကျော်လုံး၊ အံ့ကျော်တို့က အရွယ်ရောက်ပြီး မိန်းမသား တွေကိုပဲ ခြေတော်တင်ကြတာ (ပစ်မှတ်ထားကြတာ)။

ဟိုတလောတုန်းကတော့ ရန်ကုန်တိုင်းအတွင်း ဖမ်းမိတဲ့ ညစ်ညမ်းခွေ တွေကို လမ်းကြိတ်စက်နဲ့ကြိတ်ပြီး ဖျက်ဆီးပစ်လိုက်တယ်ဆိုတဲ့ သတင်း ဖတ်ရတယ်။ ဒီအခွေတွေက လူထုကြားထဲကို ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိ နေခဲ့တာ ကြာပါပြီ။ အပြီးတိုင်ချေမှုန်းသုတ်သင်နိုင်ဖို့ကတော့ အခုလို အိုင်တီ ခေတ်ကြီးမှာ မဖြစ်နိုင်တော့ပါဘူး။ ဒီအခွေတွေက မုဒိမ်းမှုဖြစ်စေတဲ့ စေ့ဆော် ချက်တွေဖြစ်ပေမဲ့ ဒီအကြောင်းတရားတစ်ခုတည်းနဲ့တော့ ပြောလို့မရဘဲ လူတစ်ဦးချင်းစီရဲ့ကျင့်ဝတ်၊ စိတ်ထားတွေနဲ့လည်း သက်ဆိုင်တာပါပဲ။

လွန်ကြူးခြင်းသည် ဘယ်အရာမှ ကောင်းရိုးထုံးစံမရှိဆိုတော့ အစား ကြူး၊ အအိပ်ကြူး၊ တဏှာကြူး၊ အာဏာကြူး ဘယ်အရာမှ မကောင်း။ မိုက်မဲသော သူတို့သာပြုမူကြခြင်းပါ။ လူမိုက်တွေကို မပေါင်းဘဲရှောင်ရမှာ

ဖြစ်ပေမဲ့ တဏှာကြူးဖြစ်တဲ့ လူမိုက်ကိုတော့ ရှောင်နေရုံ၊ ကင်းကင်းနေရုံနဲ့မရဘဲ အပြီးတိုင် သုတ်သင်ရှင်းလင်းပစ်ရမှာပါ။

လူဖြစ်ပြီး မိုက်မဲတဲ့ မုဒိမ်းကောင်တွေကို ဘာနဲ့နိုင်းနှိုင်းရမလဲလို့ စဉ်းစားကြည့်တော့ ခြင်တွေကို မျက်စိထဲပြေးမြင်မိပါတယ်။ 'ခြင်'ဆိုတဲ့ သတ္တဝါက ကိုယ်ကအရင်တွေ့ရင် ဦးအောင်ဆော်ရင်ဆော်၊ မဆော်လို့ကတော့ သူက ကိုယ့်ကို ကိုက်တော့မှာ။ သနားပါတယ်ဆိုပြီး လက်ကလေးနဲ့အသာပုတ်ထုတ်လိုက်ရင် တစ်ယောက်ပြီးတစ်ယောက် သူကပြောင်းကိုက်တော့မှာ။ ဒါကြောင့် ခြင်တစ်ကောင်အတွက် သူနဲ့ထိုက်တန်တာကတော့ သေဒဏ်ပဲ။

အိန္ဒိယနိုင်ငံ၊ ဘတ်စ်ကားပေါ်မှာ ဆေးကျောင်းသူကို မုဒိမ်းကျင့်တဲ့ သူလေးဦးကို အပြစ်ပေးလိုက်တာ သေဒဏ်။ အမေရိကန်မှာ မိန်းကလေးသုံးဦးကို ဆယ်နှစ်ကျော်ကြာ နေအိမ်တွင် ဖမ်းဆီးချုပ်နှောင်ထားပြီး သားမယားအဖြစ် ပြုကျင့်၊ ရိုက်နှက်သူကို ပြစ်ဒဏ်ပေးလိုက်တာလည်းသေဒဏ်ပဲ။

ဒါကြောင့် လူ့အဖွဲ့အစည်းအတွင်းထဲက 'ခြင်'လို လူတွေကိုအပြစ်ပေးဖို့ ထိုက်တန်တာကတော့ သေဒဏ်ပဲလို့ဆိုရင် နည်းနည်းမှမလွန်လောက်ပါဘူးနော်။

*7 Day , September 25, 2013.*

# ဖခင်ဗိုလ်ချုပ်ငိုမယ့်ဇာတ်

'ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ'ဆိုတဲ့ စကားကို ငယ်ငယ်က အဘိုး၊ အဘွားတွေပြောကြတာ ကြားဖူးခဲ့တယ်။ ဟိုးရှေးရှေး ခေတ်က အစားအစာပေါများကြွယ်ဝမှုတွေကို တင်စားပြီးပြောကြပုံပါ။ ဒါကြောင့် လည်း အဲဒီခေတ်က သူခိုး၊ သူဝှက်၊ လူလိမ်တွေဆိုတာရှားမှရှားပဲ။ 'ကလိမ်ကကျစ်'ဆိုတဲ့ စကားတောင် အဲဒီခေတ်က ပြည်သူတွေ မကြားဖူး ကြသေးဖူး ထင်ပါရဲ့။

ကျွန်မတို့ဆီမှာ အပေါများဆုံးအရာကို ပြောပါဆိုရင် မြေတွေပါလို့ ကျွန်မကတော့ မဆိုင်းမတွချက်ချင်းဖြေမှာပါ။ မြန်မာပြည်တစ်လွှားမှာ ပေါများလိုက်တဲ့မြေတွေဟာ မိုးမဆုံး၊ မြေမဆုံးကျယ်ဝန်းလှပါတယ်။ စိုက်ခင်း တွေ၊ မြေလွတ်မြေရိုင်းတွေနဲ့ တောင်တန်း၊ တောင်စွယ်၊ တောင်ကြားမြေ တွေအပြင် သဘာဝအတိုင်း ပေါက်ရောက်နေကြတဲ့ တောတွေဆိုတာလည်း ရှိကြသေး။ ချိုင့်ဝှမ်းတွေ၊ လွင်ပြင်တွေ၊ ကုန်းမြေမြင့်တွေဆိုတာ သဘာဝ အတိုင်း လှပနေကြတာပါ။

ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက ပြည်နယ်နဲ့တိုင်းအနှံ့မှာရှိတဲ့ လွင်ပြင်တွေ၊ မြေလွတ်မြေရိုင်းတွေကို အသုံးမချနိုင်ကြတော့ လမ်းပန်းဆက် သွယ်ရေး ခက်ခဲကြတော့၊ လုပ်ငန်းလုပ်ကွက် မရှိကြတော့၊ လျှပ်စစ်မီးလုံ လောက်မှုမရှိကြတော့၊ အနယ်နယ်အရပ်ရပ်က ပြည်သူတွေ၊ တိုင်းရင်းသား တွေက အလုပ်အကိုင်အခွင့်အလမ်းရှိရာ၊ ဖွံ့ဖြိုးမှုရှိရာ၊ ဈေးကွက်ရှိရာ၊ ရေ ကြည်ရာ မြက်နုရာ ရန်ကုန်လို၊ မန္တလေးလို မြို့ပြမှာ ဝမ်းစာအတွက် ပြောင်းရွှေ့ နေထိုင်လာကြရတော့ ရန်ကုန်မြေဈေး၊ မန္တလေးမြေဈေးတွေက ခေါင်လိုက်လို့၊

လှိုင်သာယာ စက်မှုဇုန် မြေဈေးတွေကို ကြားရတာ သွေးတက်သွားစေနိုင်တာ အမှန်ပါ။

တကယ်တော့ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်ထဲမှာသာ စက်မှုဇုန်တွေ ရှိကြရင်၊ လုပ်ငန်းလုပ်ကွက်တွေရှိခဲ့ရင် ဘယ်သူကမှ ကိုယ့်ဒေသကိုစွန့်ခွာပြီး သွားကြတော့မှာ မဟုတ်ပါဘူး။ ဘယ်သူမဆို ကိုယ့်ဒေသကို ချစ်ကြတဲ့ သံယောဇဉ်ရှိကြတဲ့ သူတွေချည်းပဲလေ၊ မလွှဲသာလို့သာ ရန်ကုန်ကို၊ မန္တလေးကို၊ မလေးရှားကို၊ စင်ကာပူကိုအလုပ်သွားလုပ်နေကြရတာ။ ကိုယ့် ဒေသမှာ မလေးရှားလို ကုန်ချောစက်ရုံတွေရှိကြည့်ပါလား။ မလေးရှားကို စင်ကာပူကို အလကားပေးတောင် သွားနေကြမှာမဟုတ်ဘူး။

အခုတော့ အင်မတန်ပေါများလှတဲ့ ကျွန်မတို့ရဲ့ မြေကြီးတန်ဖိုးဟာ နေရာဒေသကိုလိုက်ပြီး တစ်ဖက်စောင်းနင်းကြီးကို ဖြစ်လို့။ ဖွံ့ဖြိုးမှုမရှိ၊ လုပ်ငန်းမရှိ၊ ဈေးကွက်မရှိတဲ့နေရာဒေသတွေမှာ မြေဈေးက တန်ဖိုးမရှိ။ စီးပွားရေးဖွံ့ဖြိုးတဲ့ ရန်ကုန်၊ မန္တလေးမြေဈေးတွေကတော့ မိုးထိလုမတတ် မြင့်တက်နေလိုက်တာ လိုက်လို့မမီဖြစ်နေရပြီ။

'ဘဝတွေ မတိုးတက်ချင်လည်းနေပါစေတော့၊ နွားအေးပါးအေးနဲ့ ထမင်းကြမ်းလေးပဲ ယပ်ခတ်စားမယ်' ဆိုတဲ့ ကျေးလက်က ဦးကြီးတွေက တော့ ဖြစ်သလိုနေ၊ ဖြစ်သလိုစားနေကြ၊ မိုးခေါင်တဲ့အရပ်က လမ်းပန်း သွားလာရေး ခက်ခဲတဲ့နေရာဒေသတွေမှာတော့ ရေငန်သောက်၊ မြက်ခြောက် စားဆိုသလို ဘဝတွေချို့တဲ့ကြပေါ့။ ဘဝတိုးတက်ချင်ကြတဲ့လူငယ်၊ လူရွယ် တွေကျတော့ မြို့ကြီးပြကြီးထက် နိုင်ငံခြားထွက်ကြတော့ ကျေးလက်မှာ ရွာတွေမှာ လူကြီးနဲ့ကလေးတွေသာအများစု ကျန်ရစ်ခဲ့ကြတယ်။ ဒီတော့ လယ်လုပ်ဖို့ အလုပ်သမားရှာရတာ၊ သူရင်းငှားရှာရတာ အတော်ခက်ကုန်ကြ ပြီ။ တချို့လယ်ပိုင်ရှင်သက်ကြီးဝါကြီးတွေ၊ သူရင်းငှားရှာမရလို့ ကိုယ့် ဘာသာလယ်ထဲဆင်းနေကြရပြီ။

ကဝ နယ်ဘက်က ကျွန်မရဲ့ ဘကြီးတစ်ယောက် ရန်ကုန်ကိုကိစ္စနဲ့ လာတော့ ရွာမှာလူငယ်တွေမရှိတော့ကြောင်း၊ လူငှားရှာရတာခက်ကြောင်း၊ သူကိုယ်တိုင်လယ်ထဲဆင်းနေရကြောင်း ပြောပြပါတယ်။ ကျွန်မရဲ့ဘကြီးက အသက် ၈၅ နှစ်ရှိပါပြီ။ ကျန်းမာရေးကောင်းပြီး ခါးတစ်ချက်မကိုင်းသေး ပေမယ့် လူငယ်တွေလိုတော့ မစွမ်းနိုင်တော့ဘူးပေါ့။ လူငယ်တွေကလည်း တစ်နေ့ကုန်လယ်ထဲဆင်းလို့ လုပ်ခက ၂၀၀၀ လောက်ပဲရတာ။ ထမင်းတစ်

နပ်ကျွေးပေမယ့် မလုပ်နိုင်ကြတော့ဘူး။ စက်မှုဇုန်တွေမှာ အလုပ်ဆင်းရင် လခ ခုနစ်သောင်း၊ ရှစ်သောင်းနဲ့ အချိန်ပိုဆင်းရရင် တစ်သိန်းလောက်ရကြတာကိုး။ ဘယ်လယ်ထဲဆင်းချင်ကြတော့မလဲ။ ကျွန်မက ဘကြီးကိုလယ်တွေ ရောင်းလိုက်ပြီး မြို့တက်ခဲ့ပါလားလို့ ပြောတော့ ဘကြီးက 'ဝယ်မယ့်သူမရှိဘူး။ ဘယ်သူမှ လယ်ကိုတိုးချဲ့ပြီး မလုပ်ချင်ကြတော့ဘူး။ ရှိတဲ့လယ်လေးတွေကိုပဲ မှေးပြီးလုပ်ကိုင်နေကြတော့တာ။ လယ်က အကျိုးအမြတ်သိပ်မှမရှိတော့တာ။ လယ်သမားတွေ မဟာန်တော့ပါဘူး'တဲ့လေ။ ကြာလာရင် ဆန်ရေစပါးပေါများတဲ့ ကျွန်မတို့ပြည်က ဆန်ကိုပြည်ပကနေ ဝယ်စားရမယ့်ကိန်းဆိုက်လာ မလာ မသိနိုင်ဘူး။ ခုတောင် ဈေးကွက်ထဲမှာ ထိုင်းဆန်တွေ ရောက်နေကြပြီ။

တချို့ကတော့ ကျွန်မတို့နိုင်ငံကို စမူဆာပုံသဏ္ဍာန်နဲ့ လှပတဲ့နိုင်ငံတဲ့။ ကျွန်မကတော့ အပျိုမတစ်ယောက် ခေါင်းမော့၊ ခါးထောက်ပြီး ခြေတစ်ဖက်တည်းနဲ့ ရပ်နေတဲ့ဟန်လို့ မြန်မာပြည်မြေပုံကို တင်စားချင်ပါတယ်။ ကျွန်မတို့ရဲ့ မြန်မာပြည်မြေပုံကို ပုံစံမပျက် ဆက်လက်တည်ရှိနိုင်အောင် ဗမာ့ကာကွယ်ရေးတပ်မတော်က အသက်သွေးချွေးတွေ စတေးပြီးရယူပေးခဲ့ကြတာ။ ဘယ်နယ်ချဲ့ကိုမှ ကိုယ့်မြေကို တစ်လက်မမျှ ကျူးကျော်မခံဘူးဆိုတဲ့စိတ်နဲ့ တိုင်းတစ်ပါးသားရဲ့ ကျူးကျော်နယ်ချဲ့မှုကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ကြတာ။ သမိုင်းမှာမြင့်မြတ်တဲ့ မော်ကွန်းဝင်တွေအဖြစ် မော်ကွန်းထိုးနိုင်ခဲ့ကြတယ်။ တပ်မတော်စစ်သီချင်းတွေက ဇာတိသွေး၊ ဇာတိမာန်ကို တက်ကြွရှင်သန်စေခဲ့ကြတယ်။

သူ့ကျွန်မခံလိုတဲ့စိတ်နဲ့ ကိုယ့်မြေကို တစ်လက်မမှ တိုင်းတစ်ပါးရဲ့ အထိပါးမခံနိုင်ဘူးဆိုတဲ့ အဖဗိုလ်ချုပ်တည်ထောင်ထားခဲ့တဲ့ တပ်မတော်ကြီးက အခုတော့ ကိုယ့်ပြည်သူတွေရဲ့ မြေတွေကို အလကားပဲတင်းတစ်မျိုး၊ မစို့မပို့လျော်ကြေးပေးလို့ တစ်သွယ်နဲ့ သိမ်းထားလိုက်ကြတာ။ မြန်ပြည်တစ်လွှားမှာ မြင်မကောင်း၊ ရှုမကောင်း၊ ကျော်မကောင်း၊ ကြားမကောင်းတွေပါ။ ပြည်သူတွေကလည်း အစိုးရသစ်လက်ထက်ကျမှ ပြောရဲ၊ ဆိုရဲထုတ်ဖော်ဝံ့ကြလို့သာ အများပြည်သူတွေ သိရှိခွင့်ရကြတာလေ။ အရင်က ကျူးကျော်နယ်ချဲ့ဆိုရင် မျက်နှာဖြူအင်္ဂလိပ်ကိုလိုနီကိုပဲ ပြေးမြင်မိကြတယ်။

အခုမှ ပြည်သူတွေ နှစ်စဉ်ပန်းကုံးတွေစွပ်ပေးနေတဲ့ စစ်သည်ဇာနည်ဘွားတွေဆိုတာ သိရတော့တာပဲ။ မြေသိမ်းခံပြည်သူတွေကလည်း ပုဒ်မ

၁၈ နဲ့ တရားစွဲ၊ ဖမ်းဆီး ချုပ်နှောင်မယ်ဆိုတာ သိသိကြီးနဲ့ ဆန္ဒပြနေကြတာပဲ။

တချို့တချို့သောသူတွေက ပြောကြပါတယ်။ ကျွန်မတို့ တိုင်းပြည်က နေလို့မကောင်းတော့တဲ့တိုင်းပြည်တဲ့။ ခြင်ကိုက်တဲ့တိုင်းပြည်တဲ့။ ဖုန်ပေါ။ ဖုတ်ထူတဲ့ တိုင်းပြည်တဲ့။ ဖုန်မှုန့်တွေ ရှူရလို့ ချောင်းဆိုးရင်ကျပ်ရတယ်တဲ့။ ပြည်သူတွေကလည်း ဒီမိုကရေစီနဲ့ မတန်သေးဘူးတဲ့။

ဘယ်သူတွေ ဘယ်လိုပြောပြော ကျွန်မကတော့ နေလို့မကောင်းတော့ဘူးဆိုတဲ့ တိုင်းပြည်၊ ခြင်ကိုက်တဲ့ တိုင်းပြည်၊ ဖုန်ပေါတဲ့ တိုင်းပြည်၊ ဒီမိုကရေစီနဲ့ မတန်ကြသေးဘူးဆိုတဲ့ တိုင်းပြည်ကိုပဲ ချစ်ခင်စွာ ဖက်တွယ်ပြီး အသက်ရှင်နေထိုင်သွားမှာပါ။ ဒါပေမဲ့ သေရင်တော့ ရေဝေးသုသာန်မှာ ကျွန်မအတွက် မြေကြီးက သေချာပေါ့မလားမသိဘူးနော်။

*7 Day, December, 10, 2013.*

● ● ●

## ဆံပင်ဖြူတော်လှန်ရေး

ကျွန်မတို့နိုင်ငံရဲ့ ဒီမိုကရေစီဇာတ်လမ်းက ဇာတ်ကောင်အမျိုးမျိုးနဲ့ ဇာတ်ရှိန်မြင့်လိုက်၊ ကျလိုက်၊ ဇာတ်ထွက်ရောက်လိုက်နဲ့ ထိုးဇာတ်တွေ၊ လုပ်ဇာတ်တွေ ခင်းကျင်းလို့ ဇာတ်ကိုတည်ဆောက်ထားလေတော့ လေတွေကများ၊ ပေတွေကများလာတော့ ဇာတ်ကလည်းနာနေ၊ အီနေပါပြီ။ ပရိသတ်ကလည်းနာနေ၊ အီနေပါပြီ။ ပရိသတ်ကလည်း နာနေ၊ အီနေပေမဲ့ ပြီးပါပြီလို့ စာတန်း မထိုးသေးသရွေ့ စိတ်ရှည်သည်းခံလည်ဆန့်ပြီး မျှော်လေတော့ပေါ့။

ဇာတ်က အလယ်လောက်ရောက်ပြီလို့ ဆိုရမလား၊ ပြီးခါနီးပြီလားတော့ မသိဘူးပေါ့။ ၂၀၁၄-၁၅ အပိုင်းကိုတော့ ရောက်လာပါပြီ။ နိုင်ငံရဲ့အရေးကိစ္စ အတော်များများထဲက လတ်တလော အရေးတကြီးဖြေရှင်းရမယ့် ကိစ္စတွေကလည်း များလှပါဘိတော့။ အခြေခံဥပဒေကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စ၊ လယ်ယာသိမ်းကိစ္စ၊ ကျူးတွေနဲ့အိမ်ရာကိစ္စတွေက နိုင်ငံရဲ့ကံကြမ္မာအလှည့်အပြောင်း သေရေးရှင်းရေးကိစ္စတွေပါ။

ခုထိတော့ အခြေခံဥပဒေပြင်ဆင်ဖို့ကို လေသေနတ်နဲ့ ပစ်နေကြတုန်း၊ ငြိမ်းချမ်းရေးအတွက် အပေးအယူတွေလုပ်နေကြတုန်း၊ လယ်သိမ်း၊ ယာသိမ်းကိစ္စတွေကို တုံဏှိဘာဝေဆိတ်ဆိတ်နေကြတုန်း၊ ကျူးတွေအတွက် တစ်ရွာတစ်ကျီဆောက်စေဖို့ ဝန်လေးနေကြတုန်း၊ သမစနစ်ထူထောင်ပြီး ငွေကြေးတွေ ခွဲတမ်းချလို့ကောင်းတုန်း၊ ဆင်းရဲမွဲတေမှုလျှော့ချနေပေမဲ့ မလျော့တဲ့အပြင် တိုးမြဲတိုးတုန်း၊ အရာရာဟာ ဖြစ်နေဆဲ၊ ဖြစ်လတ္တံ့(Still) တွေပေါ့။ မပြီးဆုံးသေးတဲ့သဘောတွေပေါ့။

၂၀၁၅ အတွက် သမ္မတကိုကြိုတင်ပြီး ရုပ်လုံးဖော်ကြည့်တော့ လက်ရှိသမ္မတကြီးက နှလုံးစက်တပ်ထားသူ၊ ဒေါ်အောင်ဆန်းစုကြည်က ကျန်းမာရေးဒေါင်ဒေါင်မြည်ဆိုပေမဲ့ အသက်က စကားပြောနေပါပြီ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ သူရဦးရွှေမန်းတို့လိုတော့ သန်တုန်း မြန်တုန်းကြံ့ခိုင်လို့ကောင်းတုန်းတော့ မဟုတ်ဘူးပေါ့။

တကယ်တော့ ဘယ်သူသမ္မတဖြစ်ဖြစ် တိုင်းပြည်အတွက်အကောင်းဆုံးအလုပ်လုပ်ပေးဖို့ကသာ အရေးကြီးတာပါ။ သမ္မတရာထူးကို ပြည်သူက ရွေးချယ်ပေးတာသာ အသင့်လျော်ဆုံးလို့ ထင်မြင်မိပါတယ်။ ဘာလို့လဲဆိုတော့ သမ္မတရဲ့ကောင်းမွေ ဆိုးမွေကိုပြည်သူကခံစားကြရမှာလေ။ ပြည်သူက သူတို့ကို ဒုက္ခပေးမယ့်သူလား၊ သုခပေးမယ့်သူလားဆိုတာ သူတို့ဘာသာခွဲခြားဆုံးဖြတ်ပါစေပေါ့။ အိုဘားမားနဲ့ ဟီလာရီကလင်တန်တို့လိုပြည်နယ်အသီးသီးမှာ ဂုဏ်သိက္ခာရှိရှိ၊ သတ္တိရှိရှိ ယှဉ်ပြိုင်ဝံ့ကြရင် ဘယ်လောက် ကောင်းလိမ့်မလဲနော်။

ခုတော့ ဥပဒေပြုအာဏာရဲ့ လေးပုံတစ်ပုံကို ကာကွယ်ရေးဦးစီးချုပ်က ခန့်တယ်ဆိုတော့၊ သမ္မတရာထူးက ကာချုပ်ရဲ့သဘောတူညီချက်ပါမှဆိုတော့ ဒီတစ်ချက်နဲ့တင် ကျွန်မတို့တစ်တွေ ဒီမိုကရေစီနဲ့ဝေးတုန်းဆိုတာခံစားနားလည်မိကြပါတယ်။ ခေတ်မီတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ဖော်ဆောင်နေကြပါတယ်လို့ ဘယ်လိုပဲဆိုဆို အဲဒီဒီမိုကရေစီက ရွှေရည်စိမ်မဖြစ်ဖို့တော့ လိုအပ်ပါတယ်။ နယ်ချဲ့တွေပေးတဲ့ ရွှေရည်စိမ်လွတ်လပ်ရေးကိုမလိုချင်လို့ ဗိုလ်ချုပ်က စွန့်လွှတ်စွန့်စားပြီး တကယ့်လွတ်လပ်ရေးအစစ်ကို ရယူပေးထားခဲ့တာပါ။ ကျွန်မတို့ရဲ့မျိုးဆက်တွေကလည်း ဒီမိုကရေစီအစစ်ကိုရဖို့၊ ယူဖို့ အခွင့်အရေးတွေ၊ နည်းလမ်းတွေရှိရမှာပေါ့။ အဖေထက်သားတစ်လကြီးရမယ်ဆိုထားတာကိုး။ လွှတ်တော်မှာ ၇၅ ရာခိုင် နှုန်းကိုကျော်ပြီး ၇၆ ရာခိုင်နှုန်းဖြစ်ဖို့က တပ်မတော်သားကိုယ်စားလှယ်တစ်ယောက်လိုပါတယ်။ အဲဒီကိုယ်စားလှယ်က ဘယ်သူဖြစ်မှာလဲ။ ပြည်ထောင်စုကိုအသက်ပေးလို့၊ ရာထူးစည်းစိမ်ပေးလို့ စွန့်လွှတ်စွန့်စားမယ့်သူ တပ်မတော်သားဗိုလ်ချုပ်လို လူစားမရှိနိုင်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။

လက်ရှိသမ္မတကြီးကတော့ ပြဿနာပေါင်းသောင်းခြောက်ထောင်ကိုဖြေရှင်းနေရလို့လား၊ နိုင်ငံတကာကိုလှည့်ပြီး ချေးငွေရရှိရေး ဆောင်ရွက်နေရလို့လား၊ ဆီးဂိမ်းကိစ္စတွေနဲ့ လုံးပန်းနေခဲ့ရလို့လား၊ အာဆီယံ ဥက္ကဋ္ဌရာထူး

အတွက် ပြင်ဆင်ဆောင်ရွက်နေရလို့လားတော့ မသိပါ။ ကျေးလက်နဲ့မြို့ပြမှာ နွားနို့ဆိုင်တွေရှားပြီး အရက်ဆိုင်တွေပေါများနေတာမသိ။ ရပ်ကွက်တွေထဲမှာ လက်ဖက်ရည်ဆိုင်နဲ့ ဘီယာဆိုင်အရေအတွက်က အချိုးကျတူ မျှနေတာကိုမသိ။ ဖုန်းကတ်တွေမဲပေါက်ပြီး မသုံးရဘဲ ပြန်ရောင်းစားနေရတဲ့ဘဝတွေကိုမသိ။ စားအုန်းဆီ၊ မသန့်တဲ့ဆီတွေနဲ့ အချိုမှုန့်တွေအားပြုစားပြီး ပြည်သူတွေရောဂါထူကြ၊ ပိန်လိန်နေကြတဲ့ အဖြစ်ကိုမသိ။ မျှော်လင့်ချက်မဲ့စွာ ပြောနေကြတဲ့ ပြည်သူတွေရဲ့ တိတ်ဆိတ်သံတွေကိုလည်းမသိ။ … မသိ။ … မသိရှာပါ။

ပြည်သူအများမျှော်လင့်အားကိုးတဲ့ နိုင်ငံရေးအင်အားစုတွေကလည်း နှစ်ခြမ်း၊ သုံးခြမ်းကွဲလို့ ဖဆပလနှစ်ခြမ်းကွဲတာထက် ဆိုးနေကြလေတော့ ဇာတ်လမ်းကပေရှည်နေဦးမှာ မြင်ယောင်ပါသေးတယ်။ ပရိသတ်တွေဖြစ်တဲ့ ပြည်သူတွေခမျာမှာတော့ ငွေရောင်ပိတ်ကားကြီးပေါ်မှာ ပြီးပါပြီလို့ စာတန်းမထိုးသေးသရွေ့ ခါးတွေကိုင်း၊ ဆံပင်ဖြူတွေအပြိုင်းအရိုင်းနဲ့ ယိမ်းကကြရမလိုဖြစ်နေကြဦးတော့မယ်။

ကမ္ဘာမှာ တော်လှန်ရေး အမျိုးအမည်တွေ အမျိုးမျိုးရှိကြပါတယ်။ လိမ္မော်ရောင်တော်လှန်ရေး၊ အစိမ်းရောင်တော်လှန်ရေး၊ အပြာရောင်တော်လှန်ရေး၊ ကြာပန်းတော်လှန်ရေးစသည်ဖြင့်ပေါ့။ ကျွန်မတို့ဆီမှာလည်း ၂၀၀၇ ခုနှစ်တုန်းက ရွှေဝါရောင်တော်လှန်ရေးဖြစ်ခဲ့သေးတယ်။

ကျွန်မကတော့ ကျွန်မတို့နိုင်ငံရဲ့ ဒီမိုကရေစီတော်လှန်ရေးကို ၁၉၈၈ မှသည် မသိသော သက္ကရာဇ်အဆုံးအထိ အဆုံးမသိ တော်လှန်ရေးကို 'ဆံပင်ဖြူ တော်လှန်ရေး' လို့သာ ခေါ်ဝေါ်သမုတ်လိုက်ချင်ပါတော့သည်။

***7 Day , February 2, 2014.***

●●●

## ယုန်ထောင်ကြောင်မိနဲ့ ကြံ့ခိုင်လို့ကောင်းတုန်း

လောကမှာ လူ့သက်တမ်းတစ်ဝက်ကျော်ကျော် နေလာပြီးပြီဆိုတော့ လောကအကြောင်း၊ လူတွေအကြောင်း တတ်သိနားလည်ပြီလို့ ကိုယ့်ကိုယ်ကိုယ် ထင်ထားခဲ့မိတာ မှားတာပါပဲ။ ခုထိကို ကျွန်မရဲ့အထင်တွေနဲ့ အမြင်တွေက ကွဲလွဲနေသေးတာ။

လောကမှာ ကျွန်မနားမလည်နိုင်တဲ့ အဖြစ်အပျက်၊ အကြောင်းအရာတွေက များသားပဲ။ မှတ်မှတ်ရရ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရစဉ်တုန်းက။ NLD က တစ်ပြည်လုံးမှာ တင်းပြည့်ကျပ်ပြည့် အနိုင်ရလိမ့်မယ်ဆိုတာ ကြိုတင်ခန့်မှန်းပြီးသား။ အဖြေထွက်လာတော့လည်း မှန်းချက်နဲ့ကွက်တိပဲဆိုတော့ ပျော်ရတာပေါ့။ အေးဆေးပဲလေ။ ကျွန်မတို့ ဒီမိုကရေစီရတော့မယ်ပေါ့။ ဒီလိုပဲ ရိုးရိုးစင်းစင်းတွေးပြီး ရင်ခုန်မိတာ။ အဲဒီမှာ စသိတာပဲ။ လောကဟာ မြစ်တစ်စင်းလို ကွေ့ကောက်တတ်တယ်ဆိုတာကို။

နောက်တစ်ဖန် ၂၀၁၀ရွေးကောက်ပွဲက တိုင်းပြည်ရွေ့လာပြီ။ အပြောင်းအလဲတွေ စလာပြီဆိုပြီး ကျွန်မတို့ အားတက်ခဲ့ရပါတယ်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို စိုးထိတ်နေတုန်း အဖြေက ပြည်သူတွေ ကျေနပ်၊ စိတ်ချမ်းသာစရာ ကောင်းနေပြန်တော့ ဒီမိုကရေစီနဲ့မဝေးတော့ဘူးလို့ ယုံကြည်မိပြန်ပါတယ်။ သမ္မတသစ်ကလည်း ပြည်တွင်းငြိမ်းချမ်းရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေးစတဲ့ ကော်မတီတွေ၊ အဖွဲ့ငယ်တွေ အများအပြား ဖွဲ့စည်းလာတော့ နှစ် ၅၀ကျော်ကြာခဲ့တဲ့ ပြည်တွင်းစစ်ကြီးချုပ်ငြိမ်းတော့မယ်ပေါ့။ ပြည်သူတွေ မချမ်းသာရင်နေမယ်။ ထမင်းဝဝ၊ ဟင်းဝဝစားရ တော့မယ်ပေါ့ ဆိုပြီး ယုံကြည်ခဲ့မိတယ်။ တစ်ခါမှ မကြားခဲ့ဘူးကြတဲ့ Good govern-

ment, clean governance ဆိုတဲ့ သမ္မတကြီးရဲ့ နှုတ်ထွက်စကားက မင်္ဂလာရှိလိုက်တာဆိုပြီး သမ္မတကြီးကို ကျန်းမာချမ်းသာပါစေ၊ နှလုံးစက်ကလေး မရပ်တန့်ပါစေနဲ့ဆိုပြီး ဆုတောင်းမေတ္တာတွေပို့သကြတာ သမ္မတကြီးလည်း သိရှာမှာပါ။ သမ္မတကြီးရဲ့ အမိန့်နဲ့ မြစ်ဆုံကိစ္စရပ်တာ ဆိုတော့ မြန်မာပြည်သူပြည်သားတွေအတွက် သမ္မတကြီးက ဘုရားပေးတဲ့ ဆုပဲလို့ ခံယူပစ်လိုတော့တာ။

နှစ်ပေါင်းများစွာ အိမ်မက်တောင် မမက်ဝံ့ခဲ့တဲ့ အဖြစ်တွေပါ။ တစ်တိုင်းပြည်လုံးငြိမ်းချမ်းရေးစကားတွေဝေ၊ ငြိမ်းချမ်းရေးအပြုံးတွေ ဝေခဲ့ကြတာ။ လက်နက်ကိုင် တိုင်းရင်းသား ခေါင်းဆောင်တွေနဲ့ ဖက်လဲတကင်းလက် ဆွဲနှုတ်ဆက်ကြ။ နှစ်သစ်ကူးမှာ တူဆုံနွှဲလို့ပျော်မြူးခဲ့ကြတာ မင်္ဂလာရှိနေလိုက်ကြတာ ဘာကြာသေးလို့တုန်း။ ဟော ခုကြည့်။ တိုက်ပွဲတွေပြန်ဖြစ်ကြပြီတဲ့။ တစ်ဖက်က ငြိမ်းချမ်းရေးဆွေးနွေးနေတုန်း တစ်ဖက်က တိုက်ပွဲတွေ ဖြစ်နေတုန်း။ လိုက်လို့မမီလောက်အောင် ကျွန်မနားမလည်နိုင်တော့။ "လက်ရှိအစိုးရအပေါ်မှာ တပ်ရဲ့ဩဇာလွှမ်းမိုးမှုက ရှိတုန်းပဲ" လို့ ဆိုသူကဆို။ "သစ်ပင်စိုက်တဲ့သူက တစ်ဖွဲ့၊ ခုတ်တဲ့သူက တစ်ဖွဲ့ မဖြစ်ဖို့လို" လို့ ပြောသူက ပြော။ ဆရာသိန်းဖေမြင့်တို့ခေတ်က လက်ဝယ်ပိုင်ပိုင် မဆုပ်ကိုင်နိုင်လိုက်ရတဲ့ ငြိမ်းချမ်းရေး ချိုးဖြူငှက်က ကျွန်မတို့ခေတ်မှာလည်း လိုက်မမီနိုင်လောက်အောင် အမြင့်ကို ပျံပြေးသွားပြီလားမသိတော့။

ဆင်းရဲခြင်း ပပျောက်အောင် သမစနစ်ထူထောင်တဲ့ သမ္မတကြီးရဲ့စေတနာက ပြည်သူတွေအတွက် ဝေဝါးနေဆဲ။ အခုထိတော့ ပြည်သူတွေက ပိုနေမြဲကျားနေမြဲ၊ တပ်သားနေမြဲ၊ နေမြဲအဆင့်မှာပဲ ရှိနေကြပါတယ်။ အခုလည်း ၂၀၁၅က နီးလာတော့ အခြေခံဥပဒေပြင်ဆင်ဖို့ ပုဒ်မ ၄၃၆ ကို ပြင်ဆင်ဖို့၊ နေရာအနှံ့မှာ အုန်းအုန်းကျွက်ကျွက် ဖြစ်နေကြချိန်မှာ ကျွန်မတို့အားထားရာ လွှတ်တော်ကြီးကတော့ တုပ်တုပ်မျှမလှုပ်ရေးချ မလှုပ်။ ကျွန်မနားလည် လက်ခံထားတာကတော့ ၂၀၀၈ အခြေခံဥပဒေဆိုတာ အရင်စစ်အစိုးရအဟောင်းက ရေးဆွဲခဲ့တဲ့ဥပဒေ။

အခုဒီမိုကရေစီအစိုးရအသစ်က ဒီမိုကရေစီကျင့်ထုံးနဲ့အညီ အများဆန္ဒအရ၊ အများသဘောတူညီချက်အရ ပြင်ဆင်ရမယ့် ဥပဒေကို ပြင်ဆင်ညှိနှိုင်းပြီး ဆောင်ရွက်သွားရမှာ။ ဒီလိုမှ မဟုတ်ဘဲ ၂၀၀၈ ဥပဒေကို အမြီးလေး

ဖြုတ်၊ ခေါင်းလေးဖြုတ်ပြီး ဒီအတိုင်းပဲ ဆက်သွားမယ်ဆိုရင်တော့ ဘယ်လောက်ပဲ ၂၀၁၅ ကို သွားနေပါတယ်လို့ အော်အော် တိုင်းပြည်ကတော့ ၂၀၀၈ ခုနှစ်ထဲပဲ ပြန်ရောက်နေမှာပဲလို့ လူပြိန်းအတွေးနဲ့ တွေးကြည့်မိပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ ဖွဲ့စည်းပုံဥပဒေစာအုပ်ဆိုတာ တစ်သက်တာ လက်ကိုင်ထားရမယ့် လက်စွဲစာအုပ် မဟုတ်ပါဘူး။ ဒီမိုကရေ စီနိုင်ငံလို့အော်နေပြီး ဒီမိုကရေစီနည်းလမ်းကျကျ အုပ်ချုပ်ဖို့က အစိုးရရဲ့ တာဝန်ဖြစ်ပြီး ဒီမိုကရေစီထုံး နှလုံးမူပြီး လိုက်နာကျင့်ကြံအားထုတ်နေထိုင်ဖို့က ပြည်သူတွေရဲ့ တာဝန်ပါ။

"မိမိကိုယ်ကို နာမည်ကြီးအောင်၊ ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်၊ တိုင်းပြည်ကောင်းအောင်လုပ်တတ်မှ နိုင်ငံရေးဖြစ်" လို့ ဖခင်မိုလ်ချုပ်က ပြောသလိုပါပဲ။ အခုအချိန်မှာ တိုင်းပြည်ကောင်းအောင်လုပ်တတ်တဲ့ နိုင်ငံရေးသမားကောင်းတွေ များများရှိဖို့ လိုအပ်နေပါတယ်။

၂၀၁၄ နှစ်ကုန်ပိုင်းမှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ လက်ရှိ အာဏာရပါတီ၊ ၈၈အဖွဲ့၊ NLD နဲ့တိုင်းရင်းသားပါတီတွေထဲက နိုင်ငံရေးသမားကောင်းတွေ ပေါ်ထွက်လာလိမ့်မယ်လို့ မျှော်လင့်မိရပါတယ်။ လက်ရှိမှာတော့ ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီက ပြင်ဆင်လှုပ်ရှားနေမှုကတော့ အတက်ကြွဆုံးပဲလို့ မြင်မိပါတယ်။ ကြားဖြတ်အတွက် ပြည်ခိုင်ဖြိုးက ကိုယ်စားလှယ်လောင်းများ လျာထားပြီဟု ကြားသိရပါတယ်။ မိမိတို့ပါတီအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်နေရာပြည့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ လက်ရှိပါတီမူဝါဒနှင့်အညီ ပြည်သူများလိုအပ်သော ကိစ္စရပ်များဆောင်ရွက်ပေးသည့် ပါတီလုပ်ငန်းစဉ်များကိုသာ ဆောင်ရွက်နေကြောင်း၊ ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၏ ရှုံးကြွေးကို ပြန်လည်ဆပ်နိုင်ရန် ရန်ကုန်တိုင်းအတွင်းရှိ မဲဆန္ဒနယ်အားလုံးတွင် အနိုင်ရရှိရန် အောင်နိုင်ရေးစီမံချက်မူကြမ်းကို ရေးဆွဲထားပြီဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး အတွင်းရေးမှူး ဦးသာဝင်းက ပြောထားပါတယ်။ အောင်နိုင်ရေးစီမံချက်မူကြမ်းဆိုတာကလည်း ကျွန်မတို့ပြည်သူတွေအတွက် စိတ်ဝင်စားစရာ ကောင်းလှပါတယ်။

တကယ်တော့ ပြည်ခိုင်ဖြိုးပါတီက ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ မဲဆန္ဒနယ် ၄၃ နေရာအနက်၊ နေရာပြည့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တစ်နေရာ အနိုင်ရရှိခဲ့တာပါ။ ဒါပေမဲ့ ဘယ်လောက်ပဲရှုံးရှုံး လျှော့ခက်ချည်းကျန်

အလံမလှဲစတမ်းဆိုတဲ့ စိတ်ဓါတ်နဲ့ ပြည်သူကို အလုပ်အကျွေးပြုချင်ကြတာ၊ ပြည်သူတွေအတွက် အလုပ်လုပ်နေကြတာ၊ ကျွန်မတို့တွေ အသိအမှတ်ပြုကြရမှာပါ။ တော်ရုံတန်ရုံစိတ်ဓါတ်မျိုးနဲ့ မဟုတ်ဘဲ ကြံ့ခိုင်ပြည့်ဝတဲ့ စိတ်ဓါတ်မျိုးမို့သာ အနိုင်အရှုံးကို ရဲရဲဝံ့ဝံ့ အန်တုု၊ ခံနိုင်ရည်စွမ်းအားရှိကြတဲ့ စွမ်းအားရှင်တွေပါ။

အခုလို တိုင်းပြည်ပြုပြင် တည်ဆောက်နေတဲ့အချိန်မှာ နိုင်ငံရေးသမားကောင်းတွေ များများလိုအပ်နေတာဆိုတော့ ကြံ့ခိုင်တဲ့စိတ်ဓါတ်နဲ့ တိုင်းပြည်ကောင်းအောင် လုပ်တတ်တဲ့ နိုင်ငံရေးသမားကောင်းတွေ ပေါ်ထွက်နိုင်ပါစေလို့ပဲ ဆန္ဒပြုရတော့မှာပဲ။

ဒီတစ်ခါရွေးကောက်ပွဲကိုတော့ ကျွန်မ ထင်ကြေးမပေးတော့ပါဘူး။ ထင်လိုက်ရင်လွဲနေတတ်တဲ့ ကိုယ့်အကြောင်းကိုသိနေလို့ပါ။

***7 day, Thursday, May 15, 2014.***

● ● ●

# တံမြက်စည်းလှည်းခြင်း

အခုအချိန်မှာ သူသူငါငါ လူတကာ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ အကြောင်းအရာက 'ရွေးကောက်ပွဲ' ဆိုတာပဲ။ ရွေးကောက်ပွဲကျင်းပဖို့ နှစ်လလောက်သာ လိုတော့တာဆိုတော့ အရပ်ထဲမှာ၊ ဈေးထဲမှာ၊ လက်ဖက်ရည်ဆိုင်တွေမှာ၊ အလုပ်ထဲမှာ ပြောဖြစ်ကြတဲ့ အကြောင်းအရာတွေက ရွေးကောက်ပွဲအကြောင်း။ တစ်ယောက်နဲ့တစ်ယောက် ဆုံမိကြရင် သုံးယောက်၊ လေးယောက် မိတ်ဆွေအပေါင်းအသင်းတွေ စုမိကြရင် အဓိကပြောနေကြတဲ့ အကြောင်းအရာတွေထဲမှာ ရွေးကောက်ပွဲက မပါမဖြစ်။ လေးတန်းကျောင်းသူ တူမလေးကတောင် သူ့အမေကို 'ရွေးကောက်ပွဲဆိုတာ ဘာလုပ်တာလဲ မေမေ' လို့ စိတ်ဝင်တစားနဲ့ မေးနေလေရဲ့။

အဲဒီလို လူထုက အာရုံဝင်စားနေပြီး ရွေးကောက်ပွဲဆိုတာကို လျစ်လျူမရှုကြတာ၊ စိတ်ပါလက်ပါ ရှိနေကြတာ ဝမ်းသာစရာပါ။ 'ဘယ်အစိုးရတက်တက်၊ ကိုယ်လုပ်မှ ကိုယ်စားရတာ' လို့ ယူဆတတ်ကြတဲ့သူတွေနဲ့စာရင် ရွေးကောက်ပွဲက တို့ရဲ့အရေးကိစ္စပဲဆိုပြီး ဆွေးနွေး၊ ငြင်းခုံ၊ ဝေဖန်နေကြတာကိုက တိုင်းပြည်အတွက် အားရှိစရာပါပဲ။

"အခု ရွေးကောက်ပွဲက NLD အပြတ်အသတ် မနိုင်နိုင်တော့ဘူး။ မဲက ပြန့်သွားမှာပဲ"

"ကျွန်တော်ကတော့ မဲထည့်မယ့်သူတွေကို သုံးမျိုးခွဲပြီး မြင်တယ်။ တစ်မျိုးက နီးရာဓားကို ကြောက်လို့ထည့်ရမှာ။ နောက်တစ်မျိုးက ကိုယ့်သဘောနဲ့ကိုယ် ကြိုက်တဲ့သူကိုထည့်မှာ၊ နောက်ဆုံးတစ်မျိုးကတော့ သူများယောင်လို့ အများနဲ့ရောပြီး ယောင်လိုက်မှာ"

"ပါတီကိုလည်း ကြည့်ရမယ်။ လူကိုလည်း ကြည့်ရမယ်။ ပါတီကောင်းပြီး လူမကောင်းပြန်ရင်လည်း မဖြစ်ဘူး"

"လူမကောင်းတာ ပြင်လို့ရတယ်။ မူကောင်းဖို့ လိုတယ်။ လူက ဘယ်လောက်ကောင်းကောင်း သူ့အပေါ် မိုးနေတဲ့အရိပ်က မကောင်းရင် သူလည်း ဘာမှမတတ်နိုင်ဘူး"

"ဒေါ်စုကို လေးစားပေမယ့် မကြိုက်တော့ဘူး။ သူ ဝတ်စားထားတာက မင်းသမီးရှုံးလောက်တယ်။ လူထုခေါင်းဆောင်က လူထုနဲ့ ကွာဟနေတယ်။ ရှိုးတွေ သိပ်ထုတ်နေတော့ လူထုခေါင်းဆောင်နဲ့ မတူတော့ဘူး"

"အရပ်သားအစိုးရ ဖြစ်ဖို့က အရေးကြီးတယ်။ ဒေါ်စုကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် သူ့ပါတီပဲ ထည့်ရမှာပဲ။ ဒေါ်စုက အမြဲတမ်းရှင်သန်နေမှာမှ မဟုတ်တာ။ သူလည်း တစ်နေ့ သေမှာပဲ။ တိုင်းပြည်မှာ ဒီမိုကရေစီအင်အားစုတွေ ဆက်လက်ရှင်သန်နိုင်ဖို့က အဓိက။ ဒီမိုကရေစီသွေးသစ်တွေ စီးဆင်းနိုင်ဖို့က အဓိက"

ဓမ္မစကူးလ်က ဆရာမသုံးယောက်၊ စာကြည့်တိုက်မှူးတစ်ယောက်၊ စာဖတ်သူတစ်ယောက်တို့ အပြန်အလှန် ပြောဆိုနေကြတဲ့ စကားသံတွေပါ။ အဲဒီလို ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အသံပေါင်းစုံတွေက ဘယ်သွားသွား ဘယ်လာလာ ကြားနေရ၊ တွေ့ကြုံနေရတာက နိစ္စဓူဝပါပဲ။

ပြည်သူတွေအချင်းချင်း၊ အပြန်အလှန် အကြိတ်အနယ် ဆွေးနွေးနေကြသလို ပါတီခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်လောင်းတွေလည်း ကိုယ့်ပါတီအတွက် စည်းရုံးရေး ဆင်းနေကြပါပြီ။ အန်တီစုက ပါတီကိုသာကြည့်ပါလို့ ဆိုသလို သမ္မတကြီးကလည်း လူကိုသာကြည့်ပါလို့ ဆိုပြန်တယ်။ တစ်ချိန်တုန်းက ဟီလာရီကလင်တန်နဲ့ အိုဘားမားတို့ အကြိတ်အနယ် မဲဆွယ်စည်းရုံး ဟောပြောနေကြတာကို ပြေးပြီး သတိရမိသေးတော့။

တချို့ ကိုယ်စားလှယ်လောင်းတွေဟာ ပြည်သူတွေကို မဲဆွယ်စည်းရုံးတာ မဟုတ်ပါဘူး ဆိုပြီး ဆန်တွေ၊ ဆီတွေ၊ ထီး၊ ယပ်တောင်တွေ ပေးလို့ မဲဆွယ်ရမယ့် ရက်မဟုတ်သေးတော့ မဲဆွယ်တာတော့ မဟုတ်ဘူးပေါ့။ ပြောလိုက်သေးတယ်။ ကူညီတာပါတဲ့။ ဒါအကြံပဲ ရှိပါသေးတယ်တဲ့။ ဆိုလိုတဲ့သဘောက နောက်ထပ်လာဦးမယ်ဆိုတဲ့ သဘောများလားမသိ။ ပြည်သူကို အကူအညီပေးတာတော့ ဝမ်းသာစရာပါပဲ။ မဲဆွယ်တာ မဟုတ်ဘူး။ ကူညီတာပါဆိုရင် ကိုယ့်မဲဆန္ဒနယ်က လူတွေထက် တကယ် ဒုက္ခ

ရောက်နေတဲ့၊ ပိုပြီး လိုအပ်နေတဲ့ ရေဘေးကျရောက်နေတဲ့ ဒေသက ပြည်သူတွေဆီသွားပြီး လှူဒါန်းပေးကမ်းလိုက်ရင် ပိုပြီးများ ကူညီမှုကုသိုလ်ကထိရောက်မလားပဲ။

ရွေးကောက်ပွဲနဲ့အတူ ယှဉ်တွဲပါလာတတ်တဲ့ မဲဆွယ်စည်းရုံးမှုတွေကလည်း သူ့ခေတ်နဲ့သူ စိတ်ဝင်စားဖို့ ကောင်းပြန်ပါတယ်။ လွတ်လပ်ရေးရပြီး ပထမဦးဆုံး ပါလီမန်ရွေးကောက်ပွဲမှာ ဖဆပလက ပြည်တော်သာစီမံကိန်းဆိုပြီး လူထုကို မဲဆွယ်စည်းရုံးတယ်။ လူတစ်ကိုယ်၊ တိုက်တစ်လုံး၊ ကားတစ်စီးတဲ့။ ရွေးကောက်ပွဲမှာ ဖဆပလက တောင်ပြိုကမ်းပြို အနိုင်ရခဲ့တယ်။

နောက်တစ်ကြိမ် ၁၉၅၈ မှာ ဖဆပလ နှစ်ခြမ်းကွဲပြီး တည်မြဲနဲ့ သန့်ရှင်းမဲဆွယ်စည်းရုံးကြတော့ သန့်ရှင်းရဲ့ မဲဆွယ်စည်းရုံးမှုက 'ပေးတာယူ၊ ကျွေးတာစား' တဲ့။ တစ်တိုင်းပြည်လုံးမှာ မဲအများဆုံးနဲ့ သန့်ရှင်းက အနိုင်ရရှိလိုက်ပြန်ပါရော။

အခုလည်း ပါတီခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်လောင်းတွေ အပြိုင်အဆိုင် မဲဆွယ်စည်းရုံးကြမှာကို ကျွန်မကတော့ ကြိုဆိုတယ်။ ထောက်ခံတယ်။ ကိုယ်စားလှယ်လောင်းတွေ ရေငုံနှုတ်ပိတ်၊ ရုပ်တည်ကြီးတွေနဲ့ နေတာထက်စာရင် စကားတွေများများပြောပြီး စည်းရုံးရေးဆင်းကြတာကို သဘောကျတယ်။ ဒါမှ 'စကားစကား ပြောပါများ စကားထဲက ဇာတိပြ' ဆိုသလို ကိုယ်ရွေးချယ်မယ့် ကိုယ်စားလှယ်လောင်းရဲ့ စိတ်ထားတွေ၊ အရည်အချင်းတွေကို နည်းနည်းပါးပါး တစေ့တစောင်း အကဲခတ်လို့ ရမှာ။ သူတို့တွေ စကားများများ ပြောလေ၊ ကျွန်မတို့ပြည်သူတွေက အခွင့်အရေး ရလေလေပေါ့။

၂၀၁၅ ရွေးကောက်ပွဲမှာ ကျွန်မထည့်မယ့် မဲတစ်ပြားရဲ့ တန်ဖိုးအကြောင်း တွေးနေမိရင်း ဖတ်ခဲ့ဖူးတဲ့ အဲဘရိုက်ဖ်ရဲ့ စာသားလေးကို အမှတ်ရမိပြန်ပါတယ်။ စာသားလေးက 'လူတွေနှင့် ဆက်ဆံရသည့်အခါတိုင်း အမှိုက်ပုံးနှင့် တံမြက်စည်းကို အမြဲကိုင်ဆောင်ထားရပါမည်။ မိမိကိုယ်ကိုယ် အမှိုက်သရိုက်များ၊ အဖျင်းအမှုန်များမှ စင်ကြယ်နေအောင် လုပ်ရပါမည်' တဲ့။

ကျွန်မတို့ကလည်း ကျွန်မတို့နိုင်ငံကို အမှိုက်သရိုက်၊ အဖျင်းအမှုန်တွေ ကင်းစင်အောင် မြူမှုန်ကင်းပြီး သန့်စင်ခံ့ညားနေအောင် လက်ထဲမှာရှိနေတဲ့ မဲတစ်ပြားနဲ့ တံမြက်စည်းလှည်းသလို လှည်းထုတ်ပစ်ရမှာပဲနော်။



# ခွန်းဆင့်သူသူ

အမည်ရင်း-မေစီလွင်၊ ၁၉၆၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ပဲခူးတိုင်း၊ သနပ္ပင်မြို့နယ်၌ အဖ ဦးသက်လွင်၊ အမိ ဒေါ်ခင်ဝင်းတို့မှ မွေးဖွားသည်။ မွေးချင်း (၄) ယောက်တွင် ဒုတိယသမီး ဖြစ်သည်။ ငယ်စဉ်က အင်းစိန်မြို့နယ်၊ အမက(၁၁) တွင် မူလတန်းပညာကိုလည်းကောင်း၊ အလက (၈)တွင် အလယ်တန်းပညာကိုလည်းကောင်း၊ အထက(၂)တွင် တက္ကသိုလ်ဝင်တန်းကိုလည်းကောင်း သင်ကြားခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် လှိုင်နယ်မြေ ဒေသကောလိပ်၊ ၁၉၉၂ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာ-သိပ္ပံ တက္ကသိုလ်မှ ဘီအေ (မြန်မာစာ)ဖြင့် ဘွဲ့ရရှိသည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း စာကြည့်တိုက်ပညာ ဒီပလိုမာ၊ စာကြည့်တိုက်ပညာ မဟာဘွဲ့များ ရရှိသည်။

၂၀၀၅ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့ထုတ် 7 Day Journal တွင် ‘အကောင်းဆုံးလမ်း’ ဆောင်းပါး စတင်ဖော်ပြခံရပြီးနောက် ယနေ့ထိ 7 Day Daily သတင်းစာတွင် ဆောင်းပါးများ ရေးသားရင်း အခြား သတင်းစာ၊ ဂျာနယ်များတွင်လည်း ရေးသားလျက် ရှိသည်။

ဒေါင်းပျံစာပေမှ

**ထုတ်ဝေပြီးစာအုပ်**

| | |
|---|---|
| ၁။ ကိုကိုကြီး | ပြောချင်လို့ ပြောခဲ့တာတွေ (အင်တာဗျူးများ ၁) |
| ၂။ ရဲအောင်မင်း | ဖဆပလ အကွဲအပြဲ ဓာတ်လမ်းစုံ |
| ၃။ သခင်ကိုယ်တောင်မှိုင်းနှင့်… | ဒီးဒုတ်ဦးဘချို (ဒီးဒုတ်ဂျာနယ်၊ ဒီးဒုတ်သတင်းစာ၏ ရပ်တည်မှု) |

**ယခု**

| | |
|---|---|
| ခွန်းဆင့်သူသူ | နေပြည်တော်ကြီး သိပ်ပါလေစ |

**ဆက်လက်ထုတ်ဝေမည့်စာအုပ်**

| | |
|---|---|
| ၁။ လေးကိုတင် | အက္ကောဓနေ ဇိနေကောဓံ (အစမ်းစာ) |